# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ နတ်တော်လပြည့်ကျော် (၆)ရက် ၊ စနေနေ့ ၊ (21-12-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၂၃၅)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်



နေပြည်တော် ဒီဇင်ဘာ ၂၀

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး ဂုဏ်ပြုအမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့် ဇနီး၊

စာမျက်နှာ ၁၆ ကော်လံ ၁ ⚐

### ဂုဏ်ပြုအမှာစကားပြောကြား

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။






ရတနာပုံ
၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်

အယ်ဒီတာ့အာဘော်

# နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် ဂုဏ်ယူဖွယ်သမိုင်းမှတ်တိုင်

နိုင်ငံတော်ကိုအကျိုးပြုမည့် လူ့စွမ်းအားအရင်းအမြစ်များရရှိရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လူမှုရေးဦးတည်ချက်ထဲတွင် တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေးဟူသောအချက်ကို အလေးထားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ယခုအောင်မြင်စွာကျင်းပနိုင်ခဲ့သည့် အမျိုးသားအားကစားပွဲတော်ကြီးသည် နိုင်ငံသားတို့၏ကျန်းမာကြံ့ခိုင်မှု၊ နိုင်ငံတော်၏ဂုဏ်သိက္ခာနှင့် အမျိုးသားတို့၏ မျိုးချစ်စိတ်ဓာတ်ထက်သန်မှု၊ တိုင်းချစ်ပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာများ တည်ငြိမ်အေးချမ်းမှုကို ဖော်ထုတ်ပြသနိုင်ခဲ့သည့် ပွဲတော်ကြီးအဖြစ် ဝမ်းမြောက်ဖွယ်တွေ့မြင်နေရပေသည်။

မြန်မာနိုင်ငံတွင် အမျိုးသားအားကစားပွဲတော်များကို ၁၉၉၂ ခုနှစ်၊ ၁၉၉၄ ခုနှစ်၊ ၁၉၉၇ ခုနှစ်၊ ၂၀၁၅ ခုနှစ်တို့တွင် လေးကြိမ်ကျင်းပနိုင်ခဲ့ပြီး ယခုပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကို ဆယ်နှစ်နီးပါးအကြာတွင် အောင်မြင်စွာပြန်လည်ကျင်းပနိုင်ခဲ့သည်။ ထိုသို့ ကျင်းပနိုင်ခဲ့ခြင်းကြောင့် နိုင်ငံတော်အတွက် စိတ်ဓာတ်စည်းကမ်းကောင်းမွန်ပြီး ကျန်းမာကြံ့ခိုင်သည့် စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံကိုအကျိုးပြုနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးနိုင်ခဲ့ပြီဖြစ်ပါသည်။

ယခုနှစ် အမျိုးသားအားကစားပွဲတော်ကြီးကို ဝန်ကြီးဌာနအဆင့်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်ဟူ၍ ကျင်းပခဲ့သည်။ ဝန်ကြီးဌာနအဆင့်တွင် ကစားနည်းခြောက်မျိုး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်တွင် အားကစားနည်း ၂၃ မျိုးဖြင့် အဆင့်မီမီကျင်းပနိုင်ခဲ့သည်။ ကျင်းပပေးခဲ့သော အားကစားနည်းအားလုံးသည် အားကစားသမားများအတွက် ရုပ်ပိုင်း၊ စိတ်ပိုင်းနှစ်ခုစလုံး ကျန်းမာကြံ့ခိုင်သန်စွမ်းမှုများစွာကိုပေးသော အားကစားနည်းများဖြစ်ကြသည်။

အားကစားပြုလုပ်ကြခြင်းဖြင့် အားကစားမှပေးသော အကျိုးကျေးဇူးများက များပြားလှပါသည်။ ကျန်းမာသန်စွမ်းစေသော ရုပ်ပိုင်းဆိုင်ရာထင်ရှားသည့် အကျိုးတရားများအပြင် မမြင်သာသောစိတ်ပိုင်းဆိုင်ရာ အရည်အသွေးများလည်း ထွက်ပေါ်သက်ရောက်စေသည်။ အားကစားပြိုင်ပွဲများကြောင့် မိမိယှဉ်ပြိုင်ဘက်အပေါ် လေးစားခြင်း၊ အနိုင်ရယူလိုစိတ်ဖြင့် ကြိုးစားလိုစိတ်ရှိခြင်း၊ စည်းကမ်းလိုက်နာနိုင်ခြင်း၊ အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် အပေးအယူမျှမျှတတ ပေါင်းသင်းဆက်ဆံရေးကောင်းလာခြင်း၊ စာနာနားလည်နိုင်ပြီး အသိအမှတ်ပြုတတ်လာခြင်း၊ အကျင့်စာရိတ္တပိုင်းကောင်းမွန်လာခြင်း၊ အရှုံးကိုလက်ခံနိုင်လာခြင်း၊ အနိုင်ရလဒ်အပေါ် မမောက်မာတတ်ခြင်း၊ မိမိ၏အားသာချက်၊ အားနည်းချက်ကို ရှာဖွေစိစစ်ဖော်ထုတ်တတ်ခြင်း စသည့်စိတ်ပိုင်းဆိုင်ရာ ကိုယ်ရည်ကိုယ်သွေးများ တိုးတက်လာမည်ဖြစ်သည်။ ထိုမှ မိသားစုအတွက်သာမက နိုင်ငံတော်အတွက်ပါ အတ္တ ပရ မျှတစိတ်ထားရှိသည့် ကျန်းမာသန်စွမ်းသူ နိုင်ငံသားကောင်းများ မလွဲမသွေဖြစ်လာပေမည်။

ပြည်သူတစ်ရပ်လုံးက မိမိတို့၏ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှား အားကစားတစ်ခုခုကို စိတ်ပါဝင်စားစွာ ပါဝင်ဆောင်ရွက်လာသည်နှင့်အမျှ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်လာမည်ဖြစ်ပါသည်။ ထို့ကြောင့်လည်း အမျိုးသားအားကစားပွဲတော်ကြီးကို နိုင်ငံတော်က အမျိုးသားရေးသဖွယ် အလေးအနက်ထား၍ စဉ်လာမပျက်ကျင်းပခဲ့ခြင်းပင်ဖြစ်ပါသည်။ ယခုကျင်းပပြီးစီးခဲ့သော အမျိုးသားအားကစားပွဲတော်ကြီးသည် နိုင်ငံတော်အဆင့်ဖြစ်သည်နှင့်အညီ ဖွင့်ပွဲ၊ ပိတ်ပွဲမှသည် ပွဲတော်ကာလတစ်ခုလုံး အစ၊ အလယ်၊ အဆုံး ခမ်းနားထည်ဝါစွာ စနစ်တကျ ကျင်းပနိုင်ခဲ့သည်။ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ပြိုင်ပွဲဝင်အားကစားသမားများသာမက တစ်နိုင်ငံလုံးမှ ကြည့်ရှုအားပေးခဲ့ကြသော အားကစားဝါသနာရှင်ပရိသတ်များအတွက်လည်း အမှတ်တရမေ့မရနိုင်သည့် ပွဲတော်တစ်ခုဖြစ်ခဲ့သည်။ တိုင်းရင်းသားပြည်သူများ၏ အပြုသဘောဆောင်သည့်မှတ်ချက်များစွာထွက်ပေါ်ခဲ့သည့် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်ကြီးသည် နိုင်ငံတော်နှင့်နိုင်ငံသားတို့အတွက် သမိုင်းမှတ်တိုင်တစ်ရပ်အဖြစ် ဂုဏ်ယူဝင့်ကြွားစွာ မော်ကွန်းတင်နိုင်ခဲ့ပြီဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားအပ်ပါသည်။

# မန္တလေးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ (၃/၂၀၂၄) အစည်းအဝေးကျင်းပ



**မန္တလေး ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ (၃/၂၀၂၄) အစည်းအဝေးကို ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း(မန္တလေး)၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်)၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း(ပြင်ဦးလွင်ဇုန်)နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ခရီးသွားလုပ်ငန်းသည် သဘာဝအရင်းအမြစ်များကို ထုတ်ယူသုံးစွဲခြင်းမရှိသည့်အတွက် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပြီးဖြစ်ကြောင်း၊ နိုင်ငံအတွင်း ဒေသအတွင်း ခရီးသွားအခြေခံကောင်းများစွာရှိကြောင်း၊ ခေတ်နှင့်အညီပြောင်းလဲလာသည့် ခရီးသွားပုံစံ၊ ခရီးသွားဧည့်သည်များ၏ ကြိုက်နှစ်သက်မှုများကို ထည့်သွင်းစဉ်းစားကာ သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုစရိုက်လက္ခဏာများကို မထိခိုက်စေဘဲ ဒေသခံပြည်သူလူထုကို တိုက်ရိုက်အကျိုးဖြစ်ထွန်းစေသည့် ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ကဏ္ဍအသီးသီးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးက ခရီးသွားဖွံ့ဖြိုးရေးဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီအတွင်းရေးမှူး တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မျိုးလတ်က ခရီးလှည့်လည်ရေးလုပ်ငန်း၊ ဧည့်လမ်းညွှန်လုပ်ငန်း၊ ဒေသဆိုင်ရာ ဧည့်လမ်းညွှန်လုပ်ငန်းများနှင့်ပတ်သက်၍ ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲ၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မျိုးကျော်**

# ဟိုင်းကြီးကျွန်းမြို့တွင် ဆောင်းသီးနှံပဲမျိုးစုံ ၃၄၂၇ ဧက စိုက်ပျိုးမည်

**ငပုတော ဒီဇင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၃၄၂၇ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၃၄၂၇ ဧကကို ယခုနှစ် ဒီဇင်ဘာလ စတုတ္ထပတ်တွင် စတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါပဲမျိုးစုံလျာထား ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန်အတွက် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန စသည့် ဆက်စပ်ဌာနများ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဟိုင်းကြီးကျွန်းမြို့မှာ ပဲမျိုးစုံ ၃၄၂၇ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိပဲသီးနှံတွေလျာထား ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ လိုအပ်တာတွေ ပြင်ဆင်ဆောင်ရွက်ပေးနေပါတယ်။ ပဲသီးနှံတွေ ရိတ်သိမ်းတဲ့အချိန်ထိ လိုအပ်တာတွေ ဆက်လက်ပံ့ပိုးကူညီပေးသွားမှာပါ။ ဆက်စပ်ဌာနတွေကလဲ တောင်သူတွေ စိုက်ပျိုးရေးလုပ်ငန်းတွေကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ လိုအပ်တာတွေကို ကဏ္ဍအလိုက် ကူညီပေးမှာပါ"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ဟိုင်းကြီးကျွန်းမြို့တွင် စိုက်ပျိုးမည့် ပဲမျိုးစုံ ၃၄၂၇ ဧကတွင် ပဲတီစိမ်း ၄၈၁ ဧက၊ မတ်ပဲ ၁၀၆၆ ဧက၊ ဗိုလ်ကိတ်ပဲ ဧက ၁၈၈၀ ဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးမည့် ပဲသီးနှံများ ဖျက်ပိုးမကျရောက်စေရန်နှင့် အထွက်နှုန်းကောင်းမွန်စေရေး တောင်သူအသိပညာပေးလုပ်ငန်းများကို တောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၆၈၄၄ ဧက စိုက်ပျိုးပြီးစီး

**မုံရွာ ဒီဇင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၆၈၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၁၄၄၆၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၆၈၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ မြေပဲဧက ၁၄၄၆၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၆၈၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကလျှင် မျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခနှင့် မြေဩဇာ၊ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ် နှစ်သိန်းကျော်ကုန်ကျကြောင်း၊ မြေပဲတစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

အရာတော်မြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကင်းထောက်မှတ်တမ်းယူခြင်းကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၈၉၃၀၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သာစည်မြို့နယ် ထနောင်းကန်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**သာစည် ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထနောင်းကန်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ထနောင်းကန်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ထနောင်းကန်ကျေးရွာ၌ အရှည်ပေ ၆၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် နိုင်ငံတော်ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၅၇၅၀၀၀၀ အသုံးပြု၍ အဆိုပါဦးစီးဌာနမှ နည်းပညာကူညီမှုဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီများက ဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာ သားများ ကိုယ်တိုင် ယခုနှစ် ဇူလိုင်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ဖီးကြမ်းငှက်ပျောသီး အဖီးရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းနိုင်ခဲ့



**ကျိုက်လတ် ဒီဇင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ဖီးကြမ်းငှက်ပျောသီး အဖီးရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ငှက်ပျောသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ဖီးကြမ်းငှက်ပျောသီးအဖီးရေ ၃၅၀၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလ ၁ ရက်မှ ၃၀ ရက်ထိ ဖီးကြမ်းငှက်ပျောသီး အဖီးရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"နိုဝင်ဘာလအတွင်း ငှက်ပျောသီးအစုံ ရန်ကုန်ဈေးကွက်ကို တင်ပို့မှုများပြားခဲ့ပါတယ်။ ဒေသထွက် ငှက်ပျောသီးတွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချတာ ဖြစ်ပါတယ်။ ပြည်တွင်းဈေးကွက်မှာကို ငှက်ပျောသီးတွေက ဝယ်ယူမှုများပြားနေတဲ့ အခြေအနေမှာ ရှိပါတယ်။ ရန်ကုန်ဈေးကွက်ထဲ တင်ပို့ရောင်းချခဲ့တဲ့ ငှက်ပျောသီးတွေက ဖီးကြမ်း၊ ရခိုင်၊ သီးမွှေး၊ ဆင်စွယ် စတဲ့ ငှက်ပျောအမျိုးအစားတွေ အများဆုံး တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်" ဟု ကျိုက်လတ်မြို့နယ်ရှိ ငှက်ပျောသီး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ငှက်ပျောသီး ဈေးနှုန်းများမှာ ဖီးကြမ်းအဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၃၅၀၀၀၊ ရခိုင်ငှက်ပျောသီး အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၉၈၀၀၀၊ သီးမွှေးငှက်ပျော အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၆၅၀၀၀ နှင့်ဆင်စွယ်ငှက်ပျောအဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀ ထိ ပေါက်ဈေးရှိခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ရမည်းသင်းမြို့နယ် ထီးလှိုင်-ရွှေဂူကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ရမည်းသင်း ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထီးလှိုင်-ရွှေဂူကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်မျိုးလွင်၊ ရမည်းသင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးပြည့်စုံဦး၊ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဆန်းနှင့် တာဝန်ရှိသူများက ထီးလှိုင်-ရွှေဂူကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထီးလှိုင်-ရွှေဂူကျေးရွာ ကုန်ထုတ်လမ်း အရှည်တစ်မိုင် ၄ ဒသမ ၅၇၉ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ၁ ပေ ၉လက်မ ချင်းမြေကျောက်ခင်းခြင်း လုပ်ငန်းနှင့် အလျား ပေ ၂၀၊ အနံ လေးပေ၊ အမြင့် လေးပေရှိ Slab Culvert တံတားသုံးစင်း တည်ဆောက်ခြင်းလုပ်ငန်းကို နိုင်ငံတော် ပံ့ပိုးရန်ပုံငွေကျပ် ၃၈ ဒသမ ၀၁၃ သန်းဖြင့် အဆိုပါဦးစီးဌာနမှ ဒီဇင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၁၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အောင်ရဲကျော်**

# ကျောက်ဆည်မြို့နယ် ပနန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျောက်ဆည် ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပနန်ကျေးရွာ၌ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးထွန်းထွန်းဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ရန်ပုံငွေကျပ် ၄၃၁ ဒသမ ၂ သိန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆဋ္ဌမအကြိမ်အဖြစ် ပနန်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်မည့် စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၇၃ ဦးကို ရန်ပုံငွေကျပ် ၄၃၁ ဒသမ ၂ သိန်းအား မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နီလာ**

# မော်လိုက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၆၂၃၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**မော်လိုက် ဒီဇင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၆၂၃၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်မြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၈၉၆၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ၆၂၃၄ဧကထိရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၄ ဒသမ ၁၉ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မော်လိုက်မြို့နယ်မှာ စပါးဧက ၁၈၉၆၀ ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့စပါးစိုက်ခင်းတွေ လက်ရှိအချိန်မှာတော့ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၆၂၃၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မော်လိုက်မြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီး စပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်ထံမှ သိရသည်။

(၂၀၆)



# ဗာဒံစေ့၏ကျန်းမာရေးအကျိုးကျေးဇူးများ အပိုင်း(၂)

ဒေါက်တာလပြည့်ခင်

ဗာဒံစေ့၏ ကျန်းမာရေးဆိုင်ရာအကျိုးကျေးဇူးများကိုသိရှိနိုင်စေရန် ဆက်လက်ဖော်ပြသွားမည်ဖြစ်သည်။ ဗာဒံပင်မှကြွေကျလာသည့် ဗာဒံအသီးများကိုကောက်ယူပြီး ခဲလုံးလေးများနှင့်ထုခွဲ၍ အထဲကအစေ့လေးကို စားခဲ့ဖူးသူတချို့ရှိကြမည်ထင်သည်။ ကျန်းမာရေးအတွက် အကျိုးရှိသည်မရှိသည်ကို မသိခဲ့သော်လည်း စား၍ကောင်းသည်ဟုသိခဲ့ကြမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဗာဒံစေ့နှင့် ဗာဒံစေ့အဆီစားသုံးမှုနည်းသေးသော်လည်း နိုင်ငံတကာတွင် ဗာဒံစေ့နှင့် ဗာဒံစေ့အဆီကို တန်ဖိုးထားစားသုံးနေကြပြီဖြစ်သည်။ ဗာဒံစေ့ ၂၈ ဂရမ်တွင် အမျှင်ဓာတ် (Fiber) ၃ ဒသမ ၅ ဂရမ်၊ အသားဓာတ် (Protein) ခြောက်ဂရမ်၊ အဆီ(Fat) ၁၄ ဂရမ်၊ ဗီတာမင်အီး(Vit E) ၃၇ ရာခိုင်နှုန်း၊ မဂ္ဂနီးစ်(Mn) ၃၂ ရာခိုင်နှုန်း၊ မဂ္ဂနီစီယမ်(Mg) ၂၀ ရာခိုင်နှုန်းပါဝင်သည့်အပြင် ဗီတာမင်ဘီ(၂) (Vit B2)၊ ကော့ပါး (Cu) နှင့် ဖော့စဖရပ် (P)ဓာတ်များလည်း အနည်းငယ်စီ ပါဝင်ပါသည်။

**စိတ်ဖိစီးမှုလျော့ကျစေသောဗာဒံစေ့**

ဗာဒံစေ့တွင် ခန္ဓာကိုယ်အတွက် လိုအပ်သောအာဟာရပြည့်ဝစွာပါဝင်နေသဖြင့် လိုအပ်သည့်ဗီတာမင်နှင့် သတ္တုဓာတ်များကို ပြည့်ဝအောင်စားသုံးခြင်းဖြင့် စိတ်ဖိစီးမှု၊ စိုးရိမ်ပူပန်မှုများကိုလျော့ကျစေကာ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကိုကောင်းစေနိုင်သကဲ့သို့ သွေးပေါင်ချိန်ကိုအကောင်းဆုံးထိန်းညှိပေးနိုင်ပြီး ကျန်းမာပျော်ရွှင်သည့်ဘဝကိုပိုင်ဆိုင်နိုင်စေနိုင်သည်။ ဗာဒံစေ့သည် အသားအရေကို ပြန်လည်နုပျိုစေပြီး မှတ်ဉာဏ်စွမ်းအားများလည်း ကောင်းစေသောကြောင့် အမျိုးသား၊ အမျိုးသမီး အရွယ်သုံးပါးမရွေး စားသုံးသင့်ကြောင်းကိုလည်း အမေရိကန်စိုက်ပျိုးရေးဌာနက အကြံပြုထားသည်။ ဗာဒံစေ့စားသုံးနိုင်သည့်ပမာဏအနေဖြင့် တစ်ကြိမ်စားလျှင် လေးစေ့မှ ငါးစေ့စားနိုင်ပြီး တစ်ရက်လျှင် နှစ်ကြိမ်ခန့်စားနိုင်သည်။

**အရွယ်တင်နုပျိုစေသောဗာဒံစေ့**

ဗာဒံစေ့စားခြင်းအားဖြင့် အူသိမ်၊ အူမများနှင့် အတွင်းပိုင်းအကျဆုံးရှိ အူများအားလုံးကိုသန့်စင်စေသည်။ ဗာဒံစေ့ကို ပုံမှန်စားပေးခြင်းဖြင့် အစာအိမ်ထဲရှိ အကျိုးပြုဗက်တီးရီးယားများကို လှုံ့ဆော်ပေးသောကြောင့် အစာခြေဖျက်မှုကိုအားပေးကာ ဝမ်းပုပ်များသက်စေပြီး အစာခြေအင်္ဂါအဖွဲ့အစည်းကိုလည်း သန့်စင်စေကာ အသားအရေကိုကောင်းစေသည်။ လူတစ်ဦး၏အသားအရေသည် စားသုံးလိုက်သော အစာခြေအင်္ဂါအဖွဲ့အစည်း၏ အလုပ်လုပ်နိုင်စွမ်းအားနှင့် တိုက်ရိုက်အချိုးကျနေသည်။ အစာခြေ အင်္ဂါများ အားနည်းလာသည့်အခါတွင် ဝမ်းချုပ်ခြင်း ကိုဖြစ်စေပြီး၊ ဝက်ခြံ၊ ဝက်ခြံခြောက်များဖြစ်ပေါ်လာစေသည်။ ဝက်ခြံ၊ ဝက်ခြံခြောက်၊ ဆားဝက်ခြံအမျိုးမျိုးနှင့် မျက်နှာပေါ်ရှိ အမည်းစက်များ၊ အမာရွတ်များအတွက် ဆရာဝန်တိုင်းက အသားအရေကောင်းစေရန် ဗီတာမင်အီးဆေးတောင့်များ တိုက်ကျွေးလေ့ရှိသည်။ ထိုဗီတာမင်အီးဆေးတောင့်နှင့် ဗီတာမင်အီးဓာတ်ပါသော ဆေးအားလုံးသည် Alpha-Tocopherol ဓာတ်ပစ္စည်းနှင့်ဖော်စပ်ထားခြင်းကြောင့် အသားအရေကိုကြည်လင်ဝင်းမွတ် တောက်ပလာစေသည်။ ဗီတာမင်အီးကြွယ်ဝရာ အရင်းအမြစ်ဖြစ်သော ဗာဒံစေ့သည် ဝက်ခြံပေါက်သူတွေသာမက အရေပြားရောဂါရှိသူများလည်း မဖြစ်မနေစားသင့်သောအစာတစ်ခုဖြစ်သည်။ အလှအပကြိုက်သူတိုင်းအားကိုးထိုက်သော အရွယ်တင်နုပျိုဆေးသဖွယ်ဖြစ်သည်။

**အသားအရေကိုလှပစေသောဗာဒံစေ့**

ဗာဒံစေ့ကို မှန်မှန်စားသည့်အပြင် ဗာဒံစေ့အဆီနှင့် မျက်နှာကို အသာအယာနှိပ်နယ်ပေးခြင်းဖြင့် အရွယ်မတိုင်မီ မျက်နှာအရေးအကြောင်းများမဖြစ်စေနိုင်ဘဲ အသားအရေကို ပိုညက်ညောစေနိုင်သည်။ မျက်ကွင်းညိုသူများ မျက်လုံးအောက်တစ်ဝိုက် ဗာဒံစေ့အဆီ မှန်မှန်လိမ်းပေးခြင်းဖြင့် မျက်ကွင်းညိုများ ရက်အနည်းငယ်အတွင်း လျော့ပါးစေသည်။ International Journal of Obesity အဖွဲ့၏ ၂၀၀၃ ခုနှစ်လေ့လာချက်အရ ဗာဒံစေ့ကို ခြောက်လထိ စားသုံးသည့်အမျိုးသမီးနှင့် ဗာဒံစေ့လုံးဝမစားသည့် အမျိုးသမီးများ၏ BMI များကို နှိုင်းယှဉ်ကြည့်လိုက်သောအခါ ဗာဒံစေ့စားသုံးသူအမျိုးသမီးများ ကိုယ်အလေးချိန်၊ ဝိတ်ကျသွားခြင်းကို ဖော်ပြထားသည်။ ဗာဒံစေ့သည် ဝဖြိုးခြင်းကိုတားဆီးပေးသည်။



**ကင်ဆာအကျိတ်ကိုချေဖျက်ပေးနိုင်သောဗာဒံစေ့**

အမျိုးသမီးတော်တော်များများတွင် ခံစားနေရသော ရင်သားကင်ဆာဖြစ်ပွားမှုမရှိစေရန်အတွက် ဗာဒံစေ့စားသုံး၍ ကာကွယ်နိုင်ပါသည်။ ဓာတ်တိုးဆန့်ကျင်အာနိသင်(Anti-oxidant) ကြွယ်ဝသော ဗာဒံစေ့သည် ကင်ဆာရောဂါအမျိုးမျိုးမဖြစ်ပွားနိုင်အောင် အထိရောက်ဆုံးကာကွယ်ပေးနိုင်သည်။ ဗာဒံစေ့တွင် ပါဝင်သောဓာတ်များသည် ကင်ဆာရောဂါဖြစ်ပွားခြင်းကိုလျော့ကျစေပြီး အူမကြီးကင်ဆာ၊ ရင်သားကင်ဆာနှင့် ဆီးကျိတ်ကင်ဆာဖြစ်ပွားမှုများကို အဓိကလျော့ကျစေနိုင်သည်ဟု လေ့လာချက်များအရ သိရှိရသည်။ ဗာဒံစေ့ကို ပုံမှန်စားသုံးပေးခြင်းဖြင့် အူမကြီးတစ်လျှောက် အစာလှုပ်ရှားမှုကို အားကောင်းစေပြီး အူမကြီးကင်ဆာဖြစ်ခြင်းနှင့် ကင်ဆာဖြစ်ပွားခြင်းတို့ကို ကာကွယ်ပေးနိုင်သည်။ ဗာဒံစေ့တွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းပါဝင်သည့်အတွက် ပုံမှန်စားသုံးခြင်းဖြင့် ရင်သားကင်ဆာဖြစ်နိုင်ခြေကိုလျော့ချပေးသည်။

**နာလန်ထလူမမာများစားသင့်သောဗာဒံစေ့**

အာဟာရပိုမိုရစေရန်နှင့် အစာကြေညက်စေရန် ဗာဒံစေ့အဆန်ကို ဟင်းခတ်အမွှေးအကြိုင်များဖြစ်သည့် ဂျုတ်ကောင်း၊ နနွင်း၊ ဖာလာတို့နှင့် တွဲဖက်စားသုံးလေ့ရှိသည်။ နွေရာသီနှင့် ပူအိုက်သည့်အခြေအနေများတွင် ဗာဒံသီးစားပါက အပေါ်ခွံပါးကိုဖယ်ရှားပြီး စားရန်လိုသည်။ သို့မဟုတ်ပါက ကိုယ်ခန္ဓာအတွင်း အလွန်ပူလာနိုင်သည်။ ဗာဒံသီးအစေ့သည် ဖွံ့ဖြိုးစအရွယ်ကလေးများအတွက် အားဆေးတစ်မျိုးဖြစ်စေသည်။ ဗာဒံသီးအစေ့ဆန်သုံးခုမှ ခြောက်ခုကို ရေစိမ်ပြီး အခွံပါးကိုနွှာ၍ ကြိတ်ပြီး နို့နှင့်ပျားရည်တစ်ဇွန်းထည့်ပြီး ကလေးငယ်များကို တစ်နေ့နှစ်ကြိမ် နှစ်လဆက်တိုက်ကျွေးပါက အလွန်ထွားပြီး အရိုးမာသည့်ကလေးဖြစ်လာသည်။ အပျိုဖော်ဝင်နောက်ကျသောမိန်းမငယ်များအတွက် အထူးသင့်လျော်သည်။ ဗာဒံစေ့အမှုန့်၊ ကြက်ဥအနှစ်၊ ချင်းဂျယ်လီမှုန့်၊ ပျားရည်တစ်ဇွန်းနှင့် နို့ဖြင့်သောက်သုံးပါက ထိုမိန်းမငယ်တို့အတွက် သင့်လျော်သည်။ အထွေအထွေအားနည်းခြင်းနှင့် နာလန်ထလူမမာများအတွက် အကောင်းဆုံးအစားအစာဖြစ်သည်။

**အားနည်းသူကိုအားကောင်းစေသောဗာဒံစေ့**

ဗာဒံစေ့အဆန် ၁၂ ဆန် မှ ၁၅ ဆန်ကို ရေနွေးဖြင့်စိမ်ပြီး အခွံပါးကိုဖယ်၍ ညက်အောင်ကြိတ်ကာ နို့ဖြင့်ရောပြီးနောက် ငှက်ပျောသီးအမှည့်တစ်လုံးကို ခြေထည့်ပြီးအဖတ်များကို အဝတ်ပါးနှင့်စစ်၍ ပျားရည် လေးဇွန်းထည့်ကာ တစ်နေ့နှစ်ကြိမ်ခန့်စားသုံးခြင်းဖြင့် အားနည်းရောဂါကို ပျောက်ကင်းသက်သာစေသည်။ ထို့ကြောင့် ဗာဒံစေ့သည် အားနည်းသောသူများနှင့် နလန်ထစလူနာများအတွက် အထူးကောင်းမွန်သည့်ဖြည့်စွက်စာတစ်မျိုးဖြစ်သည်။ ဆံပင်ကျွတ်သူများအနေဖြင့် ဗာဒံဆီကိုလိမ်းပေးနိုင်သည်။ သွေးထဲရှိ ကိုလက်စထရောပမာဏကိုချပေးသောကြောင့် နှလုံးကျန်းမာလာစေပြီး မှတ်ဉာဏ်နှင့် ကိုယ်ခံစွမ်းအားများ တိုးပွားစေသည်။ အယ်လ်ဇိုင်းမား ခေါ် ဦးနှောက်ဇရာကြိုရောဂါသက်သာဆေးများ၊ ကိုယ်ခံစွမ်းအားကောင်းဆေးနှင့်မှတ်ဉာဏ်ကောင်းဆေးများကို ရီဘိုဖလာဗင် (Ribiflavin)၊ မဂ္ဂနီစီယမ် (Mg) ဓာတ်များနှင့်ဖော်စပ်ထားခြင်းဖြစ်သည်။ ထိုဓာတ်များအလုံအလောက်ပါသော ဗာဒံစေ့ကိုစားပေးခြင်းဖြင့် တစ်နေကုန်လန်းဆန်းတက်ကြွနေစေနိုင်သည်။ အယ်လ်ဇိုင်းမားဝေဒနာရှင်များအနေဖြင့် ဗာဒံစေ့ကို ဖြည့်စွက်စာအားဆေးအဖြစ် မဖြစ်မနေစားပေးသင့်သည်။

**ဗာဒံရွက်၏ အကျိုးကျေးဇူးများ**

ဗာဒံရွက်တွင် ပိုးသတ်ဆေးအာနိသင်ပါဝင်သဖြင့် အရွက်သတ္တုရည်ကို ထိခိုက်ဒဏ်ရာများအတွက် လိမ်းဆေးအဖြစ် အသုံးပြုနိုင်သလို ဓာတ်မတည့်မှုကြောင့် အရေပြားယားယံခြင်း၊ အရေပြားနီမြန်းခြင်း၊ နာကျင်ခြင်းနှင့် ရောင်ရမ်းခြင်းများဖြစ်လျှင်လည်း အရွက်သတ္တုရည်ကို လိမ်းပေးခြင်းဖြင့်သက်သာစေသည်။ သွေးအားနည်းခြင်းအတွက် ဗာဒံရွက်သတ္တုရည် ဟင်းစားဇွန်းတစ်ဇွန်းကို တစ်နေ့လျှင် နှစ်ကြိမ်မှ သုံးကြိမ်ထိ သောက်ပေးနိုင်သည်။ အသည်းရောင်ခြင်းနှင့် အသည်းဆိုင်ရာရောဂါများအတွက် ဗာဒံရွက်ပြုတ်ရည် တစ်ကြိမ်သောက်လျှင် ရေနွေးကြမ်းတစ်ခွက်ကို တစ်ရက်လျှင် နှစ်ကြိမ်မှ သုံးကြိမ်ထိသောက်ပေးနိုင်သည်။ ဝမ်းကိုက်ရောဂါရှိသူများအတွက် အခေါက်ပြုတ်ရည်တစ်ခါသောက်လျှင် ရေနွေးကြမ်းတစ်ခွက်ကို တစ်ရက်လျှင် နှစ်ကြိမ်မှ သုံးကြိမ်ထိ သောက်ပေးနိုင်သည်။ မျက်စိနာခြင်းအတွက် ဗာဒံရွက်သတ္တုရည်ကို မျက်စဉ်းခတ်ပေးနိုင်သည်။ သွားနှင့်ခံတွင်းရောဂါများတွင် ဗာဒံအခေါက်ပြုတ်ရည်ကို ငုံဆေးအဖြစ်နှင့် မိန်းမကိုယ်ပိုးဝင်ခြင်းအတွက် အခေါက်ပြုတ်ရည်ကို ဖန်ဆေးအဖြစ် အသုံးပြုနိုင်ကြောင်း သိရှိရသည်။

**နိုင်ငံတကာတွင် အသုံးပြုသော ဗာဒံစေ့သုံးစွဲမှုပုံစံအမျိုးမျိုး**

ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာရှိသောဗာဒံစေ့ကို ဂရိနိုင်ငံ၏မင်္ဂလာဆောင်ပွဲများတွင် "Wedding Sweets" အဖြစ် အထူးတလည် ဧည့်ခံကြသည်။ အီရန်နိုင်ငံတွင် New Year ပါတီပွဲကဲ့သို့ ထူးထူးခြားခြား နှစ်ပတ်လည် ဧည့်ခံပွဲများတွင် ပင်လယ်မှဆားဖြင့် အငန်ဖောက်ထားသည့် ဗာဒံစေ့လှော်နှင့် ဧည့်ခံလေ့ရှိသည်။ အရှေ့အလယ်ပိုင်းနှင့် အနောက်နိုင်ငံတချို့၏မင်္ဂလာပွဲနှင့် အခမ်းအနားများတွင် ဗာဒံစေ့ကို ဆားနှင့်လှော်ပြီးဧည့်ခံခြင်း၊ ဗာဒံစေ့အမှုန့်ကို နွားနို့နှင့် ရောသောက်ခြင်းများအပြင် ရိုးရာဟင်းလျာများထဲတွင်ပါ ချက်ပြုတ်စားသောက်ကြသည်ဟုလည်း သိရှိရသည်။ မိုရိုကိုနိုင်ငံ၏ အရေးကြီးအခမ်းအနားများတွင် ဗာဒံစေ့မှုန့်ရောထားသောနွားနို့ မရှိမဖြစ်ပါဝင်သည်။ Pasanda-style ခေါ် အိန္ဒိယရိုးရာဟင်းလျာတွင်လည်း ဗာဒံစေ့ကို ဟင်းခတ်အမယ်အဖြစ် ထည့်ချက်ပေးကြသည်။ ဗာဒံစေ့သည် အေးမြစေသော အစွမ်းသတ္တိရှိနိုင်ကြောင့်လည်း ပူပြင်းခြောက်သွေ့သည့် ပါကစ္စတန်နိုင်ငံ၏ နွေရာသီများတွင် ဗာဒံစေ့နှင့် ဖော်စပ်ထားသည့် Almond Sherbet ဖျော်ရည်ကို Summer Drink အဖြစ် အထူးတလည် သောက်သုံးကြကြောင်း သိရသည်။

အချုပ်အားဖြင့် ဗာဒံစေ့သည် ဗီတာမင်အီးကြွယ်ဝသည့် အရင်းအမြစ်တစ်ခုဖြစ်သောကြောင့် ဝက်ခြံပေါက်သူများသာမက အရေပြားရောဂါရှိသူများလည်း မဖြစ်မနေစားသင့်ပါသည်။ ဗီတာမင်အီးသည် အသားအရေတစ်ခုတည်းအတွက်သာမက နှလုံးရောဂါ၊ ကင်ဆာရောဂါနှင့် အယ်လ်ဇိုင်းမား (အသိစိတ်ချို့ယွင်းခြင်း) တို့ကဲ့သို့ ရောဂါများဖြစ်ပွားနိုင်ခြေကိုပါ လျော့နည်းစေသည်။ မဂ္ဂနီစီယမ်ဓာတ်များ ပါဝင်နေခြင်းမှာလည်း ခန္ဓာကိုယ်၏သွေးဖိအားကျဆင်းရန်အတွက် အထောက်အကူပြုသည်။ ခန္ဓာကိုယ်တွင် သွေးဖိအားတက်နေမည်ဆိုလျှင် နှလုံး၊ လေဖြတ်ခြင်းနှင့် ကျောက်ကပ်ကို ထိခိုက်နိုင်သောကြောင့် မဂ္ဂနီစီယမ်ဓာတ်ရရှိမည်ဆိုပါက သွေးဖိအားကျဆင်းရန်အတွက် များစွာကူညီနိုင်မည်ဖြစ်သည်။

ဗာဒံစေ့ထဲတွင်ပါသည့် အမျှင်ဓာတ်များက ခန္ဓာကိုယ်က အစားအစာများတွင်ပါလာသည့် ပြင်ပအဆီများ စုပ်ယူခြင်းကို ပိတ်ပင်ဟန့်တားပေးသည်။ ထို့ပြင် ဗာဒံစေ့ထဲတွင်ဗီတာမင်အီး၊ ပြည့်ဝဆီများ၊ မဂ္ဂနီစီယမ်နှင့် ခန္ဓာကိုယ်အကျိုးပြုဓာတ်တိုးဆန့်ကျင်ပစ္စည်းများ လုံလောက်စွာပါဝင်နေသောကြောင့် နှလုံးသွေးလည်ပတ်စီးဆင်းမှုအားကောင်းစေသည်။

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## သာပေါင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၇၀၂၉ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ပုသိမ် ဒီဇင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောစပါး ၇၀၂၉ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

သာပေါင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စပါး ဖ၈၂၉၇ ဧကထိ စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါစပါးခင်းများကို ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် စပါး ၇၀၂၉ ဧကထိ ပြန်လည်ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီမှာ စပါး ဖ၈၂၉၇ ဧက စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ စပါး ၇၀၂၉ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဒေသရာသီဥတုနဲ့ကိုက်ညီပြီး ဈေးကွက်ရှိတဲ့ စပါးအမျိုးအစားတွေကို ရွေးချယ်စိုက်ပျိုးခဲ့ပါတယ်။ ရွှေခရုကြောင့် ပျက်စီးဆုံးရှုံးတာမရှိစေဖို့ ရွှေခရုကာကွယ်နှိမ်နင်းရေး အသိပညာပေး လုပ်ငန်းတွေကို လုပ်ဆောင်ပြီး စိုက်ပျိုးခဲ့ပါတယ်။ အခုနှစ် စပါးတွေ အထွက်နှုန်းကောင်းနေပါတယ်။ မိုးစပါးတွေ လျှာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ စနစ်တကျ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

သာပေါင်းမြို့နယ်တွင်ပြန်လည်ရိတ်သိမ်းခဲ့သည့်စပါးများ တစ်ဧကလျှင် ၉၈ ဒသမ ၅၅ တင်းထိ ထွက်ရှိခဲ့ကြောင်း၊ အဆိုပါ စပါးများကို စိုက်ကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ စပါးများအထွက်နှုန်းတိုးတက်စေရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုး၊ အကာအောက် အချိန်မီရောက်ရှိစေရေးနှင့် အရည်အသွေးကောင်းစပါးများကို စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ခရိုင်နှင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက တောင်သူအသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၄ မှအဆက်

ဗာဒံစေ့သည် ကိုယ်ခံစွမ်းအားကိုမြှင့်တင်ပေးခြင်း၊ ရောင်ရမ်းမှုကို ဆန့်ကျင်ခြင်းနှင့် အသည်းအဆိပ်သင့်ခြင်းတို့ကို တားဆီးပေးသောကြောင့် ကျန်းမာရေးအတွက် ကောင်းမွန်သည့် ခေတ်စာတစ်ခုဖြစ်သည်။ ဝါးလိုက်တိုင်း ကြွပ်ကြွပ်ဆိမ့်ဆိမ့်လေးနှင့် အရသာရှိသည့် ဗာဒံစေ့လေးက နာကျင်ရောင်ရမ်းမှုကို သက်သာစေနိုင်သကဲ့သို့ ဗာဒံစေ့တွင် ပါဝင်သည့်အဆီက ဝမ်းဗိုက်ပိုင်းတွင်ဖြစ်သည့် နာကျင်ရောင်ရမ်းမှုကို သက်သာစေနိုင်ပါသည်။

ဗာဒံစေ့မှာ Linoleic အက်စစ်နှင့် Linolenic အက်စစ်ကဲ့သို့ အကျိုးပြု ဖက်တီးအက်စစ်များ ပါဝင်နေသောကြောင့် ခန္ဓာကိုယ်တွင်ဖြစ်သည့် ရောင်ရမ်းမှုများကို သက်သာစေနိုင်သည်။ ဖက်တီးအက်စစ်က သွေးတွင်းက အကျိုးမပြု ကိုလက်စထရောများကို ကျဆင်းစေနိုင်ပြီး ဆံသားနှင့် အသားအရေကို ကျန်းမာစေနိုင်သည်။ ကိုယ်ဝန်ဆောင်ချိန်တွင် မိခင်ရောကလေးပါလိုအပ်သည့် ဖောလစ်အက်စစ်ကိုရရှိစေပြီး ကျန်းမာစေရန်အတွက် ဗာဒံစေ့စားပေးနိုင်သည်။ ဗာဒံစေ့က စိတ်ကျေနပ်မှုရစေပြီး ခဏခဏစားချင်စိတ်မဖြစ်အောင် ကာကွယ်ပေးနိုင်သည်။ အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်မှုက အဆာခံနိုင်စေပြီး အစာခြေစနစ်နှင့် အူမကြီးကို ကျန်းမာစေနိုင်သည်။ ဗာဒံစေ့ကို ပုံမှန်စားသုံးပေးခြင်းဖြင့် ဝမ်းမှန်စေနိုင်ပြီး ကိုယ်အလေးချိန်ကို အကောင်းဆုံး ထိန်းညှိပေးနိုင်မည်ဖြစ်ပြီး ဦးနှောက်စွမ်းဆောင်ရည်ကောင်းစေပါသည်။

ဗာဒံစေ့ကို အတန်အသင့်စားသုံးခြင်းဖြင့် ကျန်းမာရေးအကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သော်လည်း အလွန်အကဲစားသောက်ခြင်းဖြင့် ဝမ်းချုပ်ခြင်း၊ ဗိုက်အောင့်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ အမြင်မှုန်ဝါးခြင်း၊ ဝမ်းလျှောခြင်း၊ ထုံထိုင်းခြင်းတို့ကို ဖြစ်စေနိုင်သည်။ ဓာတ်မတည့်သူများအနေဖြင့် အသက်ရှူရခက်ခြင်း၊ အဖုများထွက်ခြင်း၊ ပျို့အန်ခြင်းတို့ဖြစ်နိုင်သောကြောင့် ဗာဒံစေ့နှင့် ဓာတ်မတည့်သူများအနေဖြင့် ဗာဒံပင်ထွက်ပစ္စည်းများကို ရှောင်ကြဉ်သင့်ပါကြောင်း လေ့လာရေးသားတင်ပြလိုက်ရပါသည်။

## ဒီဇင်ဘာ အားကစားလ ပျော်ပျော်ရွှင်ရွှင် လမ်းလျှောက်ကြ

– နံနက်ခါ လေပြည်ဖြူး
ကြည်နူးဖွယ် အအေးဓာတ်ဖြာ၊
၎က်ကျေးသာ ညံမစဲ
နွဲ့ကြွလူးလာ၊
လမ်းလျှောက်တဲ့ သူသူငါ
ထွက်ကြလာ ဖော်သဟာနဲ့၊
ကိုယ်လက်ကို လှုပ်ကာရှား
အားကစားပါကွဲ့။

– ကျန်းမာကာ လန်းဖြာဖို့
လျှောက်ကြစို့ လမ်းကိုသာ၊
ဒီဇင်ဘာ သည်ကာလ
အားကစားလပါ၊
နှင်းပွင့်တို့ ဝဲဝေ့ဖြာ
လျှောက်ပါလေ လက်လွှဲလို့၊
ကိုယ်ကျန်းမာ စိတ်ချမ်းမြေ့ဖို့
ရွှေ့ကာလှမ်းစို့။

– ကုန်ကျငွေ မလိုဘဲ
ကျင့်လည်းကျင့်ဖို့ မလိုတာ၊
လမ်းလျှောက်တာ ကျန်းမာအကျိုး
နိုးထစေကာ၊
လျှောက်ကြဖို့ ကြိုးကြပါ
ချိန်ခါရယ် နေရာမရွေး၊
ကိုယ်လျှောက်ရင် လျှောက်သလောက်
ကျိုးရောက်မယ်လေး။

– လမ်းလျှောက်တာ လာဘ်တစ်ပါး
မှတ်သားဖို့ ဆိုချင်တာ၊
ထိုအရာက ကျန်းမာရေး
စိတ်အေးဖွယ်ရာ၊
ကိုယ်စိုက်တဲ့ သီးပင်ဟာ
ကိုယ်စားရမှာ အမှန်မို့၊
ထွေကာလီရယ် စဉ်းစားမနေဘဲ
အဖြေရှာမည်ကွယ် အထင်းသားပေမို့
ကြိုးစားလျှောက်စို့။ ။

**ပြေအေးသက်**

# နိုင်ငံတကာ သတင်းများ

## မကာအိုအစိုးရကျမ်းသစ္စာကျိန်ဆိုပွဲသို့ သမ္မတရှီကျင့်ဖျင် တက်ရောက်



ပေကျင်း ဒီဇင်ဘာ ၂၀

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ယနေ့တွင် မကာအိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရအဖွဲ့သစ် ကျမ်းသစ္စာကျိန်ဆိုပွဲသို့တက်ရောက်ခဲ့ကြောင်း သိရသည်။

တရားသူကြီးဟောင်း ဆမ်ဟိုဖိုင်ဦးဆောင်သော မကာအိုအထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရအဖွဲ့သစ် ကျမ်းသစ္စာကျိန်ဆိုပွဲကို ပေါ်တူဂီလက်အောက်မှ တရုတ် အချုပ်အခြာအောက်သို့ မကာအိုပြန်လည်ရောက်ရှိခဲ့မှု ၂၅ နှစ်ပြည့် အထိမ်းအမှတ်နေ့တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။

မကာအိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏စီးပွားရေးကိုလမ်းကြောင်းသစ်များဖြာထွက်ကြရန် မကာအိုအစိုးရသစ်ကျမ်းသစ္စာကျိန်ဆိုပွဲ၌ တရုတ်သမ္မတရှီကျင့်ဖျင်က တိုက်တွန်းခဲ့သည်။

မကာအိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် စီးပွားရေးအရကာဆီနိုလောင်းကစားလုပ်ငန်းကို အမှီပြုထားပြီး ကမ္ဘာ့အကြီးဆုံးလောင်းကစားလုပ်ငန်း နယ်မြေအဖြစ်ရပ်တည်နေသောဒေသဖြစ်သည်။

မကာအို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ပေါ်တူဂီကိုလိုနီနယ်မြေအဖြစ် နှစ်ပေါင်း ၄၀၀ ကျော်ကြာနေခဲ့ရပြီးနောက် ၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၂၀ရက်တွင် တရုတ်ပြည်အချုပ်အခြာအောက် ပြန်လည်ရောက်ရှိခဲ့သည်။

မကာအိုအနေဖြင့် စက်မှုလုပ်ငန်းသစ်များ တည်ထောင်၍ တရုတ်နိုင်ငံ၏အမျိုးသားဖွံ့ဖြိုးရေးမဟာဗျူဟာများနှင့် ချိတ်ဆက်ထားရန် တရုတ်သမ္မတရှီကျင့်ဖျင်က မကာအိုအစိုးရသစ်ကို တိုက်တွန်းခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## အမေရိကန်နှင့် ဒုံးကျည်စနစ်ချင်း စီးချင်းထိုးရန် အသင့်ရှိကြောင်း ရုရှားသမ္မတပူတင် ပြောကြား



မော်စကို ဒီဇင်ဘာ ၂၀

အော်ရက်ရှ်နစ်ခ် အသံထက်မြန်နှုန်းလွန် ဟိုက်ပါဆိုးနစ်တာလတ်ပစ်ဒုံးကျည်၏ စွမ်းရည်ကို လက်တွေ့ပြသရေးအတွက် အမေရိကန်နိုင်ငံနှင့် ဒုံးကျည်စနစ်ချင်း စီးချင်းထိုးရန် အသင့်ရှိကြောင်း ရုရှားသမ္မတပူတင်က ဒီဇင်ဘာ ၁၉ ရက်တွင် ပြောကြားခဲ့သည်။

နှစ်စဉ် ကျင်းပမြဲဖြစ်သော နှစ်ကုန်ကာလသတင်းစာရှင်းလင်းပွဲ၌ ရုရှားသမ္မတပူတင်က အဆိုပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

အော်ရက်ရှ်နစ် ဒုံးကျည်၏ စွမ်းရည်နှင့်ပတ်သက်၍ အနောက်အုပ်စု၏သံသယများကို ချေဖျက်နိုင်ရေးအတွက် အမေရိကန်နိုင်ငံနှင့် ဒုံးကျည်စနစ်ချင်း စီးချင်းထိုးပြရန်လိုကြောင်း ရုရှားသမ္မတပူတင်က သတင်းထောက်များကို ပြောကြားခဲ့သည်။

ဒုံးကျည်စနစ်များ စီးချင်းထိုးပွဲအတွက် အမေရိကန်ဒုံးကျည်စနစ်များဖြင့် အကာအကွယ်ပေးထားမည့်ပစ်မှတ်နေရာတစ်ခုကို နှစ်ဖက်သဘောတူရွေးချယ်ရန်လိုကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

အော်ရက်ရှ်နစ်ခ် ဟိုက်ပါဆိုးနစ် တာလတ်ပစ် ဒုံးကျည်စနစ်သည် မည်သည့်အမေရိကန်လေကြောင်းရန် ကာကွယ်ရေးစနစ်မျိုးကိုမဆို ကျော်လွှားနိုင်ကြောင်း ရုရှားတပ်မတော်၏ အဆိုအရ သိရသည်။

ရုရှားနိုင်ငံသည် ထိပ်ဖူးအများအပြားသယ်ဆောင်နိုင်သည့် အော်ရက်ရှ်နစ်ခ်ဒုံးကျည်ကို ယခုနှစ် နိုဝင်ဘာ ၂၁ ရက်က ယူကရိန်းကို တိုက်ခိုက်ရာတွင် ပထမဆုံးအကြိမ် အသုံးပြုခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

## တရုတ်(တိုင်ပေ)၌ ကုန်လှောင်ရုံမီးလောင်မှု ဖြစ်ပွားခဲ့သောကြောင့် လူ ကိုးဦး သေဆုံး



တိုင်ပေ ဒီဇင်ဘာ ၂၀

တရုတ်(တိုင်ပေ)၌ ဆောက်လုပ်ဆဲ ကုန်လှောင်ရုံအဆောက်အအုံတစ်လုံး မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ လူ ကိုးဦး သေဆုံးခဲ့ရကြောင်း တရုတ်(တိုင်ပေ)မီဒီယာများက ဒီဇင်ဘာ ၁၉ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သော ကုန်လှောင်ရုံအဆောက်အအုံမှာ တရုတ်(တိုင်ပေ)အလယ်ပိုင်း တိုင်ချောင်မြို့၌ တည်ရှိသည်။

အဆောက်အအုံ မီးလောင်မှုဖြစ်ပွားစဉ်အတွင်း သေဆုံးသူကိုးဦးအနက်တစ်ဦးမှာ အဆောက်အအုံတတိယထပ်မှ ခုန်ချမှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်သည်။

ယင်းအဆောက်အအုံအတွင်း ရေမြုပ်ပြွန အများအပြားရှိနေမှုကြောင့်မီးကူးစက်မှုနှုန်းမှာ အလွန်မြန်ဆန်ခဲ့ကြောင်း တိုင်ချောင်မြို့ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် အဆောက်အအုံမီးလောင်မှုဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို တရုတ် (တိုင်ပေ) တာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

ကုန်လှောင်ရုံအဆောက်အအုံ မီးလောင်မှုဖြစ်ပွားနေစဉ်အတွင်း ယင်းအဆောက်အအုံတွင်းမှ လူ ၁၉ ဦးကို ကယ်ဆယ်ရေးသမားများက ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## အာဖဂန်နစ္စတန်နိုင်ငံ အဝေးပြေးလမ်းပေါ်၌ ယာဉ်မတော်တဆမှုနှစ်ရပ်ကြောင့် ဦးရေ ၅၀ သေဆုံး

ကဘူးလ် ဒီဇင်ဘာ ၂၀

အာဖဂန်နစ္စတန်အရှေ့တောင်ပိုင်း အဝေးပြေးလမ်းတစ်ခုပေါ်၌ ယာဉ်မတော်တဆမှု နှစ်ခုဖြစ်ပွားခဲ့ရာစုစုပေါင်းလူဦးရေ၅၀ သေဆုံး၍ ၇၆ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း အာဖဂန်နစ္စတန် တာဝန်ရှိသူများက ဒီဇင်ဘာ ၁၉ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ယာဉ်မတော်တဆမှုနှစ်ခုအနက်တစ်ခုမှာ ဒီဇင်ဘာ ၁၈ ရက် ညပိုင်းတွင် ကဘူးလ်-ကန်ဒါဟာအဝေးပြေးလမ်းပေါ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ခရီးသည်တင်ဘတ်စကားတစ်စီးနှင့် လောင်စာဆီတင်ယာဉ်တစ်စီးတို့ ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။

ကျန်သည့်ယာဉ်မတော်တဆမှုတစ်ခုမှာ အဆိုပါအဝေးလမ်းတစ်နေရာ၌ ဒီဇင်ဘာ ၁၈ ရက်မှာပင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း တာလီဘန်အဖွဲ့ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယာဉ်မတော်တဆမှုများအတွင်း ဒဏ်ရာရရှိသူများကို ဂါဇနီမြို့ရှိ ဆေးရုံများသို့ တင်ပို့ထားပြီး ဒဏ်ရာပြင်းထန်သူများကိုကဘူးလ်မြို့ရှိ ဆေးရုံများသို့ ပို့ဆောင်ခဲ့ကြောင်း အာဖဂန်နစ္စတန်တာဝန်ရှိသူများက သတင်းထုတ်ပြန်ထားသည်။

ယာဉ်မတော်တဆမှု နှစ်ရပ်လုံးသည် ဂါဇနီပြည်နယ်အတွင်းရှိ ကဘူးလ်-ကန်ဒါဟာ အဝေးပြေးလမ်းပေါ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

လမ်းများဆိုးရွားမှုယာဉ်မောင်းများပေါ့ဆမှုတို့ကြောင့် အာဖဂန်နစ္စတန်၌ ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားတတ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

## ယူကရိန်းနိုင်ငံအတွင်းရှိ စစ်ရေးပစ်မှတ်များကို တာဝေးပစ်ဒုံးကျည်များဖြင့် ရုရှားတိုက်ခိုက်

မော်စကို ဒီဇင်ဘာ ၂၀

ယူကရိန်းနိုင်ငံအတွင်းရှိ စစ်ရေးပစ်မှတ်များကို ယနေ့တွင် ပစ်မှတ်ထိမှန်မှုတိကျသည့် တာဝေးပစ်ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အမေရိကန်နှင့် ဗြိတိန်ထုတ် ဒုံးကျည်စနစ်များဖြင့် ရုရှားနယ်မြေများအား ယူကရိန်းနိုင်ငံက တိုက်ခိုက်ခဲ့မှုကို တုံ့ပြန်သည့်အနေဖြင့် ယူကရိန်းစစ်ရေးပစ်မှတ်များအားတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ရုရှား ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယူကရိန်းနိုင်ငံသည် ဒီဇင်ဘာ ၁၈ ရက်တွင် ရုရှားနိုင်ငံတောင်ပိုင်း ရော့စ်စတော့ဗ်ဒေသကို အမေရိကန်နှင့် ဗြိတိန်ထုတ်တာဝေးပစ်ဒုံးကျည်များဖြင့် တိုက်ခိုက်ခဲ့သည်။

ယင်းတိုက်ခိုက်မှုကို တုံ့ပြန်သည့်အနေဖြင့် ရုရှားတပ်များက ယူကရိန်း စစ်ရေးပစ်မှတ်များကို ယနေ့တွင် ပြန်လည်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ တိုက်ခိုက်မှုအတွင်း ရုရှားတပ်များအနေဖြင့် ကီယက်ဗ်မြို့ရှိ ယူကရိန်းထောက်လှမ်းရေးအဖွဲ့ ကွပ်ကဲရေးစခန်းတစ်ခုနှင့် ဒုံးကျည်တည်ဆောက်မှုလုပ်ငန်း ဒီဇိုင်းပုံစံရေးဆွဲရေးဌာနတစ်ခုကို ဖျက်ဆီးနိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးဌာနသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

လက်ရှိအချိန်တွင် ရုရှားတပ်များသည် ယူကရိန်းအရှေ့ပိုင်း စစ်မြေပြင်၌စစ်ရေးအရဆက်လက်အသာစီးရရှိထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## Bepi Colombo အာကာသယာဉ်က ဗုဒ္ဓဟူးဂြိုဟ်ကို ပဉ္စမအကြိမ်မြောက် အနီးကပ်ဖြတ်ကျော်ပျံသန်းစဉ် မြောက်ယဉ်စွန်းတန်းနယ်မြေကို ဓာတ်ပုံများရိုက်ကူးနိုင်ခဲ့



**ပဲရစ် ဒီဇင်ဘာ ၂၀**

ဥရောပ အာကာသအေဂျင်စီ၏ Bepi Colombo အာကာသယာဉ်သည် ဗုဒ္ဓဟူးဂြိုဟ်ကို ပဉ္စမအကြိမ်မြောက် အနီးကပ်ဖြတ်ကျော်ပျံသန်းစဉ် ၎င်းဂြိုဟ်၏ မြောက်ယဉ်စွန်းတန်း နယ်မြေကို ဓာတ်ပုံများ ရိုက်ကူးနိုင်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

Bepi Colombo အာကာသယာဉ်သည် ဗုဒ္ဓဟူးဂြိုဟ်မြောက်ယဉ်စွန်းတန်းနယ်မြေကို MER-TIS အမည်ရှိ ကင်မရာစနစ်ဖြင့် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

Bepi Colombo အာကာသယာဉ်သည် ဒီဇင်ဘာ ၁ ရက်တွင် ဗုဒ္ဓဟူးဂြိုဟ်ကို မိုင်ပေါင်း ၂၃၄၀၀ အကွာမှတစ်ဆင့် ပဉ္စမအကြိမ် ဖြတ်ကျော် ပျံသန်းခဲ့ကြောင်း သိရသည်။

အဆိုပါအာကာသယာဉ်သည် ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဗုဒ္ဓဟူးဂြိုဟ်ပတ်လမ်းအတွင်း ဝင်ရောက်၍ အထိုင်ချလေ့လာမှုများ ပြုလုပ်နိုင်မည်ဖြစ်သည်။

Bepi Colombo အာကာသယာဉ်သည် ၎င်းပတ်လမ်းအတွင်း ဝင်ရောက် အထိုင်ချနိုင်ရေးအတွက် ဒြပ်ဆွဲအားအကူအညီဖြင့် လမ်းကြောင်းပြုပြင်ရန် ကမ္ဘာဂြိုဟ်ကို တစ်ကြိမ်၊ သောကြာဂြိုဟ်ကို နှစ်ကြိမ်နှင့် ဗုဒ္ဓဟူးဂြိုဟ်ကို ခြောက်ကြိမ်ထိ အနီးကပ် ဖြတ်ကျော် ပျံသန်းရမည်ဖြစ်ကြောင်း သိရသည်။

Bepi Colombo အာကာသယာဉ်သည် ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် ဗုဒ္ဓဟူးဂြိုဟ်ကို ဆဋ္ဌမအကြိမ်အဖြစ် အနီးကပ်ဖြတ်ကျော် ပျံသန်းမည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## Space-X ကုမ္ပဏီက ဘလူးဂို့စ်လဆင်းယာဉ်ကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း လွှတ်တင်ပေးမည်

**ဝါရှင်တန် ဒီဇင်ဘာ ၂၀**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် Firefly အာကာသနည်းပညာ ကုမ္ပဏီ၏ ဘလူးဂို့စ်အမည်ရှိ လဆင်းယာဉ်ကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း လွှတ်တင်ပေးမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၉ ရက်သတင်းများအရ သိရသည်။

Space-X ကုမ္ပဏီသည် ဘလူးဂို့စ် လဆင်းယာဉ်ကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ဘလူးဂို့စ် လဆင်းယာဉ်မစ်ရှင်သည် အမေရိကန် အာကာသနည်းပညာကုမ္ပဏီတစ်ခုဖြစ်သည့် Firefly ကုမ္ပဏီအတွက် ပထမဆုံး အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။



Space-X ကုမ္ပဏီတာဝန်ရှိသူများ၏အဆိုအရ ဘလူးဂို့စ်လဆင်းယာဉ်ကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလလယ်ပိုင်းတွင် လွှတ်တင်နိုင်ဖွယ်ရှိကြောင်း သိရသည်။

ဘလူးဂို့စ် လဆင်းယာဉ်သည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ လကမ္ဘာ စူးစမ်းလေ့လာရေးစနစ်များကို သယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

ဘလူးဂို့စ်လဆင်းယာဉ်မစ်ရှင်တစ်ခုလုံး၏သက်တမ်းမှာ ကမ္ဘာမြေရက်အားဖြင့် ရက်ပေါင်း ၆၀ ရှိမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## မဟာအာကာသတွင်းနက်ကြီးတစ်ခုကို ဇဟိုပြုလှည့်ပတ်နေသည့် နှစ်စင်းတွဲကြယ်စနစ်တစ်ခုကို သိပ္ပံပညာရှင်များက ပထမဆုံးအကြိမ် ရှာဖွေတွေ့ရှိ

**ပဲရစ် ဒီဇင်ဘာ ၂၀**

မဟာအာကာသ တွင်းနက်ကြီးတစ်ခုကို ဗဟိုပြုလှည့်ပတ်နေသည့် နှစ်စင်းတွဲကြယ်စနစ်တစ်ခုကို သိပ္ပံပညာရှင်များက ပထမဆုံး အကြိမ်အဖြစ် ရှာဖွေတွေ့ရှိထားကြောင်း ဒီဇင်ဘာ ၁၉ ရက်သတင်းများအရ သိရသည်။

ဒီ-၉ ဟူ၍ အမည်ပေးထားသည့် အဆိုပါ နှစ်စင်းတွဲ ကြယ်စနစ်သည် နဂါးငွေ့တန်းကြယ်စု၏ ဆာဂျီတေးရီးယပ်အေစတား မဟာအာကာသတွင်းနက်ကို ဗဟိုပြုလှည့်ပတ်နေခြင်းဖြစ်ကြောင်း ပြင်သစ် သိပ္ပံပညာရှင်များက ပြောကြားသည်။

ဒီ-၉ နှစ်စင်းတွဲကြယ်စနစ်ကို ချီလီနိုင်ငံအခြေစိုက် VLT အာကာသရေဒီယိုတယ်လီစကုပ်၏ အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဒီ-၉ နှစ်စင်းတွဲ ကြယ်စနစ်သည်ဆာဂျီတေးရီးယပ်အေစတား မဟာအာကာသတွင်းနက်ကို ဗဟိုပြု လှည့်ပတ်နေသော်လည်း အာကာသတွင်းနက်၏ ဝါးမျိုခံရမှုမှ လွတ်ကင်းနေသည်ဟု ပြင်သစ် သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

ဒီ-၉ နှစ်စင်းတွဲ ကြယ်စနစ်အတွင်းရှိ ကြယ်နှစ်စင်း၏ သက်တမ်းမှာ နှစ်အားဖြင့် ၂ ဒသမ ၇ သန်းမျှသာရှိရာ သက်တမ်းအားဖြင့် လွန်စွာနုနယ်ပြီး ဆာဂျီတေးရီးယပ်အေစတား မဟာအာကာသတွင်းနက်အနီး တွေ့ရှိရသော ပထမဆုံး နှစ်စင်းတွဲကြယ်စနစ်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## နေ့စဉ် ဝိုင်အရက်အနည်းငယ်သောက်ပါက နှလုံးကျန်းမာရေးကို ကာကွယ်ပေးနိုင်

**မက်ဒရစ် ဒီဇင်ဘာ ၂၀**

နေ့စဉ် ဝိုင်အရက်အနည်းငယ်သောက်သုံးပါက နှလုံးကျန်းမာရေးကို ကာကွယ်ပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ဒီဇင်ဘာ ၁၉ ရက်တွင် ပြောကြားသည်။

စပိန်နိုင်ငံ ဘာစီလိုနာ တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ နေ့စဉ်ဝိုင်အရက် တစ်ဖန်ခွက် သို့မဟုတ် ဖန်ခွက်တစ်ဝက်စာပုံမှန် သောက်သုံးသူများ၌ နှလုံးရစ်တရက်ဖောက်နိုင်ခြေ၊ လေဖြတ်နိုင်ခြေတို့ ၅၀ ရာခိုင်နှုန်းကျဆင်းနိုင်ကြောင်း သိရသည်၊

ထို့ပြင် သီတင်းတစ်ပတ်လျှင် ဝိုင်အရက် တစ်ခွက်မျှ သို့မဟုတ် နေ့စဉ် တစ်ခွက်၏ထက်ဝက်မျှ သောက်ပေးခဲ့လျှင်ပင် နှလုံးကျန်းမာရေးအတွက် အကျိုးရှိကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

သို့ရာတွင် ဝိုင်အရက်ကို နေ့စဉ် တစ်ခွက်ထက်ပိုသောက်ခဲ့ပါက အထက်ပါနှလုံးကျန်းမာရေး အကျိုးကျေးဇူးများ ပျောက်ကွယ်သွားလိမ့်မည်ဖြစ်သည်ဟု သုတေသနပညာရှင်များက သတိပေးထားကြောင်း သိရသည်။

မိမိတို့အနေဖြင့် လေ့လာမှုတွင်ပါဝင်သူများ၏ ဝိုင်အရက်သောက်သုံးမှုပမာဏကို အတိအကျတိုင်းတာနိုင်သော နည်းလမ်းများအသုံးပြု၍ ဝိုင်အရက်နှင့် နှလုံးကျန်းမာရေးအကျိုးကျေးဇူးတို့ကြား ဆက်စပ်မှုကို ဖော်ထုတ်ခဲ့ခြင်းဖြစ်ကြောင်း စပိန်သုတေသနပညာရှင်များက ပြောကြားသည်။

စပိန် သုတေသနပညာရှင်များသည် လူပေါင်း ၁၂၀၀ ကျော်တို့ကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ရုရှားက mRNA မော်လီကျူးအခြေခံ ကင်ဆာကာကွယ်ဆေးတစ်မျိုး ဖန်တီးထား

**မော်စကို ဒီဇင်ဘာ ၂၀**

ရုရှားသုတေသနပညာရှင်များသည် mRNA မော်လီကျူးအခြေခံ ကင်ဆာ ကာကွယ်ဆေးတစ်မျိုး ဖန်တီးထားကြောင်း ဒီဇင်ဘာ ၁၉ ရက် သတင်းများအရ သိရသည်။

လက်တွေ့ စမ်းသပ်မှုရလဒ်များ အခိုင်အမာအတည်ပြုနိုင်ချိန်တွင် ၎င်းကင်ဆာကာကွယ်ဆေးသစ်များကို ကင်ဆာလူနာများအတွက် အခမဲ့ပေးဝေမည်ဖြစ်ကြောင်း ရုရှားကျန်းမာရေးဝန်ကြီးဌာန ဓာတ်ရောင်ခြည်ဆေးပညာ သုတေသနဌာန တာဝန်ရှိသူများက ပြောကြားသည်။

ပဏာမ စမ်းသပ်မှုရလဒ်များအရ အဆိုပါကင်ဆာကာကွယ်ဆေးသည် ကင်ဆာဆဲလ်များ ကြီးထွားမှုကို ထိန်းချုပ်ပေးထားနိုင်ကြောင်း သိရသည်။

၎င်းကင်ဆာ ကာကွယ်ဆေးကို ၂၀၂၅ ခုနှစ် အစောပိုင်းတွင် ကင်ဆာလူနာများအတွက် စတင်အသုံးပြုနိုင်ရန် ရုရှားဆေးပညာရှင်များက ရည်ရွယ်ထားသည်။

အဆိုပါ ကင်ဆာကာကွယ်ဆေးကို ရုရှားသုတေသနဌာနများကြား ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖန်တီးထားခြင်းဖြစ်သည်။

mRNA ကာကွယ်ဆေးသည် ခုခံအားစနစ် တုံ့ပြန်မှုကို ဖန်တီးပေးနိုင်သည့် ကာကွယ်ဆေးအမျိုးအစားဖြစ်ပြီး mRNA မော်လီကျူးများကိုအသုံးပြုရန် ဖန်တီးရသော ကာကွယ်ဆေး အမျိုးအစားဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**






# PGA Tour Rookie of the Year ဆုကို အမေရိကန်ကစားသမား နစ်ခ်ဒန်လပ် ဆွတ်ခူး

**ဝါရှင်တန် ဒီဇင်ဘာ ၂၀**

အမေရိကန်နိုင်ငံ အခြေစိုက် ပရော်ဖက်ရှင်နယ် ဂေါက်သီးရိုက်ကစားသမားများအသင်း (PGA Tour)က ၂၀၂၄ ခုနှစ်အတွက် တစ်နှစ်တာအကောင်းဆုံး မျက်နှာသစ်ကစားသမားအဖြစ် အမေရိကန် ဂေါက်သီးရိုက်ကစားသမား နစ်ခ်ဒန်လပ်အား ချီးမြှင့်လိုက်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

PGA Tour Rookie of the Year ဆုအဖြစ် Arnold Palmer Award ဆုကို နှစ်စဉ်ချီးမြှင့်ပေးလေ့ရှိပြီး အသက် ၂၀ နှစ်အရွယ် နစ်ခ်ဒန်လပ်သည် ၂၀၁၃ ခုနှစ်က ယင်းဆုကို ဆွတ်ခူးခဲ့သည့် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဂျော်ဒန်စပိုက်နောက်ပိုင်း Arnold Palmer Award ဆုကို ဆွတ်ခူးခဲ့သော အသက်အငယ်ဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ယခုနှစ်အတွင်း ကျင်းပပြုလုပ်သည့် PGA Tour ပြိုင်ပွဲ ၁၅ ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခဲ့သော ကစားသမားများ၏ စွမ်းဆောင်ရည်ပေါ်မူတည်၍ PGA Tour မှ ဘုတ်အဖွဲ့ဝင်များက မဲပေးရွေးချယ်ပေးခဲ့ခြင်းဖြစ်ပြီး ဂေါက်သီးရိုက်လောကအတွက် အဓိကကျသည့် တစ်ဦးချင်းဆုလည်းဖြစ်သည်။

PGA Tour ၏ ကော်မရှင်နာဖြစ်သူ ဂျိုနာဟန်က “နစ်ခ်ဟာ PGA Tour Rookie of the Year ဆုဖြစ်တဲ့ Arnold Palmer Award ဆုကို ဆွတ်ခူးခဲ့ပါတယ်။ ဘုတ်အဖွဲ့ရဲ့ မဲပေးမှုအရ နစ်ခ်က မဲရာခိုင်နှုန်းအများဆုံးနဲ့ ဒီဆုကို ဆွတ်ခူးခဲ့တာဖြစ်ပါတယ်။ ယခုနှစ်မှာ ကောလိပ်ရဲ့ ဂေါက်သီးရိုက်ကစားသမားဘဝကနေ ပရော်ဖက်ရှင်နယ်လောကသို့ ဝင်ရောက်လာခဲ့ပြီးတော့ PGA Tour မှာ ဆုဖလားနှစ်လုံး ရရှိခဲ့တယ်” ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**



# ကိုပါအီတာလီယာဖလား ပွဲစဉ်တွင် အင်တာမီလန်အသင်းက အူဒီးနီးစ်အသင်းကို အနိုင်ရရှိ

**မီလန် ဒီဇင်ဘာ ၂၀**

ကိုပါအီတာလီယာဖလား ၁၆ သင်း ရှုံးထွက်အဆင့်တွင် အင်တာမီလန်အသင်းက အူဒီးနီးစ်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အင်တာမီလန်အသင်းသည် ယခုပြိုင်ပွဲကို ၁၆ သင်းအဆင့်မှ စတင်ကစားခဲ့ရသော်လည်း စီးရီးအေပြိုင်ဘက် အူဒီးနီးစ်အသင်းနှင့် တွေ့ဆုံခဲ့ပြီး အိမ်ကွင်းတွင် ကစားခဲ့ရသဖြင့် ဘောလုံးပိုင်ဆိုင်မှုအသာနှင့် ဖိအားပေးနိုင်ခဲ့သဖြင့် ပွဲချိန်မိနစ် ၃၀ တွင် အာနာတိုဗစ်၊ ပွဲချိန် ၄၅ မိနစ်တွင် အက်စ်လာနီတို့က ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ပြီး နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ထို့နောက် အူဒီးနီးစ်အသင်းက လူစားလဲမှုများပြုလုပ်၍ တိုက်စစ်မြှင့်ခဲ့သော်လည်း ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှု တစ်ကြိမ်သာ ပြုလုပ်နိုင်ခဲ့ကာ တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်းမရှိသဖြင့် ပထမပိုင်းသွင်းဂိုးဖြင့် အင်တာမီလန်အသင်းက အနိုင်ရခဲ့သည်။

၁၆ သင်းအဆင့် ပွဲစဉ်များအပြီး ကွာတားဖိုင်နယ်အဆင့်တွင် အေစီမီလန်အသင်းနှင့် ရိုးမားအသင်း၊ လာဇီယိုအသင်းနှင့် အင်တာမီလန်အသင်း၊ ဂျူဗင်တပ်အသင်းနှင့် အမ်ပိုလီအသင်း၊ ဘိုလော့ဂ်နာအသင်းနှင့် အတ္တလန်တာအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Fotmob**
**Trs : ML**

# ကွာရာဘောင်းဖလား ဆီမီးဖိုင်နယ်သို့ စပါးအသင်းတက်ရောက်



**လန်ဒန် ဒီဇင်ဘာ ၂၀**

ကွာရာဘောင်းဖလား ကွာတားဖိုင်နယ်ပွဲစဉ်တွင် စပါးအသင်းက မန်ယူအသင်းကို လေးဂိုး သုံးဂိုးဖြင့် အနိုင်ရခဲ့ပြီး ၂၀၂၁-၂၀၂၂ ဘောလုံးရာသီနောက်ပိုင်း ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

စပါးအသင်းသည် မန်ယူအသင်းကို အိမ်ကွင်း၌ ဧည့်ခံကစားရသဖြင့် ဖိအားပေးနိုင်ခဲ့ကာ ပွဲချိန် ၁၅ မိနစ်တွင် ဆိုလန်ကီ ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်းကို ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် စပါးအသင်း တိုက်စစ်ပိုင်း ပိုကောင်းလာခဲ့ကာ ပွဲချိန် ၄၆ မိနစ်နှင့် ပွဲချိန် ၅၄ မိနစ်တွင် ဂိုးများ ဆက်တိုက်သွင်းယူနိုင်ခဲ့ပြီးနောက် မန်ယူအသင်း တိုက်စစ်မြှင့်တင်ခဲ့ရာ ပွဲချိန် ၆၃ မိနစ်နှင့် ပွဲချိန် မိနစ် ၇၀ တွင် ချေပဂိုး ပြန်လည်သွင်းယူခဲ့သော်လည်း ပွဲချိန် ၈၈ မိနစ်တွင် စပါးအသင်း တောင်ပံတိုက်စစ်ကစားသမား ဆွန်ဟောင်မင်၏ ထောင့်ကန်ဘောမှ တိုက်ရိုက်ဂိုးရရှိခဲ့သဖြင့် နာကျင်အချိန်ပိုတွင် မန်ယူအသင်းက ချေပဂိုး ရရှိခဲ့သော်လည်း လေးဂိုး သုံးဂိုးဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

စပါးအသင်းသည် ယခင်က မန်ယူအသင်းနှင့် တွေ့ဆုံမှုများတွင် ရလဒ်ကောင်းရန် ခက်ခဲခဲ့သော်လည်း ယခုရာသီတွေ့ဆုံမှု၌ နှစ်ကြိမ်စလုံး အနိုင်ရရှိခဲ့ကာ လက်ရှိတွင် နောက်ဆုံးငါးပွဲ၌ သုံးပွဲနိုင်၊ နှစ်ပွဲသရေ၊ ငါးပွဲဆက် ရှုံးပွဲမရှိခဲ့သဖြင့် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ငါးပွဲဆက် မရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

စပါးအသင်းနှင့် ပွဲစဉ်အပြီးတွင် ဆီမီးဖိုင်နယ်အဆင့် မဲခွဲခဲ့ရာ အာဆင်နယ်ကအသင်းက နယူးကာဆယ်အသင်း၊ စပါးအသင်းက လီဗာပူးအသင်းနှင့် တွေ့ဆုံနေကြောင်း သိရသည်။

**Ref : Fotmob**
**Trs : ML**

# ဆောက်သမ်တန်အသင်းက နည်းပြသစ်အဖြစ် ရိုးမားအသင်းနည်းပြဟောင်း အိုင်ဗန်ဂျူရစ်ကို ခန့်အပ်

**လန်ဒန် ဒီဇင်ဘာ ၂၀**

ဆောက်သမ်တန် အသင်းက လစ်လပ်နေသည့် အသင်းနည်းပြရာထူးအတွက် နည်းပြသစ်အဖြစ် ရိုးမားအသင်း နည်းပြဟောင်း အိုင်ဗန်ဂျူရစ်ကို ခန့်အပ်ခဲ့သည်ဟု အတည်ပြု ကြေညာခဲ့ကြောင်း သိရသည်။

ဆောက်သမ်တန်အသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲမှ ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ ပြန်လည်တန်းတက် လာနိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်များ ဆက်တိုက်ဆိုးရွားနေသည့်အတွက် ပြီးခဲ့သည့် စပါးအသင်းကို ငါးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်အပြီးတွင် နည်းပြမာတင်ကို ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ အိုင်ဗန်ဂျူရစ်သည် ယခုနှစ်ဘောလုံးရာသီတွင် ရိုးမားအသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ရာတွင် ရလဒ်ပိုင်းမတည်ငြိမ်မှုများကြောင့် ထုတ်ပယ်ခံခဲ့ရပြီးနောက် လပိုင်းအကြာတွင်ပင် ဆောက်သမ်တန် အသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခံခဲ့ရသည်။

ဆောက်သမ်တန် အသင်းသည် ယခုနှစ် ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၁၆ ပွဲ ကစားပြီးချိန်၌ တစ်ပွဲသာ အနိုင်ရရှိခဲ့ပြီး နှစ်ပွဲသရေရလဒ်နှင့် ၁၃ ပွဲ ထိရှုံးနိမ့်ခဲ့ကာ ရမှတ် ငါးမှတ်ဖြင့် အမှတ်ပေးဇယား အောက်ဆုံးတွင် ရပ်တည်လျက်ရှိနေသကဲ့သို့ ကွာရာဘောင်းဖလားပြိုင်ပွဲတွင်လည်း ကွာတားဖိုင်နယ်အဆင့် တက်ရောက် နိုင်ခဲ့သော်လည်း လီဗာပူးအသင်းကို ရှုံးနိမ့်ခဲ့ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

နည်းပြ အိုင်ဗန်ဂျူရစ်သည် လာမည့် ဒီဇင်ဘာ ၂၂ ရက်တွင် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ကစားခဲ့သည့် ဖူလ်ဟမ်အသင်းနှင့်ပွဲစဉ်မှစတင်ပြီး ဆောက်သမ်တန်အသင်းကို စတင်တာဝန်ယူ ကိုင်တွယ်သွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Fotmob**
**Trs : STA**




# 2024 Shot of the Year Showdown ဆုကို ကျန်ကွင်းဝမ် ဆွတ်ခူး

**လန်ဒန် ဒီဇင်ဘာ ၂၀**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် အခြေစိုက်သည့် အမျိုးသမီး တင်းနစ်ကစားသမား အသင်း (WTA) က ၂၀၂၄ ခုနှစ်အတွက် ပရိသတ်အနှစ်သက်ဆုံး တင်းနစ်မယ်ဆုဖြစ်သည့် 2024 Shot of the Year Showdown ဆုကို မဲပေးရွေးချယ်ခဲ့ရာ တရုတ်တင်းနစ်မယ် ကျန်ကွင်းဝမ်က ဆွတ်ခူးခဲ့ကြောင်း WTA က ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ပဲရစ်အိုလံပစ် အားကစားပွဲတော်တွင် တရုတ်အိုလံပစ်အသင်းအတွက် ရွှေတံဆိပ်ဆုကို ဆွတ်ခူးရယူပေးခဲ့သည့် ကျန်ကွင်းဝမ်သည် ယခုနှစ်အတွင်း အောင်မြင်မှုများ ရရှိခဲ့သလို ကမ္ဘာ့အဆင့် (၅)နေရာထိပါ တက်ရောက်ထားနိုင်သူဖြစ်သည်။

2024 Shot of the Year Show-down ဆုအတွက် ပရိသတ်များက မဲပေးရွေးချယ်ခဲ့ရာတွင် ကျန်ကွင်းဝမ်က မဲရာခိုင်နှုန်း ၆၈ ရာခိုင်နှုန်းအထိ ရရှိခဲ့သည်။

ကမ္ဘာ့အဆင့်(၂) နေရာတွင် ရပ်တည်နေသည့် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်က မဲရာခိုင်နှုန်း ၂၄ ရာခိုင်နှုန်းရရှိခဲ့ကာ ဒုတိယနေရာ၌ ရပ်တည်နိုင်ခဲ့ပြီး ဘရာဇီးတင်းနစ်မယ် ဟက်ဒက်မိုင်ယာက မဲရာခိုင်နှုန်း ၅ ရာခိုင်နှုန်းရရှိပြီး တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

မဲပေးမှုကို ပြိုင်ပွဲအလိုက် မဲပေးရခြင်းဖြစ်ပြီး ကျန်ကွင်းဝမ်အနေဖြင့် ဝူဟမ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင်ရရှိခဲ့သော မဲရာခိုင်နှုန်းကြောင့် 2024 Shot of the Year Showdown ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည့် စဝီယာတက်ခ်က မက်ဒရစ်အိုးပင်းတွင် မဲအများဆုံး ရရှိခဲ့ခြင်းဖြစ်ပြီး ဟက်ဒက်မိုင်ယာက ဒူဘိုင်းတွင် မဲအများဆုံး ရရှိခဲ့ခြင်းဖြစ်သည်။

**Ref : Xinhua**
**Trs :AZL**

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနက လေတပ်အတွက် Su-30MKI တိုက်လေယာဉ် ၁၂ စင်းထုတ်လုပ်ရန် HAL ကုမ္ပဏီနှင့်စာချုပ်ချုပ်ဆို



အိန္ဒိယနိုင်ငံ လေတပ်အတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ Su-30MKI တိုက်လေယာဉ် ၁၂ စင်း ထုတ်လုပ်ရန် နိုင်ငံပိုင် Hindustan Aeronautics Limited (HAL) ကုမ္ပဏီနှင့် အိန္ဒိယ ကာကွယ်ရေးဝန်ကြီးဌာနတို့ စာချုပ်ချုပ်ဆိုလိုက်ကြောင်း The Defense Post သတင်းဌာနက ဒီဇင်ဘာ ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံစာချုပ်သည် လေတပ်တွင် လေယာဉ်ဆုံးရှုံးမှုများအတွက် အစားထိုးဖြည့်တင်းရေး ကြိုးပမ်းလုပ်ဆောင်လာမှုလည်းဖြစ်သည်။ Su-30 တိုက်လေယာဉ်အုပ်တွင် လက်ရှိလေကြောင်းစွမ်းအားမှာ တိုက်လေယာဉ် ၂၇၂ စင်းရှိသော်လည်း ၂၅၉ စင်းသာ တိုက်ပွဲဝင်အသင့် ထမ်းဆောင်နိုင်ကြောင်း သိရသည်။

“ဒီလိုမျိုးတိုက်လေယာဉ်တွေ ပံ့ပိုးပေးတာက အိန္ဒိယလေတပ်ရဲ့ စစ်ဆင်ရေးစွမ်းရည်ကို မြှင့်တင်ပေးနိုင်မှာဖြစ်ပြီး နိုင်ငံရဲ့ ကာကွယ်ရေးကြိုတင်ပြင်ဆင်မှုကို ခိုင်မာအားကောင်းစေမှာပါ” ဟု အိန္ဒိယနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

HAL ကုမ္ပဏီသည် ရုရှားနိုင်ငံထုတ် တိုက်လေယာဉ်များကို ၎င်း၏ Nashik ဌာနခွဲတွင် ပြည်တွင်းရင်းနှီးမြှုပ်နှံမှု ၆၂ ဒသမ ၆ ရာခိုင်နှုန်းကျော်ဖြင့် ထုတ်လုပ်သွားမည်ဖြစ်သည်။ အဆိုပါ ရုရှားနိုင်ငံထုတ် Su-30 တိုက်လေယာဉ်ကို အိန္ဒိယနိုင်ငံတွင် ပြည်တွင်းလိုင်စင်ဖြင့် ထုတ်လုပ်နေခြင်းလည်းဖြစ်သည်။

ရုရှားနိုင်ငံထုတ် Su-30 တိုက်လေယာဉ်၏ အိန္ဒိယနိုင်ငံ ပြည်တွင်းသီးသန့်မျိုးကွဲ Su-30MKI ကို ၂၀၀၂ ခုနှစ်က အိန္ဒိယလေတပ်၌ တပ်တော်ဝင်အသုံးပြုလာနိုင်ခဲ့သည်။ အင်ဂျင်နှစ်လုံးတပ် Su-30MKI တိုက်လေယာဉ်သည် အများဆုံးပျံတက်နိုင်သည့် အလေးချိန် ကီလိုဂရမ် ၃၈၈၀၀ ရှိပြီး ဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည်များ၊ ဝေဟင်မှမြေပြင်ပစ် ဒုံးကျည်များနှင့် သင်္ဘောဖျက်ဒုံးကျည်များ အပါအဝင် အလေးချိန် ရှစ်တန်ကျော် သယ်ဆောင်တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ ယခုနှစ် အစောပိုင်း ကနဦးအဆင့်တွင် လေယာဉ်နှင့် ရေဒါအသစ်များအပါအဝင် Su-30MKI ၈၄ စင်းအတွက် အိန္ဒိယအစိုးရက အမေရိကန် ဒေါ်လာ ခုနစ်ဘီလီယံခန့် တန်ဖိုးရှိ တိုက်လေယာဉ်များ အဆင့်မြှင့်တင်မှုကို သဘောတူခွင့်ပြု အတည်ပြုခဲ့ပြီးနောက်တွင် လေကြောင်းထိန်းချုပ်မှုစနစ်များပါ အဆင့်မြှင့်တင်လုပ်ဆောင်လာနိုင်ခဲ့သည်။ အိန္ဒိယစက်မှုလုပ်ငန်း၏ အကူအညီဖြင့် လာမည့် ၁၅ နှစ်အတွင်း HAL ကုမ္ပဏီက အဆင့်မြှင့်တင်မှုများ ဆောင်ရွက်သွားမည်ဖြစ်သည်။

တစ်ချိန်တည်းတွင် အစိုးရသည် တိုက်လေယာဉ်အတွက် AL-31FP အင်ဂျင်အခု ၂၄၀ ပံ့ပိုးရန် ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် HAL ကုမ္ပဏီနှင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၁ ဘီလီယံဖိုး ဝယ်ယူရေးသဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ အဆင့်မြှင့်တင်မှု အတည်ပြုချက်နှင့်မတူဘဲ အင်ဂျင်ဝယ်ယူရေးသဘောတူညီချက်သည် လာမည့် ဆယ်စုနှစ် အနည်းငယ်အတွင်း တိုက်လေယာဉ်များ ဆက်လက်တပ်ဖြန့်အသုံးပြုနိုင်ရေးအတွက် ကြိုးပမ်းမှုတစ်ရပ်ဖြစ်ကြောင်း သိရသည်။

**India Orders 12 Locally-Built Su-30MKI Jets for $1.5 Billion** ကို ဘာသာပြန်ဆိုထားပါသည်။

## တူကီယဲနိုင်ငံက ရှစ်ဘီးယက်လေကြောင်းရန်ကာကွယ်ရေးစနစ်သစ်တစ်မျိုး မိတ်ဆက်ပြသခဲ့

တူကီယဲနိုင်ငံသည် ရှစ်ဘီးယက် လေကြောင်းရန်ကာကွယ်ရေး စနစ်သစ်တစ်မျိုးကို မိတ်ဆက်ပြသခဲ့ပြီး ကနဦးတီထွင်ထုတ်လုပ်ထားသည့် Korkut-2 လက်နက်စနစ်၏ ဆင့်ကဲတိုးတက်ဖွံ့ဖြိုးမှုတစ်ရပ်လည်းဖြစ်ကြောင်း Army Recognition သတင်းဌာနက ဒီဇင်ဘာ ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တူကီယဲနိုင်ငံ Aselsan ကုမ္ပဏီသည် ဒီဇင်ဘာ ၆ ရက်တွင် S-band လှိုင်းနှုန်းသုံး ဝင်ရိုးနှစ်ခုပါ AESA အင်တင်နာတပ်ဆင်ထားသည့် ဘက်စုံသုံးလေကြောင်းရန် ကာကွယ်ရေးရေဒါသစ် Kalkan-050G ကိုထုတ်ဖော်ပြသခဲ့ပြီး အကွာအဝေး ၂၅ ကီလိုမီတာထိ ထောက်လှမ်းနိုင်စွမ်းရှိကြောင်း သိရသည်။ ၎င်းရေဒါသည် ဝေဟင်ပစ်မှတ်များနှင့် ပဲ့ထိန်းဒုံးကျည်များကို ထောက်လှမ်းနိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်ပြီး အနီးကပ်နှင့် တာလတ်ပစ်လေကြောင်းရန် ကာကွယ်ရေးစနစ်များတွင် တိုးတက်ဖွံ့ဖြိုးမှုတစ်ရပ်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Kalkan-050G ရေဒါသစ်ကို ယခု လေကြောင်းရန်ကာကွယ်ရေး စနစ်သစ်အတွက် အထူးရည်ရွယ်၍ ထုတ်လုပ်ထားဟန်ရှိသည်။ ထောက်လှမ်းနိုင်သည့် အကွာအဝေး ၂၅ ကီလိုမီတာအတွင်း တိုက်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ မောင်းသူမဲ့လေယာဉ်များနှင့် ပဲ့ထိန်းဒုံးကျည်များအပါအဝင် ဝေဟင်ပစ်မှတ်များကို ဖော်ထုတ်ခြေရာခံနိုင်ရန် ဒီဇိုင်းထုတ်ထားသည်။ ရေဒါတွင် ကြည်လင်ပြတ်သားမှုမြင့်မားသော ပစ်မှတ်ပုံရိပ်ဖော်မှုစနစ်၊ အလိုအလျောက် အမျိုးအစားခွဲခြားခြင်းနှင့် ပစ်မှတ်များစွာကို ခြေရာခံထိန်းကျောင်းနိုင်ခြင်း စသောစွမ်းဆောင်ရည်များ ပိုင်ဆိုင်ထားသည်။ ၎င်းသည် AKREP 100-G ကဲ့သို့သော Aselsan ကုမ္ပဏီထုတ် မျိုးဆက်သစ်သံချပ်ကာယာဉ်များနှင့် ပေါင်းစည်းအသုံးပြုထားကာ အလွှာလိုက် လေကြောင်းရန်ကာကွယ်ရေးကွန်ရက်အတွက် တွဲဖက်အသုံးပြုနိုင်သည်။

ယခုထုတ်ဖော်ပြသလိုက်သော လေကြောင်းရန်ကာကွယ်ရေးစနစ်သစ်သည် ယခင် Korkut-2 လေကြောင်းရန်ကာကွယ်ရေးစနစ်ကဲ့သို့ ပြောင်းနှစ်လက်တပ် မဟုတ်ဘဲ ပြောင်းတစ်လက်သာ အသုံးပြုထားသည်။ ဒီဇိုင်းပိုင်းတွင် ဂျာမနီထုတ် Skyranger စနစ်နှင့်ဆင်တူပြီး လက်ရှိတီထွင်ထုတ်လုပ်နေဆဲဖြစ်သော MKE ကုမ္ပဏီ၏ ၃၅ မမ လေယာဉ်ပစ်အမြောက်တစ်လက် ပါဝင်သည်။ KDC-002 ဆုံလည်နှင့် လက်နက်စနစ်များအပိုင်းတွင် အဆင့်မြှင့်တင်မှုများ ပါဝင်လာနိုင်ဖွယ်ရှိကာ တူကီယဲထုတ် Turkish Skyranger ဟု အလွတ်သဘော ရည်ညွှန်းသတ်မှတ်နိုင်သည်။ ပစ်မှတ်ရှာဖွေထောက်လှမ်းခြင်းအတွက် 3D AESA ရေဒါ၊ လက်နက်စနစ်ယာဉ်ကို ကာကွယ်ပေးရန်အတွက် မီးခိုးဗုံးပစ်လောင်ချာ လေးခုပါဘယ်ညာ တစ်စုံဖြင့် မိမိစိတ်ကြိုက် ရွေးချယ်ဖွဲ့စည်း တည်ဆောက်နိုင်သည့်



မော်ဂျူလာဒီဇိုင်းပုံစံမျိုးဖြစ်သည်။ ဤမွမ်းမံမှုများသည် ဒုံးကျည်များ၊ မောင်းသူမဲ့လေယာဉ်များနှင့် အဆင့်မြင့်တိုက်လေယာဉ်များအပါအဝင် လေကြောင်းခြိမ်းခြောက်မှုများမှ ဝေဟင်ပိုင်နက်ကို ကာကွယ်ရန်နှင့် ပြည်ပနိုင်ငံထုတ် လက်နက်စနစ်များအပေါ် မှီခိုနေရမှုကို လျှော့ချရန် ဆောင်ရွက်မှုများပင်ဖြစ်သည်။ ပြည်တွင်းထုတ်လေကြောင်းရန် ကာကွယ်ရေးစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်မှုသည် ပေါ်ပေါက်လာသောလုံခြုံရေး စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် တူကီယဲနိုင်ငံ၏ မဟာဗျူဟာမြောက် ကိုယ်တိုင်ဖန်တီးနိုင်မှုများ ခိုင်မာအားကောင်းစေရန် ရည်ရွယ်သည်။

အဆိုပါ ဖွံ့ဖြိုးတိုးတက်မှုများတွင် ရဟတ်ယာဉ်များ၊ တိုက်လေယာဉ်များနှင့် မောင်းသူမဲ့လေယာဉ်များကဲ့သို့သော ခြိမ်းခြောက်မှုများကို တန်ပြန်တိုက်ခိုက်နိုင်သည့် အနိမ့်ပျံနှင့် အမြင့်ပျံလေကြောင်းရန် ကာကွယ်ရေး လက်နက်စနစ်များဖြစ်သည့် Hisar-A နှင့် Hisar-O စနစ်များ ပါဝင်သည်။ ထို့ပြင် တူကီယဲနိုင်ငံသည် အမြင့်ပျံလေကြောင်းရန် ကာကွယ်ရေးအတွက် Siper တာဝေးပစ်စနစ်ကို တိုးတက်ဖွံ့ဖြိုး ထုတ်လုပ်လျက်ရှိပြီး နိုင်ငံ၏မဟာဗျူဟာမြောက် အလွှာစုံ လေကြောင်းရန်ကာကွယ်ရေးကွန်ရက်တစ်ခုကို ဖန်တီးပုံဖော်နေခြင်းလည်းဖြစ်ကြောင်း သိရသည်။

**Türkiye develops new 8x8 air defense system to compete with German Boxer Skyranger 35** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# အာရှ-ပစိဖိတ်ဒေသအတွင်း တိုးမြှင့်လာသည့် အမေရိကန်၏စစ်ရေးတပ်ဖွဲ့များ

**မောင်ဝေလွှမ်း(သုတေသီ)**

ကမ္ဘာ့ပထဝီနိုင်ငံအခြေအနေနှင့်အတူ အာရှ-ပစိဖိတ်ဒေသအတွင်း ပထဝီနိုင်ငံရေးအခြေအနေ ပြောင်းလဲမှုများကို အကြောင်းပြု၍ အမေရိကန်နိုင်ငံအနေဖြင့် စစ်ရေးတပ်ဖွဲ့များဖြန့်ကြက်မှုနှင့် လှုပ်ရှားမှုကို ပိုမိုတိုးမြှင့်လုပ်ဆောင်လာသည်။ အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနသည် အသင့်ရှိနေရန်၊ တိုက်ပွဲဝင်ရာတွင် ယုံကြည်စိတ်ချရသောတပ်ဖွဲ့များကို မဟာမိတ်များ၊ မိတ်ဖက်များနှင့်အတူ ရှေ့တန်းကျကျ ဖြန့်ကြက်ရန်နှင့် လိုအပ်ပါက တိုက်ခိုက်ပြီး အနိုင်ယူရန် သဘောထားရှိရမည်ဖြစ်ကြောင်း အမျိုးသားကာကွယ်ရေးမဟာဗျူဟာက ညွှန်ကြားထားသည်။ ထိုကဲ့သို့လုပ်ဆောင်ခြင်းဖြင့် ပြိုင်ဘက်နိုင်ငံများအနေဖြင့် စစ်အင်အားသုံးခြင်းမှတစ်ဆင့် ၎င်းတို့၏ရည်မှန်းချက်များကို လျင်မြန်စွာ၊ ကုန်ကျစရိတ်နည်းစွာ သို့မဟုတ် လွယ်ကူစွာလုပ်ဆောင်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ရှေ့မတိုးနောက်မဆုတ်သာအခြေအနေဖြစ်လာစေရန် ရည်ရွယ်ချက်ရှိရှိ ဖန်တီးထားခြင်းဖြစ်သည်။ အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် အပူတပြင်းလုပ်ဆောင်ရမည့် ဖြစ်ပေါ်လာနိုင်သောအခြေအနေများအတွက် ပူးတွဲတပ်ဖွဲ့ကြိုတင်ပြင်ဆင်မှုကို ပိုမိုမြှင့်တင်ရန် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိသည်။

**ကာကွယ်ရေးမဟာဗျူဟာလှုံ့ဆော်မှု**

၂၀၁၄ ခုနှစ်က ထုတ်ပြန်သည့် အမေရိကန်နိုင်ငံ၏ လေးနှစ်တစ်ကြိမ် ကာကွယ်ရေးသုံးသပ်ချက် (QDR-2014)တွင် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန၏ အခြေခံအကျဆုံးတာဝန်သည် အမေရိကန်နိုင်ငံသားများ၏လုံခြုံရေးကို ကာကွယ်ရန်ဖြစ်သည်။ တိုးတက်များပြားလာနေသည့် ခြိမ်းခြောက်မှုများကို ရင်ဆိုင်နေရချိန်တွင် အမိမြေကာကွယ်ရေးအတွက် အလွှာလိုက်ကာကွယ်ရေးကို ဆောင်ရွက်ရန်ဖြစ်သည်။ ရည်မှန်းချက်များအတွက် အထောက်အပံ့ဖြစ်စေရန် တပ်ဖွဲ့များအသင့်ရှိရေးကို ပြင်ဆင်ထားမည်ဖြစ်ပြီး အမိမြေကိုအကန့်အသတ်ရှိသည့် ဘော်လစ်စတစ်ဒုံးကျည်များဖြင့်တိုက်ခိုက်မှုမှ ကာကွယ်ရန် ဒုံးကျည်ကာကွယ်ရေးစွမ်းရည်များကိုမြှင့်တင်ရမည် ဟု ဆိုသည်။ ၂၀၁၅ ခုနှစ် အမျိုးသားလုံခြုံရေးမဟာဗျူဟာတွင် ကမ္ဘာတစ်ဝန်းရှိ အမေရိကန်နိုင်ငံသားများနှင့် အကျိုးစီးပွားများကို ကာကွယ်ရန်၊ ဒေသဆိုင်ရာတည်ငြိမ်မှုကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် လူသားချင်းစာနာထောက်ထားသည့်အထောက်အပံ့များဆောင်ရွက်နိုင်ရန် ပြင်ဆင်ထားပြီး ပေါ်ပေါက်လာသည့် လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများကို ဖြေရှင်းရန် မိတ်ဖက်နိုင်ငံများနှင့်အတူ ပူးတွဲဆောင်ရွက်မည် ဟု ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ၌ စစ်ဌာနချုပ် ၁၁ ခုရှိသည့်အနက် ခုနစ်ခုသည် တိုက်ခိုက်ရေးကွပ်ကဲမှုဌာနချုပ်ဖြစ်ပြီး ကျန်စစ်ဌာနချုပ်လေးခုသည် လုပ်ငန်းတာဝန်အရ ဖွဲ့စည်းထားခြင်းဖြစ်သည်။ အမေရိကန်နိုင်ငံသည် ကမ္ဘာ့နိုင်ငံပေါင်း ၁၇၇ နိုင်ငံတွင် ၎င်း၏တပ်ဖွဲ့ဝင်များကို တပ်ဖြန့်ချထားသည်။ အင်ဒို-ပစိဖိတ်ဒေသသည် အမေရိကန်နိုင်ငံအတွက် အရေးပါသောဒေသဖြစ်ခြင်းနှင့် တရုတ်နိုင်ငံ၏ အင်အားကြီးထွားလာမှုကို တန်ပြန်လိုခြင်းတို့ကြောင့် ယခင် ဟာဝိုင်ရီတွင်ရှိသောပစိဖိတ်ဌာနချုပ်ကို သမ္မတဒေါ်နယ်ထရန့်လက်ထက်ဖြစ်သည့် ၂၀၁၈ ခုနှစ် မေ ၃၀ ရက်တွင် အင်ဒို-ပစိဖိတ်ကွပ်ကဲမှုဌာနချုပ်အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။

**အရှေ့မြောက်အာရှတွင် ဖြန့်ကြက်မှု**

အမေရိကန်နိုင်ငံသည် ဂျပန်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့များထားရှိသည့် ဝန်ထုပ်ဝန်ပိုးများလျှော့ချရန် ၂၀၁၂ ခုနှစ်ကပြုလုပ်ခဲ့သည့် သဘောတူညီချက်အရ ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းမှ မရိန်းတပ်ဖွဲ့များကို ဂူအမ်ကျွန်းသို့ အပိုင်းလိုက်လွှဲပြောင်းမှုစတင်နေပြီဖြစ်သည်။ ဂျပန်နိုင်ငံတွင် အမေရိကန်စစ်ဘက်တပ်ဖွဲ့ဝင် ဦးရေ ၅၃၇၀၀ ကို ဟွန်ရှူး၊ ကျူရှူးနှင့် အိုကီနာဝါရှိ လေတပ်နှင့် ရေတပ်စခန်းစစ်ဘက်အဆောက်အအုံ ၈၅ ခုဝန်းကျင်တွင် တပ်စွဲထားသည်။ ထို့ပြင် အိုကီနာဝါ စီရင်စုရှိ စစ်စခန်း ၇၀ ရာခိုင်နှုန်းခန့်တွင်လည်း တပ်စွဲထားသည်။ တောင်ကိုရီးယားနိုင်ငံရှိ Humphreys အကြီးဆုံးစခန်းတွင် အမေရိကန်တပ်ဖွဲ့ဝင် ဦးရေ ၂၅၄၀၀ ကို ကြည်းတပ်၊ ရေတပ်၊ လေတပ်နှင့် မရိန်းတပ်ဖွဲ့စခန်း ၇၀ ခန့်တွင် တပ်စွဲထားသည်။




**ဂူအမ်ကျွန်းတွင် ဖြန့်ကြက်မှု**

ဂူအမ်ကျွန်းသည် ပူးတွဲဒေသတွင်းစခန်းဌာနချုပ်ဖြစ်ပြီး ၎င်းတွင် ဂူအမ်ရေတပ်စခန်းဌာနချုပ်နှင့် အန်ဒါဆန်လေတပ်စခန်းဌာနချုပ်တို့ ပူးပေါင်းထားသည်။ Aegis ဂူအမ်စနစ်သည် AN/TPY-6 ရေဒါနှင့် ဒေါင်လိုက်ပစ်လွှတ်စနစ်အသစ်ဖြင့် ပေါင်းစပ်ထားသည့် တည်ဆောက်ဆဲအဆင့်မြင့်လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးစနစ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ယခုအခါ အမေရိကန်နိုင်ငံသည် ဂူအမ်ရှိ အမေရိကန် မရိန်းတပ်ဖွဲ့၏ အသစ်စက်စက်အခြေစိုက်စခန်းအနီး၌တည်ရှိသော Site Excalibur နေရာတွင် ဝေဟင်အမြင့်ပိုင်းကာကွယ်ရေးစနစ်(Terminal High Altitude Area Defense-THAAD)ခြောက်ခုကို မဟာဗျူဟာမြောက် ဖြန့်ကြက်ခဲ့ပြီးဖြစ်သည်။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်က Star & Stripes ဝက်ဘ်ဆိုက်မှတင်ပြခဲ့သည့်အတိုင်း ဤဖြန့်ကြက်မှုသည် အနောက်ပစိဖိတ်မြောက်ပိုင်းရှိ လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကို အားကောင်းလာစေရန်အတွက် အရေးကြီးသော ခြေလှမ်းတစ်ရပ်ဖြစ်သည်။ အမေရိကန်နိုင်ငံ၏ အမိကပိုင်နက်ဖြစ်သော ဂူအမ်သည် ဟာဝိုင်ရီ၏အနောက်ဘက် ကီလိုမီတာ ၅၃၀၀ ခန့်နှင့် ဖိလစ်ပိုင်နိုင်ငံအရှေ့ဘက် ကီလိုမီတာ ၂၄၀၀ အကွာတွင်တည်ရှိပြီး ၎င်းသည် ဂျပန်နိုင်ငံ၏ တောင်ဘက် မဟာဗျူဟာမြောက်နေရာတွင် တည်ရှိနေသည်။

ယခုတပ်ဖြန့်မှုကို အဓိကအားဖြင့် တရုတ်နိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံတို့ကဲ့သို့သော နိုင်ငံများ၏ အလားအလာရှိသောခြိမ်းခြောက်မှုများကို တန်ပြန်မှုအဖြစ်ရှုမြင်ကြပြီး ပဲ့ထိန်းဒုံးကျည်များ၊ ခရူဇ်နှင့် အသံထက်မြန်သောဒုံးကျည်များနှင့်ပတ်သက်၍ စိုးရိမ်မှုများကို ကိုင်တွယ်ဖြေရှင်းခြင်းဖြစ်သည်။ ဝေဟင်အမြင့်ပိုင်းကာကွယ်ရေးစနစ်များသည် ဂျပန်နိုင်ငံ ဆာဂါမီဟာရာတွင် အခြေစိုက်သော အမေရိကန်ကြည်းတပ်၏ အမှတ်(၃၈)လေကြောင်းရန်ကာကွယ်ရေးအမြောက်တပ်မဟာ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ဂူအမ်တွင် တပ်ဖြန့်ချထားရှိ၍ တပ်ဖွဲ့ဝင်ဦးရေ ၂၀၀ ခန့်ပါဝင်ပြီး ဂျပန်နိုင်ငံအခြေစိုက်ရေဒါများ အသုံးပြုလျက်ရှိသည့် နောက်ထပ် တပ်ဖွဲ့ဝင်ဦးရေ ၁၀၀ ဖြင့် ဖြည့်တင်းထားသည်။ ဝေဟင်အမြင့်ပိုင်းကာကွယ်ရေး ဒုံးပစ်လောင်ချာစနစ်များနှင့်အတူ အဆိုပါစခန်းတွင် ခေတ်မီရေဒါစနစ်များ၊ ကွပ်ကဲမှုနှင့်ဆက်သွယ်ရေးကိရိယာများနှင့် သံချပ်ကာယာဉ်စုတစ်ခုထားရှိသည်။

**ဒေသတွင်းနိုင်ငံအချို့တွင် ဖြန့်ကြက်မှု**

ဩစတြေးလျနိုင်ငံတွင်လည်း သမ္မတဒေါ်နယ်ထရန့်လက်ထက်မှစ၍ တပ်ဖွဲ့ဝင် ဦးရေ ၂၀၀၀ ထိ အလှည့်ကျဖြန့်ကြက်ရေး လုပ်ဆောင်ခဲ့သည်။ ဒါဝင် (Darwin)၌ မရိန်းတပ်ဖွဲ့များ တပ်ဖြန့်ချထားရာ ယခင်က တပ်ဖွဲ့ဝင် ဦးရေ ၁၂၅၀ သာထားရှိရာမှ ၂၀၂၂ ခုနှစ်တွင် ဦးရေ ၂၅၀၀ ကျော်ထိ ထားရှိသည်။ ဩစတြေးလျ ဒါဝင်ဆိပ်ကမ်းသည် နှစ်စဉ် အမေရိကန် မရိန်းတပ်သား ဦးရေ ၂၅၀၀ ထိ အလှည့်ကျလက်ခံထားခြင်းဖြစ်သည်။ ထို့ပြင် ဗာဂျီးနီးယားအတန်းအစား တိုက်ခိုက်ရေးရေငုပ်သင်္ဘောများသည် ဩစတြေးလျ-ဗြိတိန်-အမေရိကန် (AUKUS) သဘောတူညီချက်အရ HMAS Stirling ရေတပ်စခန်းဌာနချုပ်တွင် အလှည့်ကျတပ်ဖွဲ့တစ်ခုအဖြစ် ပါဝင်မည်ဖြစ်သည်။

အမေရိကန်နိုင်ငံ၏ ပစိဖိတ်ဒေသ အထင်ကရလုံခြုံရေးသဘောတူညီချက်တစ်ခုအရ အမေရိကန်တပ်ဖွဲ့များသည် ပါပူဝါနယူးဂီနီရှိ အခြေစိုက်စခန်းများကို ဝင်ထွက်အသုံးပြုနိုင်မည်ဖြစ်သည်။ ပါပူဝါနယူးဂီနီလွှတ်တော်၏ ခွင့်ပြုချက်အရ ၂၀၂၃ ခုနှစ် မေလတွင် စာချုပ်ချုပ်ဆိုပြီးကတည်းက ပါပူဝါနယူးဂီနီ၏ သဘောတူညီချက်ဖြင့် အမေရိကန်နိုင်ငံသည် မန်နပ်ကျွန်းရှိ လွန်ဘရမ်းရေတပ်အခြေစိုက်စခန်းနှင့် မိုက်ဘီမြို့တော်ဆိပ်ကမ်းရှိ အဆောက်အအုံများအပါအဝင် အဓိကဆိပ်ကမ်းများနှင့် လေဆိပ် ခြောက်ခုတွင် တပ်ဖွဲ့ဝင်များနှင့် သင်္ဘောများကို စခန်းချနိုင်မည်ဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်းက ၎င်းသည် ပစိဖိတ်ဒေသရှိ အကြီးဆုံးအမေရိကန်အခြေစိုက်စခန်းများအနက်မှ တစ်ခုဖြစ်ပြီး တိုက်ခိုက်ရေးသင်္ဘောခြောက်စီးနှင့် လေယာဉ်တင်သင်္ဘော အစီး ၂၀ အပါအဝင် သင်္ဘောအစီး ၂၀၀ ရပ်နားနိုင်ပြီး ဂျပန်နိုင်ငံထံမှ ဖိလစ်ပိုင်ကို ပြန်လည်သိမ်းပိုက်ရန် အသုံးပြုခဲ့သည်။ ပါပူဝါနယူးဂီနီသည် ၂၀၂၃ ခုနှစ် အမေရိကန်-ပါပူအာနယူးဂီနီလုံခြုံရေးသဘောတူညီချက်အရ ၎င်း၏ လေယာဉ်ကွင်းများနှင့် ဆိပ်ကမ်းများသို့ အမေရိကန်တပ်ဖွဲ့ဝင်များကို ဝင်ရောက်ခွင့်ပေးထားသည်။

**အပ်ချုပ်ထောက်ပံ့မှုအတွက် ယာယီဖြန့်ကြက်မှု**

အမေရိကန်နိုင်ငံသည် အာရှ-ပစိဖိတ်ဒေသအတွင်း အရေးကြီးသည့် တပ်ဖွဲ့၊ စစ်လက်နက်ပစ္စည်းများနှင့်ပတ်သက်၍ ကာကွယ်ရေးဆိုင်ရာအပြန်အလှန်အထောက်အကူပြုပေးနိုင်သည့် သဘောတူညီချက်များကို ပြုလုပ်ထားသည်။ ဤသဘောတူညီချက်များကြောင့် အမေရိကန်စစ်ရေယာဉ်နှင့် လေယာဉ်များသည် အပ်ချုပ်ထောက်ပံ့မှုအတွက် ယာယီဆိုက်ကပ်ရပ်နားနိုင်သည်။

**စစ်ရေးလေ့ကျင့်မှုဖြင့် ဖြန့်ကြက်မှု**

အမေရိကန်နိုင်ငံသည် ၎င်း၏ ကမ္ဘာလုံးဆိုင်ရာခြေဆန့်မှုနှင့် လွှမ်းမိုးမှုမဟာဗျူဟာကို ကျင့်သုံးရာတွင် ဒေသတွင်းနိုင်ငံများ၊ အဖွဲ့အစည်းများနှင့်ပူးတွဲ၊ ပူးပေါင်းစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခြင်းသည်လည်း အဓိကအချက်အဖြစ် ပါဝင်ခဲ့သည်။ အမေရိကန်နိုင်ငံသည် အင်ဒို-ပစိဖိတ်ဒေသတွင်းနိုင်ငံများနှင့် တပ်မတော်ချင်း ဆက်ဆံရေးခိုင်မာအားကောင်းစေရန်အတွက်လည်း စစ်ရေးလေ့ကျင့်မှုများကို အလေးထားလုပ်ဆောင်ခဲ့သည်။ အချို့သောလေ့ကျင့်မှုများသည် အင်အားပြသမှုအဖြစ် လုပ်ဆောင်ခြင်းများဖြစ်သည်။ အဓိကအားဖြင့် တောင်ကိုရီးယားနိုင်ငံနှင့် ပူးတွဲစစ်ရေးလေ့ကျင့်ခြင်း၊ တောင်တရုတ်ပင်လယ်အတွင်း စစ်ရေးလေ့ကျင့်မှုများပြုလုပ်ခြင်းဖြစ်သည်။ အဆိုပါစစ်ရေးလေ့ကျင့်မှုများကို အမေရိကန်နိုင်ငံ၏ အင်ဒို-ပစိဖိတ်ဒေသကွပ်ကဲမှုဌာနချုပ်မှတပ်ဖွဲ့များက အဓိက ဆောင်ရွက်လျက်ရှိသည်။

အမေရိကန်နိုင်ငံက ထိုသို့ဆောင်ရွက်သည့် လေ့ကျင့်မှုများတွင် အချို့သောလေ့ကျင့်မှုများသည် ရာစုနှစ်ဝက်နီးပါး သက်တမ်းရှိခဲ့သည့် လေ့ကျင့်မှုများဖြစ်သည်ကို တွေ့ရသည်။ ထိုသို့ လေ့ကျင့်မှုများ ဆောင်ရွက်ရာတွင် လေယာဉ်တင်သင်္ဘောများထိ ပါရှိပြီး တစ်ခါတစ်ရံတွင် ဒေသတွင်း၌ လေယာဉ်တင်သင်္ဘောနှစ်စီးထိ ဖြန့်ကြက်စေသည်။ တရုတ်(ထိုင်ဝမ်)၌ပင် အမေရိကန်တပ်ဖွဲ့ဝင်များကို လေ့ကျင့်ရေးနည်းပြအဖြစ် စေလွှတ်ထားရှိသည်။

အချုပ်အားဖြင့်ဆိုရလျှင် အမေရိကန်နိုင်ငံသည် အာရှ-ပစိဖိတ်ဒေသအတွင်း စစ်ရေးတပ်ဖွဲ့များ တည်ရှိမှုကို ဒုတိယကမ္ဘာစစ်ပြီးဆုံးပြီးနောက်ပိုင်းကတည်းက ထားရှိခဲ့သည်။ ထို့နောက် ဒေသတွင်းပြောင်းလဲလျက်ရှိသည့် ပထဝီနိုင်ငံရေးအခြေအနေနှင့် ၎င်း၏ အကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေး လိုအပ်ချက်ဖြင့် တပ်ဖွဲ့များတိုးမြှင့်ချထားလာခဲ့သည်။ နောက်ပိုင်းတွင် ဒေသတွင်းအမေရိကန်တပ်ဖွဲ့များ စဉ်ဆက်မပြတ်ခြေဆန့်လှုပ်ရှားနိုင်စေရန် အသွင်အမျိုးမျိုးဖြင့် လုပ်ဆောင်လာခဲ့သည်။ ယခုအခါ အမေရိကန်နိုင်ငံသည် ၎င်း၏တပ်ဖွဲ့များကို နိုင်ငံတချို့၌ တပ်စွဲထားရှိနိုင်ရေး၊ ယာယီရပ်နားဆိုက်ကပ်နိုင်ရေးနှင့် ဒေသတွင်းစစ်ရေးလေ့ကျင့်မှုပုံစံများဖြင့်ဖြန့်ကြက်ရေးကို ကာကွယ်ရေးစာချုပ်များနှင့် သဘောတူညီချက်အမျိုးမျိုးဖြင့် အခိုင်အမာ လုပ်ဆောင်ထားပြီးဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**


- QuadrennialDefence Review, Department of Defence, United States of America, 2014
- Indo-Pacific Strategy Report: Preparedness, Partnerships, and Promoting a Networked Region by the Department of Defence, USA, June 1, 2019
- Sizing Up America's Military Footprint Around in Asia-Pacific, Sputnik, December 2024

# နှလုံးသွေးနဲ့ရေးတဲ့ပန်းချီ ဇာတ်လမ်းတွဲကို HEY Play Application မှ ထုတ်လွှင့်ပြသပေးမည်




**ရန်ကုန် ဒီဇင်ဘာ ၂၀**

အောင်ပင်လယ် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် နှလုံးသွေးနဲ့ရေးတဲ့ပန်းချီ ဇာတ်လမ်းတွဲကို HEY Play Application မှ ဒီဇင်ဘာ ၂၁ ရက်မှစတင် ထုတ်လွှင့်ပြသပေးမည်ဖြစ်ကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ရဲရင့်အောင်က ပြောပြ၍ သိရသည်။

အဆိုပါ နှလုံးသွေးနဲ့ရေးတဲ့ ပန်းချီ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို မင်းကိုစိုး (နတ်သံကွင်း) က ရေးသားထားပြီး မင်းကိုစိုး (နတ်သံကွင်း)နှင့် မေမိုးတို့က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ ညီညီငြိမ်းမင်းက အောင်ပင်လယ် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ပြီး Fortune- TV ရုပ်သံလိုင်းမှလည်း မြန်မာရုပ်သံဇာတ်လမ်းတွဲအဖြစ် ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းလေး တစ်ပုဒ်ပါ။ နှလုံးသားထဲမှာ သိမ်းဆည်းထားတဲ့ ချစ်ခြင်းမေတ္တာတွေက တစ်စုံတစ်ယောက်ကြောင့် ပြန်လည်အသက်ဝင်လာတဲ့အခါ သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းလေး ဘယ်လိုအဆုံးသတ်မလဲဆိုတာ စောင့်မျှော်အားပေးကြပါအုံး"ဟု သရုပ်ဆောင် ရဲရင့်အောင်က ပြောပြသည်။

အဆိုပါ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ရဲရင့်အောင်၊ ပိုင်ထူး၊ လင်း၊ မင်းကိုစိုး၊ ထူးမြတ်မင်း၊ မေမီကိုကို၊ ကြယ်စင်သွန်း၊ ခေတ္တာမြင့်မိုရ်၊ မီကိုခန့် စသည့်အနုပညာရှင်များ ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။

**ASH**

# ၉၇ ကြိမ်မြောက် နိုင်ငံတကာရုပ်ရှင်ဆုအတွက် ပဏာမစာရင်းဝင်ဇာတ်ကားများ ထုတ်ပြန်

**နယူးယောက် ဒီဇင်ဘာ ၂၀**

၉၇ ကြိမ်မြောက် အော်စကာ ရုပ်ရှင်ဆုပေးပွဲ နိုင်ငံတကာရုပ်ရှင် ဇာတ်ကားဆုအတွက် ပဏာမ စာရင်းဝင် ဇာတ်ကားများကို အမေရိကန် ရုပ်ရှင်အနုပညာနှင့် သိပ္ပံအကယ်ဒမီက ဒီဇင်ဘာ ၁၉ ရက်တွင် ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

အော်စကာဆုပေးပွဲ နိုင်ငံတကာ ရုပ်ရှင်ဆုပဏာမစာရင်းဝင် ဇာတ်ကားများတွင် ဇာတ်ကား ၁၅ ကား ပါဝင်သည်။

၎င်းပဏာမစာရင်းဝင် ဇာတ်ကားများထဲတွင် I'm Still Here (ဘရာဇီး)၊ Emilia Perez(ပြင်သစ်)၊ Dahomey (ဆီနီဂေါ) စသည့် ဇာတ်ကားများ ပါဝင်သည်။

၉၇ ကြိမ်မြောက် အော်စကာ ရုပ်ရှင်ဆုပေးပွဲ နိုင်ငံတကာရုပ်ရှင် ဆုအတွက် ကမ္ဘာ့နိုင်ငံပေါင်း ၈၅ နိုင်ငံက နိုင်ငံကိုယ်စားပြု ဇာတ်ကားများ တင်သွင်းထားသည်။

၉၇ ကြိမ်မြောက် အော်စကာ ဆုပေးပွဲ ဆန်ခါတင်ဇာတ်ကားများ စာရင်းကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် ကြေညာမည်ဖြစ်သည်။

၉၇ ကြိမ်မြောက် အော်စကာ ဆုပေးပွဲကို ၂၀၂၅ ခုနှစ် မတ် ၃ ရက်တွင် ဘီဗာလီဟေးမြို့ ဒေါ်ဘီဇာတ်ရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ တယုတယခြွေ ရုပ်ရှင်ဇာတ်ကား Red Carpet Show ပြုလုပ်



**ရန်ကုန် ဒီဇင်ဘာ ၂၀**

ဒီဇင်ဘာ ၂၀ ရက်မှ စတင်ကာ ရုံတင်ပြသနေသည့် တယုတယခြွေ ရုပ်ရှင်ဇာတ်ကား Red Carpet Show ကို ဒီဇင်ဘာ ၁၉ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ တယုတယခြွေ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒီဒီထက်အောင်က ရေးသားထားပြီး ဒါရိုက်တာ စိုးမိုးမင်းက အောင်စေရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော် ရိုက်ကူးပေးထားကြောင်း သိရသည်။

"ဒီဇာတ်ကားဟာ လွန်ခဲ့တဲ့ ရှစ်လကျော်က ရိုက်ထားတဲ့ ဇာတ်ကားတစ်ကားပါ။ ဒီဇာတ်ကားမှာ ကာရိုက်တာက စိတ်နေစိတ်ထားမျိုးစုံ ပြောင်းလဲရတဲ့ မိန်းကလေးတစ်ယောက်ပါ။ ကိုညီနန္ဒနဲ့တွေ့ချိန်မှာ စိတ်ထားက တစ်မျိုး၊ ကိုရွှေထူးနဲ့ တွေ့ချိန်မှာ စိတ်ထားက တစ်မျိုးသရုပ်ဆောင်ထားပါတယ်။ ခပ်မိုက်မိုက် လူဆိုးလူမိုက်အထာလေး ကိုရွှေထူးကို တွေ့ရမှာပါ။ ဒီကားရိုက်ချိန်မှာ အမှတ်တရတွေ အများကြီး ရှိခဲ့ပါတယ်"ဟု အဆိုပါ ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ အိချောပိုက ပြောပြသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ရွှေထူး၊ ညီနန္ဒ၊ မင်းအာကာ၊ အိချောပို၊ ခိုင်နှင်းဝေ၊ ရွှေပိုးအိမ်၊ မေသန်းနုနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

**ASH**

# Las Malas ဇာတ်ကားသစ်၌ စပိန်မင်းသမီး ကာလာဆိုဖီယာဂါစကွန်း ပါဝင်မည်

**နယူးယောက် ဒီဇင်ဘာ ၂၀**

စပိန်မင်းသမီး ကာလာဆိုဖီယာဂါစကွန်းသည် Las Malas အမည်ရှိ ရုပ်ရှင်ဇာတ်ကားသစ်၌ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၉ ရက်သတင်းများအရ သိရသည်။

Las Malas ရုပ်ရှင်ဇာတ်ကားသည်အာဂျင်တီးနားစာရေးဆရာမ ကာမီလာဆိုဆာဗီလာဒါ ရေးသားသည့် Bad Girls အမည်ရှိ ဝတ္ထုကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Las Malas ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ အာမန်ဒိုဘိုက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

၎င်းဇာတ်ကားအတွက် ဇာတ်ညွှန်းကို အာမန်ဒိုဘိုက ဇာတ်ညွှန်းရေးဆရာမ ဂျိုးမီနာလီဆီထရာနှင့် ပူးတွဲရေးသားထားသည်။

မင်းသမီး ကာလာဆိုဖီယာဂါစကွန်းသည် ကန့်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်၌ အထူးအောင်မြင်မှုရရှိထားသည့် Emilia Perez ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် Las Malas ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# တေးသံရှင် ဇော်ပိုင်၊ ထွန်းအိန္ဒြာဗို၊ နေမင်းအိမ်၊ The Sai ၊ မေလသံစဉ်တို့ပါဝင်သည့် Diary Live Concert ဂီတဖျော်ဖြေပွဲကို Chatrium Hotel တွင် ပြုလုပ်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

Ngwe Taungtan Entertain-ment က စီစဉ်တင်ဆက်သည့် တေးသံရှင် ဇော်ပိုင်၊ ထွန်းအိန္ဒြာဗို၊ နေမင်းအိမ်၊ The Sai၊ မေလသံစဉ်တို့ပါဝင်သော Diary Live Con-cert ဂီတဖျော်ဖြေပွဲကို ယနေ့တွင် Chatrium Hotel ၌ ကျင်းပပြုလုပ်ကြောင်း တေးသံရှင် ထွန်းအိန္ဒြာဗိုက ပြောပြ၍ သိရသည်။

တေးသံရှင် ဇော်ပိုင်၊ ထွန်းအိန္ဒြာဗိုနှင့် လူငယ်တေးသံရှင် သုံးဦးပါဝင်သည့် Diary Live Concert တေးဂီတဖျော်ဖြေပွဲကို ယနေ့ည ၇ နာရီတွင် December Music Concert ပွဲအဖြစ် Chatri-um Hotel ၌ ကျင်းပကြောင်း သိရသည်။

"Chatrium Hotel မှာ ကျွန်မနဲ့အတူတူ အနုပညာမောင်နှမတွေ တော်တော်များများ ဖျော်ဖြေရေးလုပ်ပါတယ်။ ဒီဇင်ဘာလကတော့ ပွင့်လင်းရာသီဖြစ်တဲ့အတွက် ပွဲတွေလဲများပါတယ်။ သူများတွေလဲ ပွဲတွေဆိုကြတော့ ကျွန်မလဲ သီချင်းတွေ ဆိုချင်တယ်။ တကက်တကက်ကြွကြွနဲ့ကို ရင်တွေလဲခုန်နေပါတယ်။ တစ်ချိန်က အောင်မြင်ပြီး ပရိသတ်ရင်ထဲရောက်ခဲ့တဲ့ အနက်ရှိုင်းဆုံး သံစဉ်တွေလဲပါဝင်ပါတယ်။ ပရိသတ်အတွက် ကျွန်မ သီချင်းတွေ အများကြီးဆိုဖြစ်ပါတယ်"ဟု တေးသံရှင် ထွန်းအိန္ဒြာဗိုက ပြောပြသည်။

Ngwe Taungtan Entertain-ment က စီစဉ်တင်ဆက်သည့် အဆိုပါတေးဂီတ ဖျော်ဖြေပွဲတွင် ဝါရင့်တေးသံရှင် ဇော်ပိုင်၊ ထွန်းအိန္ဒြာဗိုနှင့်အတူ နေမင်းအိမ်၊ The Sai၊ မေလသံစဉ်တို့၏ သီဆိုဖျော်ဖြေမှုများကို Mercury IX Band က အကောင်းဆုံးတီးခတ်ပေးထားကြောင်း သိရသည်။

**ASH**

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing accepts credentials of Ambassador of Cambodia to Myanmar



Senior General Min Aung Hlaing receives newly accredited Cambodian Ambassador to Myanmar H.E. Mr. CHENG Manith.

**Nay Pyi Taw December 20**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing accepted the Credentials from the newly accredited Cambodian Ambassador to Myanmar H.E. Mr. CHENG Manith at the Credentials Hall of the Office of the SAC Chairman in Nay Pyi Taw at 10:00 am today.

They then cordially discussed the enhancement of diplomatic relations and friendship between the two countries, areas of bilateral economic cooperation, developing mutual trade and further trade promotion programs, tourism sector development, cultural exchange programs, holding of the 70th Aniversary of the establishment of diplomatic relations between the two with full of essence, and further programs for promotion of mutual cooperation.

Afterwards, the Senior General and the Cambodian Ambassador to Myanmar posed for documentary photos.

Also present on occasion were Joint SAC Secretary General Ye Win Oo, Deputy Prime Minister Union Minister for Foreign Affairs U Than Swe and Director-General of the Protocol Department U Zaw Tun Oo. 100

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing accepts Credentials from LPDR Ambassador to Myanmar

**Nay Pyi Taw December 20**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing accepted the Credentials from the newly accredited Ambassador of Lao People's Democratic Republic to Myanmar H.E. Mr. Bounphieng CHANTHAVONG at the Credentials Hall of the Office of the SAC Chairman in Nay Pyi Taw at 10:30 am today.

They then cordially discussed the improving friendship and cooperation between the two good friendly neighbours, Myanmar and Laos, possible areas for extending border, enhancement of people-to-people friendship through cross-border activities on both sides of the friendship bridge, mutual trade promotion, extension of direct flights to develop tourism, and scholarship and cultural exchange programs.

Afterwards, the Senior General and the LPDR Ambassador to Myanmar posed for documentary photos.

Also present on occasion were Joint SAC Secretary General Ye Win Oo, Deputy Prime Minister Union Minister for Foreign Affairs U Than Swe and Director-General of the Protocol Department U Zaw Tun Oo. 100



Senior General Min Aung Hlaing receives newly accredited Ambassador of Lao People's Democratic Republic to Myanmar H.E. Mr. Bounphieng CHANTHAVONG.

# Roundup: Latest moves of global central banks amid U.S. Fed's caution on rate cuts

**Beijing December 20**

The U.S. Federal Reserve cut interest rates a quarter-point on Wednesday in a widely-anticipated move, while indicating fewer cuts next year and raising its inflation outlook.

The Fed's more cautious stance on rate cuts has disappointed markets and traders, leaving investors struggling to evaluate how it would affect global interest rates looking ahead.

The following are the latest moves of some central banks around the world:

-- The Bank of Japan (BOJ) on Thursday decided to keep its key short-term rate on hold at around 0.25 percent at the end of a two-day policy meeting, as widely expected by the market.

Xinhua

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# SAC Chairman Prime Minister Senior General Min Aung Hlaing attends closing ceremony of Fifth National Sports Festival 2024


Senior General Min Aung Hlaing and Daw Kyu Kyu Hla watch the final match between the Ministry of Planning and Finance and Ministry of Construction in the football tournament of the 2024 National Sports Festival.

**Nay Pyi Taw December 20**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing delivered an address at the closing ceremony of the Fifth National Sports Festival 2024 at Wunna Theikdi Stadium in Nay Pyi Taw this evening.

Also present at the ceremony were Daw Kyu Kyu Hla, wife of the Senior General, Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win and his wife Daw Than Than Nwe, Council Secretary General Aung Lin Dwe and his wife, Council Joint Secretary General Ye Win Oo and his wife, council members and their wives, union ministers, union-level dignitaries and their wives, the Nay Pyi Taw Council Chairman, senior Tatmadaw officers from the Office of the Commander-in-Chief, the commander of Nay Pyi Taw Command, deputy ministers, members of Olympic Committee, presidents, vice presidents and members of Myanmar sports federations, guests, administrators, coaches and athletes from sports contingents of ministries, regions and states, Tatmadaw members, ministerial staff, artistes from literary, music, motion pictures and theatrical arenas, students and sports fan people.

Before the ceremony, famous vocalists performed song entertainment.

The Senior General, his wife and guests watched the final match between Ministry of Planning and Finance and Ministry of Construction in the football tournament of the 2024 National Sports Festival. In the match, the Ministry of Construction clinched the title with a 1-0 win over the opponent in the 87th minute.

After the football match, the closing ceremony of the festival followed. The Senior General, his wife and party enjoyed the song entertainment "Revitalization of Atar Thingyan as traditional heritage" to mark the recognizing the Myanmar's traditional Atar Thingyan festival as the World's intangible cultural heritage list.


A football player receiving prize.


A football player receiving prize.

Next, a video clip titled "enhancing the sports to safeguard the State" highlighting the 2024 Fifth National Sports Festival was screened.

Athletes from the sports teams of ministries, regions and states took positions in the stadium.

At the awarding for the football tournament, SAC members General Nyo Saw, Lt-Gen Yar Pyae, General Maung Maung Aye, Admiral Tin Aung San and General Mya Tun Oo presented best player awards for goalkeeper, defender, mid-fielder, forwarder and the player of the tournament to relevant athletes respectively.

Council Joint Secretary General Ye Win Oo presented individual medals and mascots to players from the third-prize winning Ministry of Cooperatives and Rural Development while Secretary General Aung Lin Dwe gave individual medals and mascots to players from the second-prize winning Ministry of Planning and Finance.

The Vice-Senior General awarded players of the first prize-winning Ministry of Construction with individual medals and mascots.

The Senior General presented championship trophies to Champion Ayeyawady Region team in the Inter-State and Region parasports competition, Champion Yangon Region team in the Inter-State and Region sports competition and Champion Ministry of Defence team in the Inter-Ministry sports competition, respectively.

Senior General Min Aung Hlaing stated in his speech that the Fifth National Sports Festival, which began on December 2, has been successfully completed. The event involved 6 sports categories for Union-level organizations and ministries, 23 sports categories for competitions in Nay Pyi Taw, states, and regions, and 4 sports categories for disabled athletes at the state and regional level. Over 10,000 athletes, officials, coaches, referees, and jurors participated in the event. This year's festival, like previous national sports festivals, saw widespread participation.

In this sports festival, the meetings between ethnic brothers and sisters from the Union ministries, Nay Pyi Taw Council, and states/regions were not just ordinary gatherings; they were based on a spirit of sportsmanship, fairness, and mutual respect.


The closing ceremony of the Fifth National Sports Festival 2024 in progress.

*See Page 14*



The final football match attracts lots of spectators.

*From Page 13*

Thus, this festival not only showcased national unity but also exhibited the strength, unity, and peaceful stability of the nation. It was a demonstration of the collective resilience and vitality of the Myanmar people.

In this national sports festival, the speech addressed the citizens of Myanmar, emphasizing that **all citizens, living together within Myanmar, are performing their duties for the benefit of the country and the people according to their respective fields.** The festival highlighted the deep love and loyalty citizens have for their country. Winning medals and raising the national flag on the global stage brings more honor than any personal recognition, as it elevates both the sport and the nation's honor, strengthening the spirit of Myanmar and defending the nation. The festival contributes to developing patriotism and pride among the citizens, inspiring them to serve their country.

At this time, Myanmar faces both domestic and international threats and challenges. Many small but strategically important countries around the world are facing similar situations, and it is important for the people, government, and military to unite and protect the country. The speech emphasized **recognizing and honoring the military personnel, Myanmar Police Force members, and civil servants who have been serving their duties for their country and people amid such difficulties. The successful organization and gathering of this National Sports Festival, which will enhance national unity, resilience, and the strength of the spirit, was made possible because of the presence of heroes who are safeguarding and protecting our country.** Therefore, we would like to specially **acknowledge and honor all the military personnel, members of the Myanmar Police Force, civil servants, and other good-hearted citizens who have given their lives in defence of our country, our people, and our citizens.**

We would like to express our sincere gratitude and appreciation to the individuals from various sectors who supervised and organized this grand event, as well as those who contributed to the opening and closing ceremonies, ensuring they were conducted at the national level with dignity and decorum. Our thanks extend to the Union ministries, the Nay Pyi Taw Council, the state and regional government teams, staff, artists, students, and the sports organizations that played a key role in the competitions. We also express special appreciation to the officials, referees, jurors, administrators, coaches, and athletes who participated and competed.

The organization of this Fifth National Sports Festival was intended as preparation for the upcoming successful participation in the 33rd Southeast Asian Games, which will be hosted by Thailand in 2025, and the 13th ASEAN Para Games to be held in Thailand in 2026. Therefore, athletes selected from this event will be regrouped and trained to achieve the set goals, and continuous efforts will be made to ensure their success in these future competitions.

May all athletes who participated in the sports festival be able to leapfrog from the sports sector to a developed society through their perfect practice, high standards, intelligence, unity, perseverance, observance of disciplines, moral compass, mutual understanding, warm friendship and transparent exchanges of views. May you be able to contribute to the development of five strengths and nurturing new generations of athletes. In conclusion, the Senior General urged them to try to be athletes who can improve the image of the country through sports and announced the successful conclusion of the sports festival.

After the conclusion of the sport festival, fireworks commemorating the successful conclusion of the sport festival were set off. Moreover, the main sport festival torch of the fifth national sports festival on the top of the southeastern corner of Wunnatheikdhi Sports Stadium , which was lit up and born by athletes, who lived up to the image of the country, at the opening ceremony on 9 December was put out at the same time.

Then, the flag of the sports festival was lowered from atop the staff and born to leave the sports ground before athletes and the state military band left the sports ground.

Similarly, other festivities took place including martial art demonstrations of the Myanmar Thaing Federation, traditional dances of ethnic groups in states and regions, aerobic performance of the Ministry of Sports and Youth Affairs and singing the sports festival closing song "Let's Go to the Golden Land Together," and the ceremony concluded successfully.



Athletes from the sports teams of ministries, regions and states take positions in the stadium at the closing ceremony.

Then, former athletes and athletes who were able to improve the reputation of the country through sports and paralympic sports were introduced to the spectators one by one and fireworks commemorating the successful conclusion of the sports festival were set off.

The first national sports festival featuring 22 types of sports was held in Yangon from 3 to 16 May, 1992. The second national sports festival featuring 24 types of sports was held in Yangon from 25 January to 6 February 1994. The third national sport festival featuring 29 types of sports was held in Yangon from 11 to 24 January, 1997. The fourth national sports festival featuring 27 types of sports was held in Nay Pyi Taw from 13 to 28 February, 2015.

The fifth national sports festival was held on a grand scale starting from the beginning of December with the aims of enhancing the sports standards of the country, achieving success in the 33rd Sea Games and other international sports competitions, nurturing potential new generation athletes and highly competent athletes who can live up to the reputations of the country, increasing the sports activities by building friendship among states and regions and ministries and encouraging the people to participate in sports activities by inspiring interest in sports among them. The fifth national sports festival featuring 33 types of sports including six sports categories at the ministry level, 23 sports categories in the state and region level and four sports categories in the paralympic level started in early December and concluded successfully today.

100



A spectacular view of the closing ceremony of the Fifth National Sports Festival 2024.

# S. Korean ruling party decides to join consultative body for stabilizing state affairs

**Seoul December 20**

South Korea's ruling party has decided to take part in a consultative body for stabilizing the operation of state affairs, its floor leader said on Friday.

Kweon Seong-dong, the floor leader of the People Power Party (PPP), told reporters that his party has decided to participate in the body between the rival parties and the government to discuss issues on security and improving people's livelihoods, adding a discussion with the National Assembly Speaker Woo Won-shik is underway on the body's make-up, Yonhap news agency reported on Friday.

The announcement marked a reversal of the ruling party's attitudes toward the issue, as the PPP had turned down a proposal last Sunday by Lee Jae-myung, the leader of the main opposition Democratic Party, for the country's parliament and government to set up such a body to facilitate multi-party cooperation on state affairs.

During a meeting with Han Duck-soo, the country's acting president, at the National Assembly on Sunday, the parliament speaker stressed the imperative and urgency to launch the consultative body.

Xinhua

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ပုစွန်အစုံ ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**လပွတ္တာ ဒီဇင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ပုစွန်အစုံ ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရည်ဝင်းက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလက ပုစွန်အစုံ ပိဿာချိန် ၅၀၀၀၀ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ပုစွန်အစုံ ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသမှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသမှ ထွက်ရှိသည့် ပုစွန်များဝယ်ယူပြီး စနစ်တကျ သန့်စင်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"လပွတ္တာမြို့နယ်က ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ နိုဝင်ဘာလက ပုစွန်အစုံပိဿာချိန် ၇၂၀၀၀ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပုစွန်တွေ အပါအဝင်ရေထွက်ကုန်တွေ များများတင်ပို့ရောင်းချနေရတာကြောင့် ရေထွက်ကုန်ပစ္စည်းတွေ တင်ပို့ရောင်းချတဲ့လုပ်ငန်းလုပ်ကိုင်သူတွေလဲ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိလာပါတယ်။ ရေထွက်ကုန်တွေကို ကုန်တင်ကားတွေနဲ့ အများဆုံး တင်ပို့ရောင်းချခဲ့ရပါတယ်။တင်ပို့ရောင်းချရတာလဲ အခက်အခဲမရှိပါဘူး" ဟု လပွတ္တာမြို့နယ် ရေထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရည်ဝင်းက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပုစွန်တစ်ပိဿာလျှင် ပုစွန်ဘော့ချိတ် ငွေကျပ် ၁၈၅၀၀ မှ ၂၀၅၀၀၊ ပုစွန်ဆိတ်သေးငွေကျပ် ၁၇၅၀၀ မှ၁၈၅၀၀၊ ပုစွန်ဆိတ်ကြီးငွေကျပ် ၁၈၅၀၀မှ ၂၀၅၀၀ စသည်ဖြင့် လတ်ဆတ်မှု အပေါ်မူတည်ပြီး ဈေးနှုန်းအနိမ့်အမြင့်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၀-၁၂-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနော်သုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနော်သုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၀၄၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၂၂၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၃၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၄၉၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ရေဦး ဒီဇင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၄၉၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၈၃၆၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၄၉၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဒီပဲယင်းမြို့နယ်အတွင်း နေကြာဧက ၈၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပကတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာတစ်ဧကဆီထွက်ရှိမှုက မြေပဲ၊ နှမ်းတွေထက်ပိုများပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။



ဒီပဲယင်းမြို့နယ်တွင် နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းနှင့် နေကြာစိုက်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများ အရှိန်မြှင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ဇီးကုန်းမြို့နယ် ချောင်းနားကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဇီးကုန်း ဒီဇင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောင်းနားကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁၉ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်က ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ချေးငွေများကို Mobile Financial Payment စနစ် အသုံးပြု၍ ထုတ်ချေးပေးခြင်းဖြင့် ကျေးလက်နေပြည်သူများဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများကို လက်လှမ်းမီနိုင်စေပြီး ငွေကြေး မသမာမှုများကြောင့် ဆုံးရှုံးနိုင်မှု လျော့နည်းစေမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် Myanmar Citizens Payတို့ ပူးပေါင်း၍ Mobile Financial Payment စနစ်အသုံးပြုပြီး ချောင်းနားကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၁၇ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၉၂ ဦးကို ငွေကျပ် ၁၃ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဘောလုံးအားကစားပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် မသန်စွမ်းအားကစားပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိသော ဧရာဝတီတိုင်းဒေသကြီးအား တံခွန်စိုက်ဆုဖလားကြီး ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အားကစားပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိသော ရန်ကုန်တိုင်းဒေသကြီးအား တံခွန်စိုက်ဆုဖလားကြီး ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဝန်ကြီးဌာနအဆင့် အားကစားပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိသော ကာကွယ်ရေးဝန်ကြီးဌာနအား တံခွန်စိုက်ဆုဖလားကြီး ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် လာဘ်ကောင်ရုပ်များ ပေးအပ်ချီးမြှင့်စဉ်။

ရှေ့ဖုံးမှအဆက်

ကောင်စီတွဲဖက်အတွင်းရေးမှူးဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အိုလံပစ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အားကစားအသင်းများမှ အုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများ၊ တပ်မတော်သားများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်တို့မှ အနုပညာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ အားကစားဝါသနာရှင်ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားမစတင်မီ နိုင်ငံကျော်တေးသံရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် ဧည့်သည်တော်များသည် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဘောလုံးအားကစားပြိုင်ပွဲဗိုလ်လုပွဲအဖြစ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။အဆိုပါ ပွဲစဉ်တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့သည် ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့် အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် အကြိတ်အနယ် ဖိအားပေးယှဉ်ပြိုင်ကစားခဲ့ကြပြီး ပွဲကစားချိန် ၈၇ မိနစ်တွင် သွင်းယူခဲ့သည့် တစ်လုံးတည်းသောအဖိုးတန်အနိုင်ဂိုးဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက အနိုင်ရဗိုလ်စွဲခဲ့သည်။

ဘောလုံးအားကစားပြိုင်ပွဲ ဗိုလ်လုပွဲအပြီးတွင် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားကိုစတင်ကျင်းပရာ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်အား ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းအဖြစ် သတ်မှတ်ခံရခြင်း အထိမ်းအမှတ်အဖြစ် “ရိုးရာအမွေလက်ဆင့်ကမ်းအတာသင်္ကြန်တစ်ခေတ်ဆန်း”အစီအစဉ်ဖြင့် သီဆိုသရုပ်ဖော်တင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက်

**ယခုပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို ကျင်းပခဲ့ခြင်းသည် လာမည့် ၂၀၂၅ ခုနှစ်တွင် ထိုင်းနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ၂၀၂၆ ခုနှစ်အတွင်း ထိုင်းနိုင်ငံတွင်ကျင်းပပြုလုပ်မည့် (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတို့တွင် အောင်မြင်မှုများရရှိရေးအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်၊ ယခုပြိုင်ပွဲကြီးက ရွေးချယ်ရရှိသည့် အရည်အချင်းမီအားကစားသမားများကို ပြန်လည်စုဖွဲ့လေ့ကျင့်ပြီး ရည်ရွယ်ချက်များအတိုင်း ပေါက်မြောက်အောင်မြင်စေရေးအတွက် ဆက်လက်ကြိုးပမ်း အလေးထားဆောင်ရွက်သွားကြရန်လို. . .**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပြိုင်ပွဲဝင်အားကစားအသင်းများမှ အားကစားသမားများ ကွင်းအတွင်းဝင်ရောက်နေရာယူမှုကို ကြည့်ရှုအားပေးစဉ်။





အမျိုးသားအားကစားပွဲတော် ကျင်းပဆောင်ရွက်ခဲ့မှုအား ရိုက်ကူးတင်ဆက်ထားသည့် "အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်" မှတ်တမ်းဗီဒီယိုကိုပြသသည်။

ယင်းနောက် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပြိုင်ပွဲဝင် အားကစားအသင်းများမှ အားကစားသမားများသည် ကွင်းအတွင်းသို့ ဝင်ရောက်နေရာယူကြသည်။

ထို့နောက် ဘောလုံးပြိုင်ပွဲဆုချီးမြှင့်ခြင်းနှင့် တံခွန်စိုက်ဆုဖလားရရှိသောဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသင်းများကို ဆုချီးမြှင့်ကြရာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးညိုစော၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ဗိုလ်ချုပ်ကြီးမြထွန်းဦးတို့က အကောင်းဆုံးဂိုသမားဆု၊ အကောင်းဆုံးနောက်တန်း အားကစားသမားဆု၊ အကောင်းဆုံးအလယ်တန်းအားကစားသမားဆု၊အကောင်းဆုံးရှေ့တန်းအားကစားသမားဆု၊ပြိုင်ပွဲတစ်လျှောက်အကောင်းဆုံးအားကစားသမားဆုရရှိကြသူများကို ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးက တတိယဆုရရှိသည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့်

**စာမျက်နှာ ၁၈ သို့**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ အားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး ဒုတိယဆုရရှိသည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်လာဘ်ကောင်ရုပ်များကို ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တတိယဆုရရှိသည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်လာဘ်ကောင်ရုပ်များကို ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး ပြိုင်ပွဲတစ်လျှောက်အကောင်းဆုံးအားကစားသမားဆုရရှိသူအား ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



**အမိမြန်မာနိုင်ငံတော်အတွင်း စုပေါင်းနေထိုင်ကြသည့် နိုင်ငံသားတိုင်းသည် မိမိတို့ကဏ္ဍအလိုက် ကျရာတာဝန်များကို နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် ထမ်းဆောင်နေကြသူများဖြစ်၍ နိုင်ငံသူနိုင်ငံသားတိုင်း၏ တိုင်းချစ်ပြည်ချစ်စိတ်ကို ယခုနေရာမှ အလေးထားအသိအမှတ်ပြု၊ အခက်အခဲများအကြား နိုင်ငံ၏နေရာဒေသအသီးသီးတွင်တာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၏ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် တာဝန်ထမ်းဆောင်နေမှုများကို အသိအမှတ်ပြုဂုဏ်ပြု. . .**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားတွင် မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်အား ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံရခြင်း အထိမ်းအမှတ်အဖြစ် "ရိုးရာအမွေလက်ဆင့်ကမ်း အတာသင်္ကြန် တစ်ခေတ်ဆန်း" အစီအစဉ်ဖြင့် သီဆိုသရုပ်ဖော် တင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။



စာမျက်နှာ ၁၇ မှအဆက်

အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ် လာဘ်ကောင်ရုပ်များကိုလည်းကောင်း၊ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးက ဒုတိယဆုရရှိသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးရာဝန်ကြီးဌာန အသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် အမျိုးသား အားကစားပွဲတော်အထိမ်းအမှတ် လာဘ်ကောင်ရုပ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် လာဘ်ကောင်ရုပ်များကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် မသန်စွမ်းအားကစားပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိသော ရောဝတီတိုင်းဒေသကြီးအား တံခွန်စိုက်ဆုဖလားကြီးကိုလည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိသော ရန်ကုန်တိုင်းဒေသကြီးအား တံခွန်စိုက်ဆုဖလားကြီးကိုလည်းကောင်း၊ ဝန်ကြီးဌာနအဆင့် အားကစားပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိသော ကာကွယ်ရေးဝန်ကြီးဌာနအား တံခွန်စိုက်ဆုဖလားကြီးကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ယနေ့တွင် ဒီဇင်ဘာ ၂ ရက်မှစတင်ကျင်းပခဲ့သည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီး အောင်မြင်စွာပြီးမြောက်ခဲ့ပြီဖြစ်ကြောင်း၊ စာမျက်နှာ ၁၉ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း အကောင်းဆုံးရှေ့တန်းအားကစားသမားဆုရရှိသူအား ဂုဏ်ပြုဆုနှင့် ဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေး အကောင်းဆုံးအလယ်တန်းအားကစားသမားဆုရရှိသူအား ဂုဏ်ပြုဆုနှင့် ဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ပရိသတ်များကို တွေ့ရစဉ်။



၂၀၂၄ ခုနှစ် ပဥ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနား၌ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်က စွမ်းရည်ပြသမှုဖြင့် ဖျော်ဖြေတင်ဆက်စဉ်။

**စာမျက်နှာ ၁၈ မှအဆက်**

ကျင်းပခဲ့သည့် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးတွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများအတွက် အားကစားနည်းခြောက်မျိုး၊ နေပြည်တော်ကောင်စီ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲတွင် အားကစားနည်း ၂၃ မျိုး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်မသန်စွမ်းအားကစားပြိုင်ပွဲတွင် အားကစားနည်း လေးမျိုး သတ်မှတ် ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲကြီးတွင် အားကစားသမား၊ အုပ်ချုပ်သူ၊ နည်းပြ၊ ဒိုင်လူကြီး စုစုပေါင်း ၁၀၀၀၀ ကျော်ပါဝင်ဆင်နွှဲခဲ့သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ယခုပဥ္စမအကြိမ် အမျိုးသား အားကစားပွဲတော်ကြီးသည်လည်း ယခင်ကျင်းပပြီးစီးခဲ့သည့် အမျိုးသားအားကစားပွဲတော်များနည်းတူ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆင်နွှဲခဲ့ကြခြင်းဖြစ်သည်ကို တွေ့ရကြောင်း။

ယခု အားကစားပွဲတော်ကြီးတွင် ပြည်ထောင်စုဝန်ကြီးဌာနအသီးသီး၊ နေပြည်တော်ကောင်စီနှင့် ပြည်နယ်၊ တိုင်းဒေသကြီးအသီးသီးတို့မှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ဆုံစည်းမှုသည် သာမန်ဆုံစည်းမှုမဟုတ်ကြောင်း၊ သန့်ရှင်းမွန်မြတ်သည့် အားကစားစိတ်ဓာတ်ကို အခြေခံပြီး တရားမျှတသည့် ယှဉ်ပြိုင်မှုများဖြင့် ရင်းနှီးချစ်ကြည်စွာ ဆုံစည်းခဲ့ကြခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း အားကစားပြိုင်ပွဲ သက်သက်ကျင်းပခြင်း ထက်ပိုသည့် အမျိုးသားလှုပ်ရှားမှု၊ အမျိုးသားအားမာန်တို့ကို ထုတ်ဖော်ပြသသည့် ပွဲတော်၊ စည်းလုံးညီညွတ်မှုနှင့် တည်ငြိမ်အေးချမ်းမှုကို ပြသနိုင်သည့် ပွဲတော်၊ တစ်မျိုးသားလုံး၏ကြံ့ခိုင်သန်စွမ်းမှုနှင့် စွမ်းအားများဝင့်ကြွားခဲ့ထည်မှုကို ပြသနိုင်ခဲ့သည့် ပွဲတော်ကြီးဖြစ်သည်ဟုလည်း ဆိုရမည်ဖြစ်ကြောင်း။ မြန်မာတစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် ယခု အမျိုးသားအားကစားပွဲတော်တွင် နိုင်ငံတော်၊ ပြည်သူလူထုနှင့်သက်ဆိုင်သည့် စကားအချို့ကို ပြောလိုပါကြောင်း၊ မိမိတို့ အမိမြန်မာနိုင်ငံတော်အတွင်း စုပေါင်းနေထိုင်ကြသည့် နိုင်ငံသားတိုင်းသည် မိမိတို့ကဏ္ဍအလိုက် ကျရာတာဝန်များကို နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် ထမ်းဆောင်နေကြသူများဖြစ်ကြကြောင်း၊ နိုင်ငံသူ၊ နိုင်ငံသားတိုင်း၏ တိုင်းချစ်ပြည်ချစ်စိတ်ကို ယခုနေရာမှ အလေးထား အသိအမှတ်ပြုကြောင်းကို ပြောကြားလိုကြောင်း၊ နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် အနိုင်ရရှိသည့်အခါ၌ မိမိနိုင်ငံ၏ အလံနှင့် နိုင်ငံတော်သီချင်းလွှင့်တင်ပြီး နိုင်ငံတကာအလယ်တွင် ဂုဏ်ပြုခံရခြင်းထက် ဂုဏ်ယူဖွယ်၊ ဝမ်းမြောက်ဖွယ်ကောင်းသည်မှာ မရှိပါကြောင်း၊ အားကစားနှင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နေခြင်းဖြစ်ကြောင်း၊ မြန်မာဟူသည့်စိတ်ကို နိုးထစေပြီး နိုင်ငံကိုကာကွယ်နေခြင်းပင်ဖြစ်ကြောင်း၊ နှစ်စဉ် တည်ရှိနေမည့် အားကစားပွဲများမှ နိုင်ငံသားတိုင်း၏ နိုင်ငံချစ်စိတ်၊ နိုင်ငံအပေါ်ဂုဏ်ယူလိုစိတ်များကို တိုးတက်စေနိုင်မည်ဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် မိမိတို့နိုင်ငံသည် ပြည်တွင်း၊ ပြည်ပအန္တရာယ်များ၊ ဝင်ရောက်စွက်ဖက်မှုများဖြင့် ကြုံတွေ့နေရချိန်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသာမက မဟာဗျူဟာအချက်အချာကျသည့် ကမ္ဘာ့နိုင်ငံငယ်အများစုသည်လည်း ယင်းအခြေအနေနှင့် ကြုံနေရကြောင်း၊ ထိုကဲ့သို့အဘက်ဘက်မှ ထိုးနှက်တိုက်ခိုက်နေမှုများအပေါ် ပြည်သူလူထု၊ အစိုးရ၊ တပ်မတော်တို့၏ ပေါင်းစည်းအား၊ ညီညွတ်သောစိတ်ဓာတ်တို့ဖြင့် ကာကွယ်ရန်လိုကြောင်း၊ အထူးအလေးအနက်ထားပြောကြားလိုသည်မှာ ထိုကဲ့သို့ အခက်အခဲများအကြား နိုင်ငံ၏နေရာဒေသအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၏ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် တာဝန်ထမ်းဆောင်နေမှုများကို အသိအမှတ်ပြုဂုဏ်ပြုပါကြောင်းကို ပြောကြားလိုကြောင်း၊ တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့်၊ အမျိုးသားရေးကြံ့ခိုင်မှုနှင့် စိတ်ဓာတ်ခွန်အားကို တိုးတက်စေမည့် ယခုအမျိုးသားအားကစားပွဲတော်ကြီးကို ယခုကဲ့သို့ ကျင်းပနိုင်၊ စုစည်းနိုင်ခဲ့ခြင်းမှာလည်း မိမိတို့နိုင်ငံကို လုံခြုံအောင်ကာကွယ်ပေးနေသည့် သူရဲကောင်းများရှိနေခြင်းကြောင့်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၊ မိမိတို့ပြည်သူများကို ကာကွယ်ရင်း အသက်ပေးလှူကျဆုံးသွားခဲ့ရသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်မှုထမ်းအဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ အခြားနိုင်ငံ့သားကောင်းများအားလုံးကို အထူးအလေးထား ဦးညွှတ်ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်းကို ပြောကြားလိုကြောင်း။

ယခုပြိုင်ပွဲကြီးဖြစ်မြောက်အောင် ကဏ္ဍအသီးသီးမှ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြသည့်ပုဂ္ဂိုလ်များ၊ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများကို စာမျက်နှာ ၂၀ သို့



၂၀၂၄ ခုနှစ် ပဥ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲသီချင်း “ရွှေပြည်တော်သို့ တို့အတူ”သီချင်းဖြင့် ဖျော်ဖြေတင်ဆက်နေမှုကို တွေ့ရစဉ်။



၂၀၂၄ ခုနှစ် ပဥ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ပရိသတ်များကို တွေ့ရစဉ်။

**စာမျက်နှာ ၁၉ မှအဆက်**

နိုင်ငံတော်အဆင့် ခမ်းခမ်းနားနား ကျင်းပနိုင်အောင် စီမံဆောင်ရွက်ပေးခဲ့ကြသူများနှင့်ပါဝင်ဆောင်ရွက်ကြသည့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ ဝန်ထမ်းများ၊ အနုပညာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ အားကစားပြိုင်ပွဲများတွင် တာဝန်ထမ်းဆောင်ပေးခဲ့ကြသည့် အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဒိုင်များ၊ ဂျူရီများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် အားကစားသမားများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ပြောကြားလိုကြောင်း။

ယခုပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို ကျင်းပခဲ့ခြင်းသည် လာမည့် ၂၀၂၅ ခုနှစ်တွင် ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့်



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနား၌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက အေရိုးဗစ်အကဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်စဉ်။



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပပြီးစီးခြင်းအထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများ ပစ်ဖောက်စဉ်။

၂၀၂၆ ခုနှစ်အတွင်း ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၁၃)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတို့တွင် အောင်မြင်မှုများရရှိရေးအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ယခုပြိုင်ပွဲကြီးက ရွေးချယ်ရရှိသည့် အရည်အချင်းမီ အားကစားသမားများကို ပြန်လည်စုဖွဲ့လေ့ကျင့်ပြီး ရည်ရွယ်ချက်များအတိုင်း ပေါက်မြောက် အောင်မြင်စေရေးအတွက် ဆက်လက်ကြိုးပမ်း အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း။

ယခုပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် အားကစားမောင်တို့ မယ်တို့အနေဖြင့် လေ့ကျင့်သားပြည့်ဝမှု၊ စံချိန်စံညွှန်းကောင်းမွန်မှု၊ ဉာဏ်ရည်ထက်မြက်မှု၊ စည်းလုံးညီညွတ်မှု၊ ဖွဲလုံ့လရှိမှု၊ စည်းကမ်းလိုက်နာမှု၊ စာရိတ္တကောင်းမွန်မှု၊ အပြန်အလှန်နားလည်မှု၊ နွေးထွေးသည့် ချစ်ကြည်ရင်းနှီးမှု၊ ပွင့်လင်းသည့် အမြင်ချင်းဖလှယ်မှုများဖြင့် အားကစားကဏ္ဍမှသည် ဖွံ့ဖြိုးတိုးတက်သည့် လူမှုအသိုက်အဝန်းဆီသို့ တက်လှမ်းနိုင်ကြပါစေကြောင်း၊ လူငယ်လူရွယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် မျိုးဆက်သစ်အားကစားသမားများ မွေးထုတ်ပေးနိုင်ကြပါကြောင်း၊ နိုင်ငံတော်၏ဂုဏ်သိက္ခာကို အားကစားဖြင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်သူများ ဖြစ်ကြပါစေကြောင်းကို ဆန္ဒပြုတိုက်တွန်းပါကြောင်းဖြင့် ပြောကြားပြီး ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ပိတ်သိမ်းကြောင်း ကြေညာသည်။

ထိုသို့ ပိတ်သိမ်းကြောင်း ကြေညာလိုက်သည်နှင့်တစ်ပြိုင်နက် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပပြီးစီးခြင်း အထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများကို ပစ်ဖောက်ခဲ့ကြသည်။ ထို့ပြင် ဒီဇင်ဘာ ၉ ရက် ဖွင့်ပွဲအခမ်းအနားကျင်းပချိန်တွင် မြန်မာ့လက်ရွေးစင် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ လက်ဆင့်ကမ်းသယ်ဆောင်ထွန်းညှိခဲ့သည့် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းကြီး၏ အရှေ့တောင်ထောင့် အပေါ်ဆုံးတွင်ရှိသည့် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ပင်မအထိမ်းအမှတ် မီးရှူးတိုင်ကိုလည်း တစ်ပြိုင်တည်းမီးငြိမ်းသတ်ခဲ့သည်။

ထို့နောက် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် အလံကို တိုင်ထိပ်မှချ၍ ကွင်းအတွင်းမှ ပြန်လည်သယ်ဆောင်သွားကြပြီး ပြိုင်ပွဲဝင် အားကစားသမားများနှင့် နိုင်ငံတော် စစ်တီးဝိုင်းတို့သည်လည်း ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

ထို့အတူ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်က စွမ်းရည်ပြသခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားများက တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက အေရိုးဗစ်အကဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ခြင်းနှင့် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲသီချင်း "ရွှေပြည်တော်သို့ တို့အတူ"သီချင်းကို သီဆိုဖျော်ဖြေတင်ဆက်ခြင်းတို့ကို ဆောင်ရွက်ကြပြီး အခမ်းအနားအောင်မြင်စွာပြီးမြောက်ခဲ့သည်။

**တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့်၊ အမျိုးသားရေးကြွခိုင်မှုနှင့် စိတ်ဓာတ်ခွန်အားကို တိုးတက်စေမည့် ယခုအမျိုးသားအားကစားပွဲတော်ကြီးကို ယခုကဲ့သို့ ကျင်းပနိုင်၊ စုစည်းနိုင်ခဲ့ခြင်းမှာလည်း မိမိတို့နိုင်ငံကို လုံခြုံအောင်ကာကွယ်ပေးနေသည့် သူရဲကောင်းများရှိနေခြင်းကြောင့်ပင်ဖြစ်...**

**မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၊ မိမိတို့ပြည်သူများကိုကာကွယ်ရင်း အသက်ပေးလှူကျဆုံးသွားခဲ့ရသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်မှုထမ်းအဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ အခြားနိုင်ငံ့သားကောင်းများအားလုံးကို အထူးအလေးထားဦးညွှတ်ဂုဏ်ပြုမှတ်တမ်းတင်...**

ယင်းနောက် အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဟောင်းကြီးများ၊ မသန်စွမ်း အားကစားနည်းဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ကြသည့် အားကစားသမားများကို တစ်ဦးချင်းမိတ်ဆက်ပေးပြီးနောက် အခမ်းအနားအောင်မြင်စွာပြီးမြောက်ခြင်း အထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများကို ပစ်ဖောက်ကြသည်။

ပထမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၁၉၉၂ ခုနှစ် မေ ၃ ရက်မှ ၁၆ ရက်အထိ ရန်ကုန်မြို့၌ အားကစားနည်း ၂၂ နည်းဖြင့်လည်းကောင်း၊ ဒုတိယအကြိမ်ကို ၁၉၉၄ ခုနှစ် ဇန်နဝါရီ ၂၅ ရက်မှ ဖေဖော်ဝါရီ ၆ ရက်အထိ ရန်ကုန်မြို့၌ အားကစားနည်း ၂၄ နည်းဖြင့်လည်းကောင်း၊ တတိယအကြိမ်ကို ၁၉၉၇ ခုနှစ် ဇန်နဝါရီ ၁၁ ရက်မှ ၂၄ ရက်အထိ ရန်ကုန်မြို့၌ အားကစားနည်း ၂၉ နည်းဖြင့်လည်းကောင်း၊ စတုတ္ထအကြိမ်ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၈ ရက်အထိ နေပြည်တော်၌ အားကစားနည်း ၂၇ နည်းဖြင့်လည်းကောင်း ကျင်းပခဲ့ပြီးဖြစ်သည်။

ယခု ၂၀၂၄ ခုနှစ်တွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်အောင်မြင်မှုရရှိစေရန်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီအားကစားသမားများနှင့် အလားအလာရှိသောလူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ ဝန်ကြီးဌာနများအကြား အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်စေရန်၊ ပြည်သူလူထုတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ပါဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် နေပြည်တော်၌ ဝန်ကြီးဌာနအဆင့် အားကစားနည်း ခြောက်နည်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ နည်းနှင့် မသန်စွမ်းအားကစားနည်း လေးနည်း စုစုပေါင်း ၃၃ နည်းတို့ဖြင့် ဒီဇင်ဘာအစောပိုင်းမှ စတင်ခဲ့ခြင်းဖြစ်ပြီး ယနေ့တွင် အောင်မြင်စွာဖြင့် ပိတ်သိမ်းခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(၅၀၁)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E. Mr. CHENG Manith နှင့် ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးစဉ်။

**☆ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီးမှ**

သံအမတ်ကြီး H.E. Mr. CHENG Manith သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ထို့နောက် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံမှုနှင့် ချစ်ကြည်ရင်းနှီးမှုများတိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ စီးပွားရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား အပြန်အလှန်ကုန်သွယ်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုနှင့် ပိုမိုတိုးတက်အောင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ယဉ်ကျေးမှုအပြန်အလှန်ဖလှယ်ရေးနှင့် နှစ်နိုင်ငံသံတမန်ဆက်ဆံမှုနှစ် (၇၀)ပြည့်အခမ်းအနားကို အနှစ်သာရရှိရှိဖြင့် ကျင်းပနိုင်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများတိုးတက်ရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါသံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(ဖြ၀၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Bounphieng CHANTHA-VONG နှင့် ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးစဉ်။

**❑ ကျောဖုံးမှအဆက်**

သံအမတ်ကြီး H.E. Mr. Bounphieng CHANTHAVONG သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် အိမ်နီးချင်းကောင်းမိတ်ဆွေကောင်းနိုင်ငံများဖြစ်ပြီး ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများတိုးတက်ကောင်းမွန်လျက်ရှိမှု အခြေအနေများ၊ နယ်စပ်ကုန်သွယ်မှုများပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်သည့်အခြေအနေများ၊ ချစ်ကြည်ရေးတံတားမှတစ်ဆင့် နှစ်နိုင်ငံပြည်သူများ ကူးလူးဆောင်ရွက်မှုများကြောင့် နှစ်နိုင်ငံနှင့် ပြည်သူများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများ တိုးတက်ကောင်းမွန်နိုင်မည့်အခြေအနေများ၊ အပြန်အလှန်ကုန်သွယ်မှုများမြှင့်တင်ရေး၊ ခရီးသွားလုပ်ငန်းများ တိုးတက်စေရေးအတွက် လေကြောင်း တိုက်ရိုက်ပျံသန်းမှုများ တိုးချဲ့ဆောင်ရွက်နိုင်သည့် အခြေအနေများ၊ ပညာတော်သင်များ အပြန်အလှန်စေလွှတ်လျက်ရှိမှုနှင့် ယဉ်ကျေးမှုအဖွဲ့များ အပြန်အလှန်စေလွှတ်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

အဆိုပါသံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(ဖြ၀၁)

## မော်လိုက်မြို့အနီး မြေငလျင်လှုပ်ခတ်

နေပြည်တော် ဒီဇင်ဘာ ၂၀

ယနေ့ည ၇ နာရီ ၄၃ မိနစ် ၀၆ စက္ကန့်အချိန်တွင် တမူးမြေငလျင်စခန်းမှ တောင်ဘက် ၄၆ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မော်လိုက်မြို့၏အနောက်တောင်ဘက် ၁၂ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၃ ဒသမ ၅၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၂၅ ဒီဂရီ၊ အနက်ကီလိုမီတာ ၈၀ ကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်လှုပ်ခတ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

## ထူးခြားသည့် ညအပူချိန်များ (၂၀-၁၂-၂၀၂၄)

| | | | | |
|---|---|---|---|---|
| ဟားခါး | ၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၄ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၅ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မချမ်းဘော | ၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၈ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၈ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |

# ရုပ်ရှင်ဥပဒေကိုပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**ရုပ်ရှင်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၅၉/၂၀၂၄)**
၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်
(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရုပ်ရှင်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ရုပ်ရှင်ဥပဒေပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ(က)၊(ခ)နှင့်(ဇ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) **ရုပ်ရှင်**ဆိုသည်မှာ နည်းပညာတစ်ရပ်ရပ်ဖြင့် ရုပ်ငြိမ်ကိုဖြစ်စေ၊ ရုပ်ပုံလှုပ်ရှားခြင်းကိုဖြစ်စေ၊ ရုပ်ပုံနှင့်အသံကိုဖြစ်စေထွက်ပေါ်စေခြင်းနှင့် ထိုကဲ့သို့ ထွက်ပေါ်စေရန် နည်းပညာတစ်ရပ်ရပ်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လုပ်ခြင်းနှင့်ပြသခြင်းတို့ကို ဆိုသည်၊

(ခ) **ရုပ်ရှင်ကား** ဆိုသည်မှာ ရုံတင်ပြသရန်သော်လည်းကောင်း၊ ရုံတင်ပြသပြီးနောက် နည်းပညာတစ်ရပ်ရပ်ဖြင့် ဖြန့်ချိရန်သော်လည်းကောင်း၊ ရုံတင်ပြသခြင်းမပြုဘဲ အိမ်သုံးအဖြစ်သော်လည်းကောင်း၊ ရုပ်မြင်သံကြားနှင့်အင်တာနက်(Internet)မှ ထုတ်လွှင့်ပြသရန်သော်လည်းကောင်း၊ ပြိုင်ပွဲဝင်ရန်အတွက်သော်လည်းကောင်း ရိုက်ကူးထုတ်လုပ်ထားသော ဇာတ်လမ်းကား၊ မှတ်တမ်းကား၊ ဇာတ်သဘင်၊ အငြိမ့်၊ ပြဇာတ်၊ တေးဂီတရုပ်ရှင်ကား၊ ဇာတ်လမ်းတို သို့မဟုတ် ဇာတ်လမ်းတွဲကို ဆိုသည်၊

(ဇ) **ဦးစီးဌာန**ဆိုသည်မှာ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကိုဆိုသည်၊"

(ခ) ပုဒ်မခွဲ(ဇ)၏နောက်တွင် ပုဒ်မခွဲ(ဈ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဈ) **ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်**ဆိုသည်မှာ ရုပ်ရှင်ကားတစ်ကားရိုက်ကူးထုတ်လုပ်ရာတွင် အနုပညာပိုင်းဆိုင်ရာသော်လည်းကောင်း၊ အတတ်ပညာပိုင်းဆိုင်ရာသော်လည်းကောင်း ပါဝင်ရသည့် ဒါရိုက်တာများ၊သရုပ်ဆောင်များ၊ ဇာတ်ညွှန်းရေးသူများ၊ တေးဂီတဖန်တီးသူများ၊ တည်းဖြတ်သူများ၊ ရိုက်ကွင်းစီစဉ်သူများ၊ ထုတ်လုပ်ရေးမန်နေဂျာများနှင့်ရုပ်ရှင်ကားတစ်ကားထုတ်လုပ်ရာတွင် လိုအပ်ချက်အရ နည်းပညာတစ်ရပ်ရပ်ဖြင့် ဖန်တီးပါဝင်သူများကိုဆိုသည်။"

၃။ ရုပ်ရှင်ဥပဒေပုဒ်မ ၃ တွင်-

(က) ပုဒ်မခွဲ(က)တွင်ပါရှိသော "မြန်မာ့ရုပ်ရှင်လုပ်ငန်း"ဆိုသည့်စကားရပ်ကို "မြန်မာ့ရုပ်ရှင်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်၊

(ခ) ပုဒ်မခွဲ(ဃ)တွင်ပါရှိသော "ရုပ်ရှင်အနုပညာရှင်များ၊ ရုပ်ရှင်ပညာသည်များ"ဆိုသည့်စကားရပ်ကို "ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များ"ဆိုသည့်စကားရပ်ဖြင့်အစားထိုးရမည်။

၄။ ရုပ်ရှင်ဥပဒေပုဒ်မ ၄ ခြေဆင်း၊ ပုဒ်မ ၇၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၅ခြေဆင်း၊ ပုဒ်မ ၂၆၊ ပုဒ်မ ၂၇၊ ပုဒ်မ ၃၆ နှင့် ပုဒ်မ ၃၉ ပုဒ်မခွဲ(က)နှင့်(ခ)တို့တွင်ပါရှိသော "မြန်မာ့ရုပ်ရှင်လုပ်ငန်း"ဆိုသည့်စကားရပ်များကို "ဦးစီးဌာန"ဆိုသည့် စကားရပ်များဖြင့် အသီးသီးအစားထိုးရမည်။

၅။ ရုပ်ရှင်ဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(ဇ)၏နောက်တွင် ပုဒ်မခွဲ(ဈ)၊(ည)၊(ဋ)၊(ဌ)၊(ဍ)နှင့် (ဎ)တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဈ) ရုပ်ရှင်သင်တန်းကျောင်းဖွင့်လှစ်ခြင်း၊
(ည) ရုပ်ရှင်ရိုက်ကူးရေးသုံးပစ္စည်းများငှားရမ်းခြင်း၊
(ဋ) ရုပ်ရှင်ထုတ်လုပ်ရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်း၊
(ဌ) ရုပ်ရှင်စတူဒီယို(Studio)တည်ထောင်လုပ်ကိုင်ခြင်း၊
(ဍ) ရုပ်ရှင်ကား အရုပ်၊ အသံကူးပြောင်းမှုနှင့် အထူးပြုလုပ်ချက်များဆောင်ရွက်ခြင်း၊
(ဎ) အွန်လိုင်း(Online)ရုပ်ရှင်ရုံတည်ထောင်ခြင်း၊ အက်ပလီကေးရှင်းများ(Applications)အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်း၊ အွန်လိုင်းပလက်ဖောင်းများ(Online Platforms) အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်း။"

၆။ ရုပ်ရှင်ဥပဒေပုဒ်မ ၅ ကိုအောက်ပါအတိုင်း အစားထိုးရမည်-

"၅။ ဦးစီးဌာနသည် လျှောက်ထားချက်ကိုသတ်မှတ်ချက်များနှင့်ညီညွတ်ခြင်းရှိ မရှိ စိစစ်၍ ရုပ်ရှင်လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းတို့ကို ပြန်ကြားရေးဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။"

၇။ ရုပ်ရှင်ဥပဒေပုဒ်မ ၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၈။ ဦးစီးဌာနသည် ရုပ်ရှင်လုပ်ငန်းလိုင်စင်ရရှိသူလိုက်နာရမည့် စည်းကမ်းချက်များကို သတ်မှတ်ရမည်။"

၈။ ရုပ်ရှင်ဥပဒေပုဒ်မ ၁၀ ပုဒ်မခွဲ(က)ပုဒ်မခွဲငယ်(၁)နှင့် ပုဒ်မ ၁၉ ပုဒ်မခွဲ(က)ပုဒ်မခွဲငယ်(၂)တို့တွင် ပါရှိသော "ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း"ဆိုသည့်စကားရပ်ကို "ညွှန်ကြားရေးမှူးချုပ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ရုပ်ရှင်ဥပဒေပုဒ်မ ၁၀ ပုဒ်မခွဲ(က)ပုဒ်မခွဲငယ်(၄)နှင့်ပုဒ်မ ၁၉ ပုဒ်မခွဲ(က)ပုဒ်မခွဲငယ်(၅)တို့တွင် ပါရှိသော "ညွှန်ကြားရေးမှူး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း"ဆိုသည့်စကားရပ်ကို "ညွှန်ကြားရေးမှူး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန"ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၉။ ရုပ်ရှင်ဥပဒေပုဒ်မ ၂၈ ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"၂၈။ ဦးစီးဌာနသည် ရုပ်ရှင်ရုံလိုင်စင်ရရှိသူ လိုက်နာရမည့်စည်းကမ်းချက်များကိုသတ်မှတ်ရမည်။"

၁၀။ ရုပ်ရှင်ဥပဒေအခန်း(၆)၏နောက်တွင် အခန်း(၇)နှင့်အခန်း(၈)တို့ကို အောက်ပါအတိုင်းအစားထိုးရမည်-

**အခန်း(၇)**

**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့်အယူခံခြင်း**

၃၀။ ဦးစီးဌာနသည် ပုဒ်မ ၈ အရ သတ်မှတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်သော ရုပ်ရှင်လုပ်ငန်းလိုင်စင်ရရှိသူအား ဒဏ်ကြေးငွေအနည်းဆုံးကျပ်ငါးသောင်းမှအများဆုံးကျပ်သုံးသိန်းထိချမှတ်ရမည်။ ထို့ပြင် ရုပ်ရှင်လုပ်ငန်းလိုင်စင်ကိုလည်း ရုပ်သိမ်းနိုင်သည်။

၃၁။ ဦးစီးဌာနသည် ပုဒ်မ ၂၈ အရ သတ်မှတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သော ရုပ်ရှင်ရုံလိုင်စင်ရရှိသူအား ဒဏ်ကြေးငွေအနည်းဆုံး ကျပ်သုံးသောင်းမှအများဆုံးကျပ်နှစ်သိန်းထိချမှတ်ရမည်။ ထို့ပြင် ရုပ်ရှင်ရုံလိုင်စင်ကိုလည်း ရုပ်သိမ်းနိုင်သည်။

၃၂။ ဦးစီးဌာနသည် နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားကိုထိခိုက်စေရန် လှုံ့ဆော်ခြင်း၊ စည်းရုံးခြင်း သို့မဟုတ် ဟောပြောခြင်းကိုသော်လည်းကောင်း၊ နိုင်ငံတော်အကြည်ညိုပျက်စေရန် ပြုမူပြောဆိုခြင်း၊ ကြေညာခြင်း သို့မဟုတ် လှုံ့ဆော်ခြင်းကိုသော်လည်းကောင်း၊ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်ဆန့်ကျင်သော မည်သည့်လှုပ်ရှားမှုမျိုးမဆို ပါဝင်ပတ်သက်ခြင်းကိုသော်လည်းကောင်း ပြုသည့် မည်သည့်ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်ကိုမဆို အောက်ပါစီမံခန့်ခွဲရေး အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) မည်သည့်ရုပ်ရှင်ကား ထုတ်လုပ်ရာတွင်မဆို ပါဝင်လုပ်ကိုင်ခြင်းကို အနည်းဆုံး တစ်နှစ်မှအများဆုံးသုံးနှစ်ထိ ကန့်သတ်တားမြစ်ခြင်း။

၃၃။ ရုပ်ရှင်ဆင်ဆာအဖွဲ့ သို့မဟုတ် ဦးစီးဌာန၏ ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြန်ကြားရေးဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၃၄။ ပြန်ကြားရေးဝန်ကြီးဌာနသည် အယူခံခြင်းနှင့်စပ်လျဉ်း၍ ရုပ်ရှင်ဆင်ဆာအဖွဲ့ သို့မဟုတ် ဦးစီးဌာန၏ ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ၊ အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း၊ ပြန်လည်စိစစ်စေရန် သို့မဟုတ် စစ်ဆေးစေရန် ညွှန်ကြားခြင်းပြုနိုင်သည်။

၃၅။ ပြန်ကြားရေးဝန်ကြီးဌာန၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၃၆။ ဦးစီးဌာနကချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ အယူခံမဝင်ပါက အယူခံကာလကုန်ဆုံးသောအခါ ဦးစီးဌာန၏ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်စေရမည်။

**အခန်း(၈)**

**ပြစ်မှုနှင့်ပြစ်ဒဏ်များ**

၃၇။ မည်သူမဆို ပုဒ်မ ၁၄ ပုဒ်မခွဲ (ခ)ပါ ပြဋ္ဌာန်းချက်ကိုလိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးကျပ်ငါးသိန်းမှ အများဆုံးကျပ်တစ်ဆယ်သိန်းထိ ငွေဒဏ်ချမှတ်ရမည်။

၃၈။ မည်သူမဆို-

(က) အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းနှစ်ဆယ်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သောသက်သေခံပစ္စည်းများကို နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းဆည်းရမည်-

(၁) ရုပ်ရှင်လုပ်ငန်းလိုင်စင်မရှိဘဲ ပုဒ်မ ၄ ပါ လုပ်ငန်းအမျိုးအစားတစ်မျိုးမျိုးကို လုပ်ကိုင်ခြင်း၊

(၂) ရုပ်ရှင်ဆင်ဆာလက်မှတ်မရှိသော ရုပ်ရှင်ကားကိုပြသခြင်း။

(ခ) ပုဒ်မခွဲ(က)ပါ ပြစ်မှုများကို ထပ်မံဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်သိန်းနှစ်ဆယ်မှ အများဆုံးကျပ်သိန်းသုံးဆယ်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၃၉။ မည်သူမဆို ပြည်တွင်း၌ရိုက်ကူးထားသည့် ရုပ်ရှင်ကားကို ရုပ်ရှင်ဆင်ဆာလက်မှတ်မရှိဘဲ ပြည်ပသို့တင်ပို့ခြင်း သို့မဟုတ် ပြည်ပ၌ပြသခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ခုနစ်သိန်းမှ အများဆုံးကျပ်တစ်ဆယ်သိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

စာမျက်နှာ ၂၃ သို့

# အင်ဒိုနီးရှားသမ္မတနိုင်ငံကလှူဒါန်းသည့် ပိုလီယိုရောဂါကာကွယ်ဆေး(bOPV) ၂ ဒသမ ၇၁၆ သန်း doses ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိ




**ရန်ကုန် ဒီဇင်ဘာ ၂၀**

အင်ဒိုနီးရှားသမ္မတနိုင်ငံ အစိုးရက မြန်မာနိုင်ငံသို့ လှူဒါန်းသည့် အင်ဒိုနီးရှား ရူပီယာ ၈ ဒသမ ၇ ဘီလီယံတန်ဖိုးရှိ ပိုလီယိုရောဂါကာကွယ်ဆေး(bOPV) ၂ ဒသမ ၇၁၆)သန်း doses သည် ယနေ့နံနက် ၉ နာရီခွဲတွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာသည်။

ယင်း ပိုလီယိုရောဂါကာကွယ်ဆေးများကို အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ Director of South EAST Asia Affairs Mr. Mirza Nurhidayat နှင့် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr.M.Arif Hidayatullah တို့က ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော် ကံကောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ပြီး ကာကွယ်ဆေးများကို ဗဟိုကာကွယ်ဆေးသိုလှောင် အအေးခန်း(ရန်ကုန်)သို့ အအေးလမ်းကြောင်း မပျက်ဆက်လက်ပို့ဆောင်ခဲ့သည်။

အဆိုပါပိုလီယိုရောဂါကာကွယ်ဆေးများကို ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဌာနခွဲမှဆောင်ရွက်လျက်ရှိသည့် ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေးအစီအစဉ်တွင် လည်းကောင်း၊ အမီလိုက်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လည်းကောင်း၊ ကာကွယ်ဆေးထပ်မံတိုက်ကျွေးပေးရန် လိုအပ်သည့်ကလေးငယ်များအတွက်ဆောင်ရွက်မည့် အမျိုးသားကာကွယ်ဆေး တိုက်ကျွေးရေးနေ့များအတွက်လည်းကောင်း အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ပိုလီယိုရောဂါကင်းစင်ပပျောက်ရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


# နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ယနေ့ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများ တွေ့ဆုံမှုကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသောအားကောင်းသောလေဖိအားနည်းရပ်ဝန်းမှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း ယနေ့ညနေမှ ဒီဇင်ဘာ ၂၃ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးခြင်းများဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့်မြေပြိုခြင်းစသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်း ရေကြောင်းသွားလာရေးနှင့် လေကြောင်း ပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် သတိပေးနှိုးဆော်ထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၉-၁၂-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၀၆:၃၀)နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၀-၁၂-၂၀၂၄ မှ ၂၃-၁၂-၂၀၂၄ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




**စာမျက်နှာ ၂၂ မှအဆက်**

၄၀။ မည်သူမဆို ရုပ်ရှင်ဆင်ဆာအဖွဲ့၏ဖြတ်တောက်ရန် သို့မဟုတ် ပြုပြင်ရန် ညွှန်ကြားချက်ကို လိုက်နာခြင်းမပြုဘဲ ရုပ်ရှင်ကားကို ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် ပြသခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးခြောက်လမှ အများဆုံး သုံးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံးကျပ်ငါးသိန်းမှ အများဆုံးကျပ်တစ်ဆယ်သိန်းထိ ငွေဒဏ်လည်းချမှတ်နိုင်သည်။

၄၁။ မည်သူမဆို-

(က) ရုပ်ရှင်ရုံလိုင်စင်မရှိဘဲ ရုပ်ရှင်ပြသခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်ခုနစ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

(ခ) ပုဒ်မခွဲ(က)ပါ ပြစ်မှုကိုထပ်မံဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှအများဆုံး ကျပ်သိန်းနှစ်ဆယ်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၂။ မည်သူမဆို ဤဥပဒေအရထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များ သို့မဟုတ် လုပ်ထုံးလုပ်နည်းများပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ခြင်း သို့မဟုတ် တားမြစ်ချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်ကျူးလွန်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။"

၁၁။ ရုပ်ရှင်ဥပဒေ မူလပုဒ်မ ၃၅၊ ၃၆၊ ၃၇၊ ၃၈၊ ၃၉၊ ၄၀၊ ၄၁ နှင့် ၄၂ တို့ကို ပုဒ်မ ၄၃၊ ၄၄၊ ၄၅၊ ၄၆၊ ၄၇၊ ၄၈၊ ၄၉ နှင့် ၅၀ တို့အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၁၂။ ပြန်လည်အမှတ်စဉ်ထားသည့် ရုပ်ရှင်ဥပဒေ ပုဒ်မ ၄၆၏နောက်တွင် ပုဒ်မ ၄၆-ကအဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၄၆-က။ ဤဥပဒေနှင့်အညီ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်ခြင်းသည် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူပိုင်ခွင့်ကို တားမြစ်ပိတ်ပင်ခြင်းမရှိစေရ။"

၁၃။ ပြန်လည်အမှတ်စဉ်ထားသည့် ရုပ်ရှင်ဥပဒေပုဒ်မ ၄၉ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၄၉။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ပြန်ကြားရေးဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

( ခ ) ပြန်ကြားရေးဝန်ကြီးဌာန၊ ဦးစီးဌာန၊ ရုပ်ရှင်ဆင်ဆာအဖွဲ့ သို့မဟုတ် အကဲဖြတ်အဖွဲ့သည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အိမ်ပြင်ပဥ္စထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# နှစ်(၈၀)ပြည့် ဗီယက်နမ်ပြည်သူ့တပ်မတော်နေ့အထိမ်းအမှတ်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၃၅)နှစ်မြောက် အမျိုးသားကာကွယ်ရေးနေ့ အထိမ်းအမှတ်ပွဲပြုလုပ်




နှစ်(၈၀)ပြည့် ဗီယက်နမ်ပြည်သူ့တပ်မတော်နေ့ အထိမ်းအမှတ်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၃၅)နှစ်မြောက် အမျိုးသားကာကွယ်ရေးနေ့ အထိမ်းအမှတ်ပွဲတက်ရောက်လာကြသူများ စုပေါင်းဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၀**

နှစ်(၈၀)ပြည့် ဗီယက်နမ်ပြည်သူ့တပ်မတော်နေ့ အထိမ်းအမှတ်နှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၃၅)နှစ်မြောက် အမျိုးသားကာကွယ်ရေးနေ့ အထိမ်းအမှတ်ပွဲကို ဒီဇင်ဘာ ၁၉ ရက် ညပိုင်းတွင် ရန်ကုန်မြို့ရှိ Melia Hotel ၌ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် ဗီယက်နမ်စစ်သံမှူး Senior Col.Dao Van Duy၊ ဗီယက်နမ်သံအမတ်ကြီး H.E.Ly Quoc Tuan၊ တာဝန်ရှိသူများ၊ ဗီယက်နမ်စစ်သံရုံးနှင့် DSAC အဖွဲ့ဝင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် ဗီယက်နမ်စစ်သံမှူး၊ ဗီယက်နမ်သံအမတ်ကြီး၊ တက်ရောက်လာကြသူများက နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများဖွင့်လှစ်၍ အလေးပြုကြပြီး ဗီယက်နမ်ပြည်သူ့တပ်မတော်ဖွဲ့စည်းခြင်းဆိုင်ရာ မှတ်တမ်းရုပ်ရှင်များကိုကြည့်ရှုကြသည်။ ထို့နောက် တိုင်းမှူးနှင့် ဗီယက်နမ်စစ်သံမှူး၊ ဗီယက်နမ်သံအမတ်ကြီးတို့က အထိမ်းအမှတ်ကိတ်မုန့်လှီးဖြတ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့်ဗီယက်နမ်စစ်သံမှူး၊ ဗီယက်နမ်သံအမတ်ကြီးတို့က တက်ရောက်လာကြသူများနှင့်အတူ ညစာသုံးဆောင်ကြပြီး အနုပညာကပြတင်ဆက်မှုများကို ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ (ဒုသ)

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၈/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို သွားရောက်တွေ့ဆုံအားပေး



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးကျော်ထက် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၈/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်း ရတနာများကို ပစ္စည်းများ ဂုဏ်ပြုပေးအပ်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး အတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၈/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တပ်နယ်အားကစားရုံ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၈/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ပစ္စည်းများဂုဏ်ပြုပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများကို လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားကာ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဒုသ)

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ကချင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၅၇/၂၀၂၄
၁၃၈၆ ခုနှစ် နတ်တော်လပြည့်ကျော် ၅ ရက်
(၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်)

**ကချင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်အေးအေးမော် အား ကချင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# ကချင်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၅၈/၂၀၂၄
၁၃၈၆ ခုနှစ် နတ်တော်လပြည့်ကျော် ၅ ရက်
(၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်)

**ကချင်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်ပြုံးပြုံးကြည် အား ကချင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး




ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသော သံဃာတော်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်ကာ ဆရာဝန်၊ သူနာပြုများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဒုသ)

## အားကောင်းသောလေဖိအားနည်းရပ်ဝန်း နောက် ၁၂ နာရီအတွင်း မုန်းတိုင်းငယ်အဖြစ်ရောက်ရှိနိုင်




**နေပြည်တော် ဒီဇင်ဘာ ၂၀**

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ၎င်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါအားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ နောက် ၁၂ နာရီအတွင်း ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် မုန်တိုင်းငယ် (Depression)အဖြစ်သို့ ရောက်ရှိနိုင်ပြီး ၃၆ နာရီအတွင်း မြောက်-အရှေ့မြောက်ဘက်သို့ရွေ့လျားနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

## ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၀ ရက် ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိသော စံချိန်မီရွှေ တစ်ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၂၅၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ်(၂)(ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာအေးအေးခင် အား ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဒေါက်တာငုသီတာ<br>အထွေထွေမန်နေဂျာ<br>မြန်မာ့စာတိုက်လုပ်ငန်း<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး<br>ဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စာတိုက်လုပ်ငန်း<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး<br>ဝန်ကြီးဌာန |
| ( ခ ) | ပါမောက္ခ ဒေါက်တာ လတ်လတ်ဝင်း<br>ပါမောက္ခဌာနမှူး<br>ဆေးဝါးဗေဒဌာန<br>ဆေးတက္ကသိုလ်(တောင်ကြီး)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်<br>ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဆေးဝါးတက္ကသိုလ်(ရန်ကုန်)<br>ကျန်းမာရေး လူ့စွမ်းအား<br>အရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

# ချမ်းမြသာစည်မြို့နယ်၌ ဆရာဝန်တစ်ဦးအား ပြန်ပေးဆွဲ၍ ခြောက်လှန့်ငွေတောင်းခံရာမှ အဆိုပါ ဆရာဝန်သေဆုံးသွားပြီး တရားခံအမျိုးသား နှစ်ဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ




ဒေါက်တာအောင်မြင့်မြတ်ထွန်းအား ပြန်ပေးဆွဲခေါ်ဆောင်သွားသည့် တရားခံ အောင်ဇင်ဖြိုး ၃၆ နှစ်နှင့် လွမ်းဇင်အောင်(ခ)မိုးဒီ ၂၈ နှစ်တို့နှစ်ဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဒီဇင်ဘာ၂၀**

ဒီဇင်ဘာ ၁၇ ရက် နံနက် ၉ နာရီ မိနစ် ၂၀ တွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက်နေ ဦးအောင်ကျော်စိုး ၆၇ နှစ်ထံသို့ အမျိုးသားတစ်ဦး(စိစစ်ဆဲ)က ဖုန်းအမှတ် ၀၉၆၈၁၂၀၁၄၅၇ ဖြင့် ဆက်သွယ်၍ သားဖြစ်သူ ဒေါက်တာအောင်မြင့်မြတ်ထွန်းအား ပြန်ပေးဆွဲထားကြောင်း၊ အသက်မသေစေလိုက ငွေကျပ် သိန်း ၃၀၀၀ ကို မဟာမြတ်မုနိဘုရားကြီး တောင်ဘက်မုခ်သို့လာထားရန်၊ လာထားသောငွေကို ၎င်းတို့လက်ခံရရှိပြီးမှသာ ဖုန်းဆက်သွယ်၍ သားဖြစ်သူအား ပြန်လွှတ်ပေးမည်ဖြစ်ကြောင်း၊ မည်သည့်အဖွဲ့အစည်းကိုမျှ တိုင်တန်းခြင်းမပြုရန် ပြောသဖြင့် ဦးအောင်ကျော်စိုးသည် မည်သူ့ထံမျှတိုင်တန်းခြင်းမပြုဘဲ ၎င်းချိန်းဆိုသည့်နေရာသို့ သွားရောက်၍ ငွေကျပ် သိန်း ၃၀၀၀ ကို ပြန်ပေးဆွဲသူထားခိုင်းသည့်နေရာသို့ ပို့ဆောင်ခဲ့ပြီးနောက် ငွေလက်ခံရရှိကြောင်း ပြန်ဆက်သွယ်သော်လည်း သားဖြစ်သူ ဒေါက်တာအောင်မြင့်မြတ်ထွန်းမှာ နေအိမ်သို့ ပြန်လည်ရောက်ရှိလာခြင်း မရှိသဖြင့် ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် အောင်ပင်လယ်နယ်မြေရဲစခန်းသို့ လာရောက်တိုင်တန်းခဲ့သဖြင့် အောင်ပင်လယ်နယ်မြေရဲစခန်းက (ပ)၂၆၀/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ ၃၆၅/၃၈၇/၁၁၄ ဖြင့် အမှုရေးဖွင့်ဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူများကို စုံစမ်းဖော်ထုတ်ခဲ့ရာ ဒီဇင်ဘာ ၁၉ ရက် နံနက် ၂ နာရီတွင် မသင်္ကာသူ ဒေါက်တာအောင်ဇင်ဖြိုး ၃၆နှစ်(ဘ)ဦးစိုးမြင့် ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက်၊ ၈၂ လမ်း၊ လမ်းသစ်လမ်း x ၁၀၅ လမ်းကြား ငွေလရောင်ဆေးခန်းကိုစစ်ဆေးခဲ့ရာ ၎င်း၏ထွက်ဆိုချက်အရ ဒေါက်တာအောင်မြင့်မြတ်ထွန်းနှင့် ဆေးကျောင်း အတူတက်ရောက်ခဲ့သည့် သူငယ်ချင်းများဖြစ်ကြောင်း၊ ၎င်းသည် Online ဘောလုံး၊ နှစ်လုံး၊ သုံးလုံးထီလောင်းကစားများကြောင့် အကြွေးများတင်ကာငွေကြေးလိုအပ်နေသဖြင့် သူငယ်ချင်းဖြစ်သူ ဒေါက်တာအောင်မြင့်မြတ်ထွန်းအား ဒေါက်တာအောင်မြင့်မြတ်ထွန်း၏ မိဘများထံငွေကြေးတောင်းခံရန်ရည်ရွယ်ကာ မြို့ဟောင်းရှိ ၎င်းပိုင် ငွေလရောင်ဆေးခန်းသို့ ဖုန်းဆက်ခေါ်ခဲ့ကြောင်း၊ သူငယ်ချင်းဖြစ်သူ ဒေါက်တာအောင်မြင့်မြတ်ထွန်း ကားဖြင့်ရောက်ရှိလာချိန်တွင် ဒေါက်တာအောင်ဇင်ဖြိုးသည် ၎င်း၏ဆေးခန်းမှအကူဖြစ်သူ လွမ်းဇင်အောင်(ခ) မိုးဒီနှင့်အတူ ချုပ်နှောင်နပန်းလုံးပြီး ပါးစပ်၊ လက်၊ ခြေထောက်တို့ကို တိပ်ဖြင့်ပတ်၍ လည်ပင်းညှစ်ရာမှ သေဆုံးသွားသဖြင့် အလောင်းကို ဆေးခန်းအတွင်း၌ထားရှိကာ ဒေါက်တာအောင်မြင့်မြတ်ထွန်း၏ မိဘများထံဖုန်းဖြင့် အသံဖျက်၍ ပြန်ပေးဆွဲထားကြောင်း၊ ငွေကျပ် သိန်း ၃၀၀၀ ကို မဟာမြတ်မုနိဘုရား တောင်ဘက်မုခ်သို့ လာရောက်ပို့ဆောင်ရန် ခြိမ်းခြောက်ပြောဆိုခဲ့ကြောင်း၊ ဒေါက်တာအောင်မြင့်မြတ်ထွန်း၏ မိဘများက လာရောက်ထားပေးခဲ့သည့် ငွေများကို မီနီအိုးဝေဖြင့် အဆင့်ဆင့်ငှား၍ယူဆောင်ကာ အဆိုပါငွေထဲမှငွေ ၂၂ သိန်း ငါးသောင်းကျပ်ဖြင့် Canda 125 အမျိုးအစား ဆိုင်ကယ် တစ်စီး၊ ငွေကျပ် ၈၈ သိန်းဖြင့် Scoopy အမျိုးအစားဆိုင်ကယ် တစ်စီး၊ ငွေကျပ်သိန်း ၈၀၀ ဖြင့် MDY-13 9N/6995 Honda Inside အမျိုးအစား မော်တော်ယာဉ် တစ်စီးတို့ကို ဝယ်ယူခဲ့ကြောင်းနှင့် သေဆုံးသူ ဒေါက်တာအောင်မြင့်မြတ်ထွန်း၏အလောင်းကို သေဆုံးသူ၏ MDY-13 2L/2843 Honda Inside မော်တော်ယာဉ်ဖြင့် သယ်ယူကာ ချမ်းမြသာစည်မြို့နယ် ချမ်းတောင်ရပ်ကွက်ရှိ ချမ်းမြသာစည် လေယာဉ်ကွင်းဟောင်းနှင့် ၇၈ လမ်းကြား လမ်းဘေးရှိရေမြောင်းထဲသို့ပစ်ချခဲ့ကြောင်း၊ မော်တော်ယာဉ်ကို တောင်သမန်အင်းဘေးရှိဘုန်းကြီးကျောင်းဝင်းအတွင်း ထားရှိခဲ့ကြောင်း ဖော်ထုတ်သိရှိရပြီး ပြစ်မှုကျူးလွန်ရာတွင်အတူ ပါဝင်သူ လွမ်းဇင်အောင်(ခ)မိုးဒီ ၂၈ နှစ်(ဘ)ဦးတင်ထွဋ်ကိုလည်း ဆက်လက်ဖမ်းဆီးရမိခဲ့သည်။



မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ ပြန်ပေးဆွဲသတ်ဖြတ်ခံရသူ ဒေါက်တာအောင်မြင့်မြတ်ထွန်း၏ မှတ်တမ်းဓာတ်ပုံ။

စစ်ဆေး ပေါ်ပေါက်ချက်အရ ဒေါက်တာ အောင်မြင့်မြတ်ထွန်း၏ အလောင်းကို ချမ်းမြသာစည်မြို့နယ် ချမ်းတောင်ရပ်ကွက်ရှိ ချမ်းမြသာစည် လေယာဉ်ကွင်းဟောင်းနှင့် ၇၈ လမ်းကြား လမ်းဘေးရှိ ရေမြောင်းအတွင်းမှလည်းကောင်း၊ ကားအားတောင်သမန်အင်းဘေးရှိ ဘုန်းကြီးကျောင်းဝင်းအတွင်းမှလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ပြန်ပေးဆွဲ ခြိမ်းခြောက်တောင်းဆိုရရှိသည့်ငွေများဖြင့် ဝယ်ယူထားသည့် ဆိုင်ကယ် နှစ်စီး၊ မော်တော်ယာဉ် တစ်စီး၊ ငွေစက္ကူရေရာ ၁၀၂၂ သိန်းကျပ်နှင့် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဆိုင်ကယ် တစ်စီးတို့ကို ဖော်ထုတ်သိမ်းဆည်းရမိခဲ့သည်။

ပြစ်မှုကျူးလွန်သူ တရားခံအောင်ဇင်ဖြိုးနှင့် မိုးဒီ(ခ)လွမ်းဇင်အောင်တို့နှစ်ဦးကို ဥပဒေနှင့်အညီ ထိရောက်သောပြစ်ဒဏ်ရရှိရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ဖြစ်စဉ်မှ တရားခံအောင်ဇင်ဖြိုးသည် ဆရာဝန်တစ်ဦးဖြစ်သော်လည်း Online ဘောလုံး၊ နှစ်လုံး၊ သုံးလုံးထီလောင်းကစားများ လုပ်ဆောင်သဖြင့် အကြွေးများတင်ကာ ငွေကြေးလိုအပ်ချက်အရ သူငယ်ချင်းဖြစ်သူကို ပြန်ပေးဆွဲသတ်ဖြတ်မှုကျူးလွန်ခဲ့ခြင်းဖြစ်သည်ကို သင်ခန်းစာယူ၍ မိဘပြည်သူများအနေဖြင့်လည်း Online ဘောလုံး၊ နှစ်လုံး၊ သုံးလုံးထီလောင်းကစားများကို မပြုလုပ်ကြရန်နှင့် Online ဘောလုံး၊ နှစ်လုံး၊ သုံးလုံးထီလောင်းကစားပြုလုပ်သူများ၏ သတင်းရရှိပါက သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများထံသို့ သတင်းပေးပို့နိုင်ကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မယ်ခေါင်ရပ်ကွက်ရှိ OK ငွေလွှဲဆိုင်ဖွင့်ထားသူ တစ်ဦးအား ပြန်ပေးဆွဲဖမ်းဆီးခေါ်ဆောင်သွားခဲ့သူ တရားခံအမျိုးသား ခြောက်ဦးကို မူးယစ်ဆေးဝါးများ၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် လက်နက်ခဲယမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ အသေပစ်ခတ်ဖမ်းဆီးရမိ



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မယ်ခေါင်ရပ်ကွက်ရှိ OK ငွေလွှဲဆိုင်ဖွင့်ထားသူ တစ်ဦးအား ပြန်ပေးဆွဲဖမ်းဆီးခေါ်ဆောင်သွားခဲ့သူ တရားခံအမျိုးသား ခြောက်ဦးကို အသေပစ်ခတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။



ပြန်ပေးဆွဲဖမ်းဆီးခံရသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မယ်ခေါင်ရပ်ကွက်နေ OK ငွေလွှဲဆိုင်ဖွင့်ထားသူ ဦးရန်ထင်ချန်းအား ပြန်လည်ကယ်တင်နိုင်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဒီဇင်ဘာ ၂၀

ဒီဇင်ဘာ ၁၃ ရက် နံနက် ၆ နာရီ ၅ မိနစ်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက် ဗိုလ်ချုပ်လမ်းမနေ OK ငွေလွှဲဆိုင်ဖွင့်ထားသူ ဦးရန်ထင်ချန်း ၇၈ နှစ် (ဘ)ဦးရန်ကျင်စိုးသည် ၎င်း၏နေအိမ်၌ရှိနေစဉ် နေအိမ်ရှေ့သို့ 4H/9170 CROWN Royal Saloon အမျိုးအစား အဖြူရောင်မော်တော်ယာဉ် တစ်စီးရောက်ရှိလာပြီး ယာဉ်ပေါ်မှ အမျိုးသား သုံးဦး(စိစစ်ဆဲ) ဆင်းလာကာ ဦးရန်ထင်ချန်းအား ဖမ်းဆီး၍ အဆိုပါ မော်တော်ယာဉ်ဖြင့် ဗိုလ်ချုပ်လမ်းမကြီး အတိုင်း အနောက်ဘက်သို့ မောင်းနှင်ထွက်ပြေးသွားကြောင်း သတင်းပေးပို့တိုင်တန်းချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခံရသူကို ပြန်လည်ကယ်တင်နိုင်ရေးနှင့် ပြစ်မှုကျူးလွန်သူတရားခံများကို ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့သည်။

ဖြစ်စဉ်မှ ပြစ်မှုကျူးလွန်သူတရားခံများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေအတွင်းသတင်းရယူစုံစမ်းခြင်း၊ အသွင်ယူစောင့်ကြည့်ခြင်းများဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့နယ် ပါဆတ်ရပ်ကွက် ဆင်ဖြူမင်းလမ်းကြားရှိ အိမ်အမှတ်(ပဆ-၁/၂၇၀)နေအိမ်၌ ပြစ်မှုကျူးလွန်သူတရားခံများ ရောက်ရှိခိုအောင်းနေလျက်ရှိကြောင်း သတင်းအရ ဒီဇင်ဘာ ၁၈ ရက် ညနေ ၅ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါနေအိမ်သို့ ဝင်ရောက်စီးနင်းရှာဖွေခဲ့သည်။

ထိုသို့ ဝင်ရောက်စီးနင်းရှာဖွေစဉ် အဆိုပါနေအိမ်အတွင်းမှ ပြစ်မှုကျူးလွန်သူတရားခံများက သေနတ်များဖြင့် စတင်ပစ်ခတ်ကာ ထွက်ပြေးရန်ကြိုးစားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ဖမ်းဆီးခဲ့ရာ ပြစ်မှုကျူးလွန်ခဲ့သူတရားခံများဖြစ်ကြသည့် ကျန်းဘီယင်း(စိစစ်ဆဲ)နှင့် မောင်မောင်ဦး(စိစစ်ဆဲ)တို့ပါ အမျိုးသား ခြောက်ဦးကို အသေပစ်ခတ်ဖမ်းဆီးရမိခဲ့ပြီး အခင်းဖြစ်နေရာအား အသေးစိတ်စစ်ဆေးရှာဖွေမှုများ ဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်စဉ်က အသုံးပြုခဲ့သည့် ZORAKI M906-T ပွိုင့် ၃၈၀ အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည်လေးတောင့်၊ ကျည်အိမ် တစ်ခု၊ M-16 အမျိုးအစားသေနတ် တစ်လက်၊ ၎င်းကျည် ၁၇ တောင့်၊ ကျည်အိမ် တစ်ခု၊ မော်တော်ယာဉ်နံပါတ်ပြား ခြောက်ခု၊ အနက်ရောင်ကျည်ကာအင်္ကျီ နှစ်ထည်၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ ဝတ်ဆင်သည့် ယူနီဖောင်း တစ်ထည်၊ ခဲရောင်မိုးကာအင်္ကျီ တစ်ထည်၊



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မယ်ခေါင်ရပ်ကွက်ရှိ OK ငွေလွှဲဆိုင်ဖွင့်ထားသူ တစ်ဦးအား ပြန်ပေးဆွဲဖမ်းဆီးခေါ်ဆောင်သွားခဲ့သူ တရားခံအမျိုးသား ခြောက်ဦးကို မူးယစ်ဆေးဝါးများ၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် လက်နက်ခဲယမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ အသေပစ်ခတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

အနွေးအင်္ကျီ တစ်ထည်၊ ဦးထုပ် သုံးလုံး၊ နိုင်ငံသားစိစစ်ရေးကတ်ပြား တစ်ခု၊ ယာဉ်မောင်းလိုင်စင် နှစ်ခု၊ ၅ ဒသမ ၅၆ ကျည်ခွံ လေးခု၊ ပစ္စတိုကျည်ခွံ လေးခု၊ SHN-12 7K-9997 TOYOTA CROWN Royal Saloon အဖြူရောင်မော်တော်ယာဉ် တစ်စီး၊ လက်ကိုင်ဖုန်းမျိုးစုံ သုံးလုံး၊ WY စိတ်ကြွရူးသွပ်ဆေးပြား ၆၅၀၀၀ တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ပြန်ပေးဆွဲဖမ်းဆီးခံရသူ ဦးရန်ထင်ချန်းအား ပြန်လည်ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပြန်ပေးဆွဲဖမ်းဆီးခံရသူ ဦးရန်ထင်ချန်းအား ပြန်လည်ကယ်တင်နိုင်ခဲ့ပြီး ပြစ်မှုကျူးလွန်သူ တရားခံအမျိုးသား ခြောက်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မူးယစ်ဆေးဝါးများ၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် လက်နက်ခဲယမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ အသေပစ်ခတ်ဖမ်းဆီးရမိခဲ့သဖြင့် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အလားတူ ဒုစရိုက်မှုများ ကျူးလွန်နိုင်မှုမရှိစေရေး မိဘပြည်သူများအနေဖြင့် ဒုစရိုက်သမားများ၏ လှုပ်ရှားသွားလာမှုများကို မြင်တွေ့သိရှိပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံ အသိပေးသတင်းပေးပို့ တိုင်ကြားနိုင်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပုသိမ်ကြီးမြို့နယ် မြကံသာရွာနှင့် ထန်းပင်ကုန်းရွာတို့ကို လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် သံဃာတော် တစ်ပါးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းတု၊ သတင်းမှားများ ဖြန့်ဝေလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၀

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မြကံသာရွာနှင့် ထန်းပင်ကုန်းရွာတို့ကို ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် သံဃာတော် တစ်ပါးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိကြောင်း သိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများ၏ ပြောကြားချက်အရ ၎င်းသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပုသိမ်ကြီးမြို့နယ်အတွင်း ပြည်သူများအေးချမ်းစွာ လုပ်ကိုင်နေထိုင်နိုင်ရေးအတွက်လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်လျက်ရှိပြီး ဗုံးကြဲတိုက်ခိုက်မှုများမရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ၎င်းတို့အပေါ်ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာ၊ ရပ်ကွက်များကို အကြောက်တရားလွှမ်းမိုးစေရန် ဒရုန်းများ၊ လက်နက်ကြီးများဖြင့် ပစ်ခတ်လျက်ရှိကြောင်း၊ အထက်ပါသတင်းသည် တရားမဝင်ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် ဖြစ်စဉ်ဖြစ်ရပ်မှန်ကန်မှုမရှိသည့် သတင်းမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



# မိုဇမ်ဘစ်နိုင်ငံတွင် ချီဒိုဆိုင်ကလုန်းမုန်တိုင်းကြောင့် သေဆုံးသူ ၇၃ ဦးထိ မြင့်တက်လာ



**မာပူတို ဒီဇင်ဘာ ၂၀**

မိုဇမ်ဘစ်နိုင်ငံတွင် ဒီဇင်ဘာ ၁၇ ရက်က ချီဒိုဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှု ဖြစ်ပွားခဲ့ပြီးနောက် ဒီဇင်ဘာ ၁၉ ရက်ထိ သေဆုံးသူ ၇၃ ဦးထိ မြင့်တက်လာခဲ့ကြောင်း မိုဇမ်ဘစ်နိုင်ငံ National Disaster Risk Management Institute(INGD) က အတည်ပြုထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

သေဆုံးသူ ၇၃ ဦးထိ မြင့်တက်လာခဲ့ကြောင်း တရားဝင်အတည်ပြုထားသော်လည်း သေဆုံးသူဦးရေအတိအကျကို ထပ်မံစိစစ်နေဆဲဖြစ်ပြီး သေဆုံးသူဦးရေ ဆက်လက် မြင့်တက်လာနိုင်ကြောင်း၊ မုန်တိုင်းအခြေအနေ ပြန်လည် တည်ငြိမ်သွားပြီဖြစ်သည့်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ပျက်စီးဆုံးရှုံးမှုများကိုလည်း စိစစ်နေကြောင်း National Disaster Risk Management Institute (INGD) က ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

"ချီဒို ဆိုင်ကလုန်းမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုတွေကိုတော့ စိစစ်နေဆဲဖြစ်ပါတယ်။ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေတော့ ဆောင်ရွက်နေပါတယ်။ မုန်တိုင်း စတင်ဝင်ရောက်တဲ့နေ့ကနေ ဒီဇင်ဘာ ၁၉ ရက်ထိ သေဆုံးသူ ၇၃ ယောက် ရှိနေပြီဖြစ်ပါတယ်။ သေဆုံးသူအရေအတွက်ကိုလဲ ထပ်မံစိစစ်နေဆဲဖြစ်ပါတယ်။ ပျောက်ဆုံးနေသူရှိနေဆဲဖြစ်တဲ့အတွက် ကယ်ဆယ်ရေးဝန်ထမ်းတွေက ရှာဖွေပေးနေပါတယ်။ တချို့နေရာတွေမှာ အပျက်အစီးများတဲ့အတွက် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းတွေကို အကန့်အသတ်နဲ့ ဆောင်ရွက်နေရပါတယ်"ဟု National Disaster Risk Management Institute (INGD) ၏ ညွှန်ကြားရေးမှူး လူးဆာမက်ကွီက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# ဖိလစ်ပိုင်နိုင်ငံ ဒပ်ဒပ်နယ်မြေတွင် ပြင်းအား ၅ ဒသမ ၁ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်

**မနီလာ ဒီဇင်ဘာ ၂၀**

ဖိလစ်ပိုင်နိုင်ငံ ဒပ်ဒပ်နယ်မြေတွင် ဒီဇင်ဘာ ၁၉ ရက်က ပြင်းအား ၅ ဒသမ ၁ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဖိလစ်ပိုင်နိုင်ငံ ဒပ်ဒပ်နယ်မြေတွင် ဒီဇင်ဘာ ၁၉ ရက် ဒေသစံတော်ချိန် ၁၉ နာရီ ၂၂ မိနစ်က ငလျင်တစ်ခု လှုပ်ခတ်ခဲ့ကြောင်း၊ ငလျင်သည် ဒပ်ဒပ်နယ်မြေ၏ ၁၂၅ ကီလိုမီတာအကွာတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ငလျင်ဗဟိုချက်သည် ဒပ်ဒပ်နယ်မြေ၏ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး မြောက်လတ္တီတွဒ် ၁၁ ဒသမ ၉၄ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၁၂၆ ဒသမ ၆၃ ဒီဂရီတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံ ငလျင်တိုင်းတာရေးစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ ဒပ်ဒပ်နယ်မြေသည် ဘီကိုးလ်ဒေသတွင် တည်ရှိပြီး ဖိလစ်ပိုင်နိုင်ငံ၏ မြို့တော် မနီလာနှင့် ၃၄၁ ဒသမ ၁ ကီလိုမီတာခန့်ကွာဝေးပြီး ယခုလှုပ်ခတ်ခဲ့သည့် ငလျင်သည် မနီလာမြို့တွင် သက်ရောက်မှုသိပ်မရှိသဖြင့် ထိခိုက်ပျက်စီးမှု မရှိကြောင်း သိရသည်။



ဒပ်ဒပ်နယ်မြေတွင် ငလျင်လှုပ်ခတ်မှုအတွင်း အခြေခံအဆောက်အအုံ၊ နေအိမ်နှင့် လမ်းတချို့ အနည်းငယ်ထိခိုက်ပျက်စီးခဲ့ကြောင်း၊ သို့သော် လူသေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# အင်္ဂလန်နိုင်ငံ နော့ဖိုကောင်တီတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးအန္တရာယ်သတိပေးချက် ထုတ်ပြန်

**လန်ဒန် ဒီဇင်ဘာ ၂၀**

အင်္ဂလန်နိုင်ငံ နော့ဖိုကောင်တီတွင် မိုးသည်းထန်စွာရွာသွန်းနေပြီး မြစ်ရေလျှံတက်လာနိုင်သည့်အတွက် ယနေ့မှစ၍ ရေဘေးအန္တရာယ်သတိပေးချက် ထုတ်ပြန်ထားကြောင်း အင်္ဂလန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီ၏ ယနေ့သတင်းများအရ သိရသည်။

ဘူရီမြစ်၊ အန်မြစ်၊ သန်းမြစ်တို့တွင် ရေပမာဏမြင့်တက်ကာ ဒီရေမြင့်တက်မှုလည်း ဖြစ်ပေါ်နေသည့်အတွက် လာမည့်ရက်ပိုင်းအတွင်း မြစ်ရေလျှံတက်မှုဖြစ်ပေါ်လာနိုင်သည့်အခြေအနေ ဖြစ်နေကြောင်း၊ မြစ်ရေပမာဏမြင့်တက်နေသည့်မြစ်များအနီးရှိ ဧရိယာများနှင့် ကုန်းနိမ့်ပိုင်း ဧရိယာများတွင် ရေဘေးအန္တရာယ်ဖြစ်ပေါ်လာနိုင်ပြီး ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အစီအစဉ်များလည်း ဆောင်ရွက်နေကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

"မိုးသည်းထန်စွာ ရွာသွန်းနေတဲ့အတွက် မြစ်ရေပမာဏတွေ မြင့်တက်နေတယ်။ ဒီရေမြင့်တက်မှုလဲ ရှိလာတဲ့အတွက် လာမဲ့ရက်ပိုင်းအတွင်း မြစ်ရေလျှံတက်ပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်လာနိုင်ပါတယ်။ အင်္ဂလန်နိုင်ငံ နော့ဖိုကောင်တီမှာ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်ရနိုင်လို့ ရေဘေးအန္တရာယ် သတိပေးချက် ထုတ်ပြန်ထားပါတယ်။ အထူးသဖြင့် ကုန်းနိမ့်ပိုင်းနဲ့ မြစ်အနီးတစ်ဝိုက်ဧရိယာတွေမှာ နေထိုင်တဲ့သူတွေ ပိုပြီးတော့သတိထားရပါမယ်။ ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအစီအစဉ်လဲ ဆောင်ရွက်ပေးနေပါတယ်"ဟု သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# အမေရိကန်နိုင်ငံ တိရစ္ဆာန်ရုံများတွင် ကြက်ငှက်တုပ်ကွေးရောဂါပျံ့နှံ့နေသဖြင့် မျိုးသုဉ်းလုနီးပါး ကျား၊ ခြင်္သေ့ကဲ့သို့မျိုးစိတ်များ အန္တရာယ်ရှိနေ

**ဝါရှင်တန် ဒီဇင်ဘာ ၂၀**

အမေရိကန်နိုင်ငံ တိရစ္ဆာန်ရုံများတွင် ကြက်ငှက်တုပ်ကွေးရောဂါပျံ့နှံ့နေသဖြင့် မျိုးသုဉ်းလုနီးပါး ကျား၊ ခြင်္သေ့ကဲ့သို့ မျိုးစိတ်များအတွက် အန္တရာယ်ရှိနေကြောင်း တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းကာကွယ်စောင့်ရှောက်သူများက သတိပေးထားသည်ဟု ယနေ့သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံရှိ တိရစ္ဆာန်ရုံများတွင် ကျား၊ ခြင်္သေ့ အပါအဝင် တိရစ္ဆာန်များစွာသည် ကြက်ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံးနေကြရကြောင်း၊ လက်ရှိတွင် ကြက်ငှက်တုပ်ကွေးရောဂါ ပြန့်ပွားနေသည့် တိရစ္ဆာန်ရုံများ နိုင်ငံအတွင်း တိုးပွားလာခြင်းကြောင့် မျိုးသုဉ်းလုနီးပါးတိရစ္ဆာန်များ သေဆုံးမှုမြင့်တက်လာကြောင်း၊ ကြက်ငှက်တုပ်ကွေးရောဂါကြောင့် ကျား ၄၇ ကောင်၊ ခြင်္သေ့သုံးကောင်၊ ကျားသစ်နက်တစ်ကောင် သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သုတေသီများက ပြောကြားခဲ့သည်။

"တိရစ္ဆာန်ရုံကို ဇီဝလုံခြုံရေး တိုးမြှင့်တာဖြစ်ဖြစ်၊ တိရစ္ဆာန်ရုံမှာရှိတဲ့ တိရစ္ဆာန်တွေကို ကာကွယ်ဆေးထိုးပေးတာဖြစ်ဖြစ် လုပ်ထားရတော့မှာပါ။ ဒီအခြေအနေကို ဘယ်လို စီမံခန့်ခွဲရမလဲဆိုတာကို စဉ်းစားဖို့ လိုအပ်ပါတယ်"ဟု ဂလက်စ်ဂိုးတက္ကသိုလ်မှ ဗိုင်းရပ်ဗေဒပညာရှင် ဒေါက်တာအက်ဒ်ဟတ်ချင်ဆန်က ပြောကြားသည်။

လက်ရှိ အချိန်ကာလသည် ငှက်ရွှေ့ပြောင်းရာသီ ဖြစ်သည့်အတွက် ရောဂါကူးစက်ခံရသောငှက်များ တစ်နေရာမှ တစ်နေရာ ရွှေ့ပြောင်းကြခြင်းမှ ကြက်ငှက်တုပ်ကွေးရောဂါ ပျံ့နှံ့ခြင်းဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံ လူဝီစီယားနား၊ မစ်ဆူရီ၊ ကန်းဆက်ပြည်နယ်အပါအဝင် ပြည်နယ်အများအပြားတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု တိုးလာကြောင်း၊ အထူးသဖြင့် ကြက်၊ ငှက်၊ ဘဲများနှင့် ရေငှက်များတွင် အဆိုပါရောဂါ ကူးစက်မှုနှုန်း ပိုမြန်ကာ သေဆုံးမှုပိုများကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# ဗာနေတူနိုင်ငံ ငလျင်ဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် ဖီဂျီအစိုးရက တပ်ဖွဲ့ဝင်အင်အား ၁၀၀ စေလွှတ်

**ပို့ဗီလာ ဒီဇင်ဘာ ၂၀**

ဗာနေတူနိုင်ငံ ပို့ဗီလာမြို့တွင် ဒီဇင်ဘာ ၁၇ ရက်က ပြင်းအား ၇ ဒသမ ၃ မဂ္ဂနီကျူရှိသည့် ငလျင်လှုပ်ခတ်မှုကြောင့် ဗာနေတူအစိုးရက အရေးပေါ်အခြေအနေသတ်မှတ်ကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေပြီး ဖီဂျီနိုင်ငံက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရဲတပ်ဖွဲ့ဝင်နှင့် တပ်မတော်သား ဦးရေ ၁၀၀ ကို ဒီဇင်ဘာ ၁၉ ရက်က ဗာနေတူနိုင်ငံသို့ စေလွှတ်ခဲ့ကြောင်း ဖီဂျီဝန်ကြီးချုပ် ရာဘူကာက ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ငလျင်ကြောင့် အပျက်အစီးများခဲ့သည့်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲရှိနေခြင်းကြောင့် ဖီဂျီအစိုးရက လူသားချင်းစာနာထောက်ထားမှုနှင့် နှစ်နိုင်ငံချစ်ကြည်ရေးအရ ကယ်ဆယ်ရေးဝန်ထမ်းများ စေလွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"မိတ်ဆွေနိုင်ငံဖြစ်တဲ့ ဗာနေတူနိုင်ငံမှာ ငလျင်ဒဏ်သင့်နေရာတွေမှာ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေ မြန်မြန်ဆန်ဆန်ဆောင်ရွက်နိုင်ဖို့အတွက် တပ်မတော်သားနဲ့ ရဲတပ်ဖွဲ့ဝင် ဦးရေ ၁၀၀ ကို စေလွှတ်ပေးထားပါတယ်"ဟု ဖီဂျီနိုင်ငံဝန်ကြီးချုပ် ရာဘူကာက ပြောကြားခဲ့သည်။

ပို့ဗီလာမြို့တွင် ငလျင်ကြောင့် အခြေခံ အဆောက်အအုံများ ပျက်စီးခဲ့ပြီး စီးပွားရေးလုပ်ငန်းများကိုပါ ကြီးမားစွာထိခိုက်စေခဲ့ကြောင်း၊ လမ်းများ၊ ဆေးရုံများ၊ ဓာတ်ငွေ့ပိုက်လိုင်းများ ပျက်စီးခဲ့သည့်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အချိန်ယူသွားရမည်ဖြစ်သကဲ့သို့ ဘတ်ဂျက်အမြောက်အမြားသုံးစွဲသွားရမည့်အခြေအနေ ဖြစ်နေကြောင်း နိုင်ငံပိုင်သတင်းဌာနက ဖော်ပြခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ကျန်းမာခြင်းသည် လာဘ်တစ်ပါး

ရွှေဘိုတူးမာ

ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်သည်။ ဗုဒ္ဓဘုရားက “အာရောဂျပရမံလာဘံ” “ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်သည်” ဟု မိန့်ကြားခဲ့သည်။ ကိုယ်ကျန်းမာမှ စိတ်ရွှင်လန်းသည်။ စိတ်ရွှင်လန်းမှ ကိုယ်နုသည်။ ကိုယ်ကျန်းမာစိတ်ချမ်းသာမှ အရာရာကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်။ ထို့ကြောင့် ဆုလာဘ်တကာတို့ တွင် ကျန်းမာခြင်းဆုလာဘ်သည် အကောင်းဆုံး၊ အဖိုးတန်ဆုံးဖြစ်သည်။

လူမျိုးဘာသာမရွေးဘုရားရှိခိုးပြီး ဆုတောင်းလေ့ရှိကြသည်။ ဗုဒ္ဓဘာသာဝင်မြန်မာတိုင်းရင်းသားတို့သည်လည်း ဘုရားရှိခိုးပြီးနောက် ဆုတောင်းလေ့ရှိကြသည်။ ဤသို့ ဆုတောင်းရာ၌ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါရစေဟု ဆုတောင်းလေ့ရှိကြပါသည်။

ထို့ပြင် လူကြီးမိဘဆရာသမားများကို အခါကြီးရက်ကြီးတွင် ကန်တော့သည့်အခါ လူကြီးမိဘဆရာသမားတို့က ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အနာရောဂါကင်းပါစေဟု ဆုပေးလေ့ရှိကြသည်။

ထို့ပြင် ဗုဒ္ဓဘာသာဝင် မြန်မာတိုင်းရင်းသားတို့သည် မိမိတို့၏ ဘဝကံကြမ္မာအဆိုးအကောင်းကို ကြိုတင်ခန့်မှန်းနိုင်ရန် မွေးဖွားပြီးနောက် ဇာတာဖွဲ့လေ့ရှိသည်။ ထိုဇာတာခွင်တွင် ဗေဒင်ဆရာက “အသက်တစ်ရာ့နှစ်ဆယ်ရှည်စေသော်” ဟု ဆုတောင်းပေးထားသည်။

ထိုမျှမကသေးပါ။ ဗုဒ္ဓဘာသာဝင် မြန်မာတိုင်းရင်းသားတို့သည် ရဟန်းသံဃာတို့ကို အလှူဒါနပြုသည့်အခါ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးစသည့် ပစ္စည်းလေးပါးကို ဦးစားပေးပြီး လှူဒါန်းလေ့ရှိကြသည်။ ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်သောကြောင့် ဆေးဝါးများထည့်၍ လှူဒါန်းခြင်းဖြစ်ကြောင်း လေ့လာမှတ်သားမိပါသည်။

လူမှုဆက်ဆံရေးတွင် ဗလငါးတန်ဖွံ့ဖြိုးရန်ဟူ၍ ရှိသည်။ ကာယဗလ၊ ဉာဏဗလ၊ ဘောဂဗလ မိတ္တဗလနှင့် စာရိတ္တဗလဟူ၍ဆိုထားရာ ကာယဗလသည် ကိုယ်ခန္ဓာကျန်းမာသန်စွမ်းရန် လိုအပ်ကြောင်း ဖော်ပြနေသည်။

ထို့ကြောင့်လည်း ယနေ့နိုင်ငံတော်ကို ကျန်းမာကြံ့ခိုင် တို့နိုင်ငံဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်၏ပုံရိပ်ကို လှသထက်လှအောင် ထုဆစ်ပုံဖော်လျက်ရှိသည်။

ထို့ကြောင့်လည်း ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၂၀၂၄ ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက် ထိ နေပြည်တော်၌ နိုင်ငံတော်အဆင့်ပြိုင်ပွဲအဖြစ် ခမ်းနားစွာ ကျင်းပနေခြင်းဖြစ်သည်။ နိုင်ငံတော်၏ အားကစားအဆင့်အတန်းကို ပိုမိုတိုးတက်မြင့်မားစေရေး၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာတွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် အားကစားအဆင့်အတန်းမြင့်မားရေးနှင့် အောင်မြင်မှုရရှိစေရေး၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီအားကစားသမားများနှင့် အလားအလာရှိသော လူငယ်မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများနှင့် ဝန်ကြီးဌာနများအကြား အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် ပြည်သူတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရေး စသည့် ရည်ရွယ်ချက်ငါးချက်နှင့်အညီ ကျင်းပခြင်းဖြစ်သည်။

အားကစားသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ကျန်းမာကြံ့ခိုင်မှု ဖွံ့၊ လုံ့လ၊ ဝီရိယရှိမှုနှင့် စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်တတ်မှု၊ စည်းကမ်းလိုက်နာတတ်မှုတို့ကို ထင်ရှားစေသည့် စွမ်းရည်ကို ထုတ်ဖော်ပြသသည့် ပြိုင်ပွဲတစ်မျိုးဖြစ်သည်။

အားကစားလိုက်စားခြင်းဖြင့် ကိုယ်ခန္ဓာကျန်းမာသန်စွမ်းလာပြီး သက်လုံကောင်းလာမည်။ ကျွမ်းကျင်မှု၊ နည်းစနစ်၊ စိတ်ဓာတ်နှင့် ဉာဏ်ရည်တို့ကိုအသုံးချပြီး ကိုယ်ရောစိတ်ပါ ကစားလိုစိတ်များ အလိုလိုဖြစ်ပေါ်လာစေသည်။

ထို့ပြင် အားကစားသမားများ၏ အောင်မြင်မှုသည် နိုင်ငံတော်၏ အောင်မြင်မှု၊ နိုင်ငံတော်၏ ဂုဏ်သိက္ခာမြင့်မားမှုပင်ဖြစ်သည်။

**❖ လူ့ဘဝတွင် ကျန်းမာရေးသည် အလွန်အရေးကြီးပြီး ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်ကြောင်း ထင်ရှားလှပါသည်။ ထို့ပြင် လူ့ဘဝသက်တမ်းတွင် ကျန်းမာရေး၏ အရေးကြီးပုံကို ပညာရှင်တို့က သတိပေးခဲ့ကြသည်။ ဆုံးရှုံးပြီးမှ တန်ဖိုးသိသော အရာနှစ်ခုရှိသည်။ ၎င်းတို့မှာ အချိန်နှင့် ကျန်းမာခြင်းဖြစ်သည်ဟု အဆိုရှိသည်။ ကျန်းမာခြင်း၏တန်ဖိုးကို ကျန်းမာရေးချို့တဲ့ပြီး ရောဂါရလာမှသိရှိနားလည်ကြသည်။ ❖**

ဤသို့အားဖြင့် အမျိုးသားအားကစားပွဲတော်မှ နိုင်ငံ့ဂုဏ်ဆောင်မည့် အားကစားသမားများ ပေါ်ထွက်လာနိုင်တော့မည်ဖြစ်သည်။

ထို့အပြင် လူမှုဆက်ဆံရေးနယ်ပယ်တွင် တစ်ယောက်နှင့် တစ်ယောက်တွေ့လျှင် နေကောင်းရဲ့လား၊ ကျန်းမာရဲ့လားဟု ခင်မင်မှု အနု၊ အရင့်အလိုက် နှုတ်ခွန်းဆက်တတ်ကြသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် လူ့ဘဝတွင် ကျန်းမာရေးသည် အလွန်အရေးကြီးပြီး ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်ကြောင်း ထင်ရှားလှပါသည်။

ထို့ပြင် လူ့ဘဝသက်တမ်းတွင် ကျန်းမာရေး၏ အရေးကြီးပုံကို ပညာရှင်တို့က သတိပေးခဲ့ကြသည်။ ဆုံးရှုံးပြီးမှ တန်ဖိုးသိသောအရာနှစ်ခုရှိသည်။ ၎င်းတို့မှာ အချိန်နှင့် ကျန်းမာခြင်းဖြစ်သည်ဟု အဆိုရှိသည်။ ကျန်းမာခြင်း၏ တန်ဖိုးကို ကျန်းမာရေး ချို့တဲ့ပြီး ရောဂါရလာမှ သိရှိနားလည်ကြသည်။ ကျန်းမာနေစဉ် စားချင်ရာ စား၊ သွားချင်ရာ သွား၊ လုပ်ချင်ရာ လုပ်ဖြင့် သတိလက်လွတ် စိတ်တိုင်းကျ ပျော်သလို နေခဲ့ကြသည်။ ခလုတ်ထိမှ အမိတ ဆိုသကဲ့သို့ ရောဂါဖြစ်မှ ကျန်းမာခြင်း၏တန်ဖိုးကို သိရှိနားလည်တတ်ကြသည်။ ထို့ကြောင့် ပါရဂူဘွဲ့ရ ပညာရှင် အကျော်အမော်တစ်ဦးပင်ဖြစ်သော်လည်း ရောဂါသည် တစ်ဦးဖြစ်နေပါက လောကအကျိုး မသယ်ပိုးနိုင်ပါ။ သန်းကြွယ်သူဌေးတစ်ဦးသည်လည်း ရောဂါဝေဒနာကြောင့် အိပ်ရာထက်တွင် လဲနေပါက လောကစည်းစိမ်မခံစားနိုင်ပါ။ ထို့ကြောင့် ကျန်းမာနေသော သူဆင်းရဲဘဝက အနာရောဂါဖိစီးနေသော ရှင်ဘုရင်ဘဝထက် ပို၍ကောင်းမွန်သည်။ လောကအကျိုးသယ်ပိုးနိုင်သည်ဟု ကျန်းမာခြင်း၏တန်ဖိုးကို ဖော်ပြကြသည်။

ထို့ကြောင့် ငယ်ရွယ်စဉ်မှစ၍ ကျန်းမာခြင်း၏ တန်ဖိုးကို သိရှိနားလည်ရန် ပြုစုပျိုးထောင်ပေးသင့်သည်။ သန့်ရှင်းခြင်းသည် ကျန်းမာခြင်း၏ သော့ချက်ဖြစ်သောကြောင့် တစ်ကိုယ်ရေသန့်ရှင်းခြင်း၊ အစားအသောက်သန့်ရှင်းခြင်း၊ အဝတ်အစား သန့်ရှင်းခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းခြင်း စသည့် ကျန်းမာရေးကို အထောက်အကူပြုနိုင်သော သန့်ရှင်းရေး အလေ့အကျင့်ကောင်းများကို တစ်ဦးတစ်ယောက်ချင်းမှစ၍ ပြုစုပျိုးထောင်သင့်ပေသည်။

မိဘက သားသမီးကို၊ ဆရာက တပည့်ကို၊ လူကြီးက လူငယ်ကို ကျန်းမာရေးအသိ၊ ကျန်းမာရေး သတိရှိရန် အစဉ်အမြဲသတိပေးနေသင့်သည်။ တစ်ကိုယ်ရေသန့်ရှင်းရောဂါကင်းဟူသော ဆောင်ပုဒ်ကို လက်ကိုင်ထားသင့်သည်။

ငယ်စဉ်က ကျောင်းများတွင် ကျန်းမာရေးအသိပညာပေးကဗျာလင်္ကာလေးများ ရွတ်ဆိုရသည်ကို အမှတ်ရမိသည်။

“ခြေလက်မျက်နှာဆေးကြောပါ၊ ကျန်းမာသန့်ရှင်းရောဂါကင်း”ဟူသော ကဗျာလင်္ကာလေးများ အပြင်

"အိပ်ရာထလျှင် မျက်နှာသစ်လို့
မညစ်ပတ်အောင် နေပါ့မယ်
မျက်နှာသစ်လျှင် သွားပါတိုက်လို့
ကျန်းမာရေးကို ဂရုစိုက်မယ်
အုန်းဆီလိမ်းကာ ခေါင်းကိုဖြီးလို့
ခြေသည်းလက်သည်း လှီးပါ့မယ်
အင်္ကျီလုံချည် ချေးညှော်ကင်းအောင်
သန့်သန့်ရှင်းရှင်း ဝတ်ပါ့မယ်" ဟူသော

ကဗျာလေးအတိုင်း ငယ်စဉ်အခါကတည်းက ကျန်းမာရေးအသိရှိစေရန် လူကြီးမိဘဆရာသမားတို့က သတိပေးနှိုးဆော်ရပေမည်။ ကလေးသူငယ် အရွယ်ဆိုသည်မှာ အသိနုနယ်ပြီး အတွေးမကြွယ်ကြသေးပါ။ အကြိမ်ကြိမ်အခါခါ သတိပေးနေရမည်ဖြစ်ပြီး မိဘ၊ ဆရာသမားများက ရှေ့ဆောင်လမ်းပြ ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်သည်။ ထို့ကြောင့် ကျန်းမာပျော်ရွှင်နိုင်ရန် ဝတ်စားဆင်ယင်သည့်အခါ ခန္ဓာကိုယ်ကျန်းမာမှုအတွက် ရာသီဥတုနှင့် လိုက်လျောညီညွတ်အောင် အေးသည့်အချိန် နွေးအောင်၊ ပူသည့်အချိန်မှာ ပေါ့ပါးအေးမြအောင် ဝတ်ဆင်သင့်သည်။ လူမှာအဝတ် တောင်းမှာ အကွပ်ဆိုသည့်အတိုင်း ကျန်းမာအောင် ဂရုစိုက်၍ ဝတ်စားဆင်ယင်သင့်ပါသည်။

နံနက်အိပ်ရာမှ ထထခြင်း ရေသောက်သင့်ကြောင်း ဆရာဝန်ကြီးများက ညွှန်ကြားကြသည်။ ရေတစ်လီတာ နှစ်လီတာသောက်နိုင်လျှင် ဝမ်းနုတ်ဆေးစားရန်မလို သူ့အလိုလို ဝမ်းသွားကြောင်း ကျန်းမာရေးအသိပညာပေးသည်ကို ဖတ်ရှုမှတ်သားဖူးသည်။

ကလေးသူငယ်များသည် ချောကလက်၊ ချိုချဉ်၊ အချိုရည်စသည့် သရေစာများကို ခုံခုံမင်မင်ကြိုက်နှစ်သက်တတ်ကြ၊ စားသုံးတတ်ကြသည်။ ကလေးငယ်များ ဖွံ့ဖြိုးကြီးထွားရန် အချိုဓာတ်လိုသော်လည်း သင့်တင့်မျှတစွာ သောက်သုံးမှသာ ကျန်းမာရေးအတွက် အဆင်ပြေပေမည်။ ဥပမာ အချိုရည်များ လွန်ကဲစွာ သောက်သုံးလျှင် ကလေးဆီးချိုရောဂါ၊ သွားပိုးစားခြင်း၊ ဉာဏ်ရည်ထိခိုက်မှုကဲ့သို့သော ကျန်းမာရေးဆိုးကျိုးများ ဖြစ်ပွားနိုင်သောကြောင့် မိဘ၊ ဆရာသမားများအနေဖြင့် ကလေးငယ်များ အချိုစားသုံးမှု သင့်တင့်မျှတစေရန် သတိပြုစောင့်ရှောက်ကြရမည်ဖြစ်သည်။

၂၀၁၉ ခုနှစ် ဇွန်လက ကြေးမုံသတင်းစာတွင် သတင်းတစ်ပုဒ် ဖတ်လိုက်ရသည်။ လန်ဒန်မြို့တော်ရှိ အချို့သော စာသင်ကျောင်းများ ၂၀၂၂ ခုနှစ် မတိုင်မီ သကြားသုံးစွဲမှုမရှိသော စာသင်ကျောင်းများဖြစ်သင့်သည်ဟု လန်ဒန်ပညာရေးဝန်ကြီးဌာနက စဉ်းစားဆွေးနွေးခဲ့ကြကြောင်း သတင်းဖြစ်သည်။ အချို့ကျောင်းများတွင် အချိုရည်သောက်ခြင်းကို ခေတ္တပိတ်ပင်ကြသည်။ အကြောင်းမူ ထိုစဉ်က ကျောင်းသားလေးဦးလျှင် တစ်ဦးသွားပိုးစားနေသောကြောင့် ဖြစ်သည်ဟု သတိပြုဖွယ်ဖတ်ရှုရပါသည်။

မိမိတို့ နိုင်ငံသားများ၏ ကျန်းမာရေးအတွက် ဆောင်ရန်၊ ရှောင်ရန် အချက်များကိုလည်း ရုပ်မြင်သံကြား၊ မီဒီယာများမှ တာဝန်ရှိသူများ၊ သမားတော်ကြီးများက အခါအခွင့်သင့်တိုင်း ပြည်သူများကို ကျန်းမာရေးအသိ၊ ကျန်းမာရေး သတိရှိစေရန် အသိပညာပေးလျက်ရှိပေသည်။ ကျန်းမာစေရန်အတွက် ဆီလျှော့စားသင့်ကြောင်း၊ ဆားလျှော့စားသင့်ကြောင်း၊ အချိုအစိမ့်များ သတိထားစားသင့်ကြောင်း၊ ရောင်စုံသီးနှံများ အမျှင်ပါသောသီးနှံများ၊ ဟင်းသီးဟင်းရွက်များ၊ အော်ဂဲနစ်သီးနှံများကို ရွေးချယ်စားသုံးသင့်ကြောင်း၊ ဆိုးဆေးများပါသော အစားအသောက်များ၊ တာရှည်ခံပြုလုပ်ထားသော အစားအစာများ၊ အချိုမှုန့်များကို ရှောင်သင့်ကြောင်း၊ ကင်ဆာရောဂါ၊ သွေးတိုး၊ ဆီးချို၊ ကျောက်ကပ်ရောဂါဖြစ်စေသော အကြောင်းတရားများကို အသိပညာပေးကြသည်။ ထိုကျန်းမာရေးအသိပညာ၊ ဗဟုသုတများကို မှတ်သား၍ လိုက်နာကျင့်သုံးသင့်သည်။ ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုကောင်းသည်။

သန့်ရှင်းခြင်းသည် ကျန်းမာခြင်း၏အဓိကအချက်ဖြစ်သည်။ အဝတ်အစားသန့်ရှင်းခြင်း၊ အနေအထိုင်သန့်ရှင်းခြင်းအပြင် ပတ်ဝန်းကျင်သန့်ရှင်းမှုလည်းလိုအပ်သည်။ အိမ်တွင်း၊ အိမ်ပြင်ပတ်ဝန်းကျင်တို့၌ အမှိုက်များ၊ ရေပုပ်ရေဆိုးများကင်းရှင်းအောင် ဂရုစိုက်ရမည်။ ပတ်ဝန်းကျင်သန့်ရှင်းမှ ရောဂါကင်းမည်မဟုတ်ပါလား။

ထို့ပြင် ကိုယ်လက်လှုပ်ရှားအားကစားသည်လည်း ကျန်းမာခြင်းကိုဖြစ်စေသည့် ဆေးတစ်မျိုးဖြစ်သည်။ မိမိဝါသနာပါရာ အားကစားတစ်ခုခုကို အချိန်ယူ၍ လုပ်ဆောင်သင့်သည်။ အနည်းဆုံး လမ်းလျှောက်သင့်သည်။ လမ်းလျှောက်ခြင်းသည် အကျိုးကျေးဇူးများ၏။ ကျန်းမာခြင်းကို ဖြစ်စေနိုင်သည်။

အချုပ်အားဖြင့်ဆိုရသော် ကျန်းမာနေလျှင် ဘာမဆို ကြိုးစားလုပ်ကိုင်နိုင်ပေသည်။ ရွှေလိုလျှင် ရွှေ၊ ငွေလိုလျှင် ငွေ၊ အောင်မြင်မှုလိုလျှင် အောင်မြင်မှု၊ ရာထူးလိုလျှင် ရာထူး၊ တရားလိုလျှင် တရားထူး တရားမြတ်ရနိုင်အောင် ကြိုးစားအားထုတ်နိုင်သည်။ မကျန်းမမာဖြစ်နေလျှင် ဘာမျှရနိုင်။ ကာယသုခလည်း မရ၊ စိတ္တသုခလည်း မရ၊ လောကီ လောကုတ္တရာသုခတို့လည်း မရနိုင်ပါ။ ထို့ကြောင့် လူသားတိုင်းကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်ကြောင်း ခံယူထားသင့်ပြီး ကျန်းမာစေမည့် အစားအသောက်၊ အနေအထိုင်၊ အလေ့အကျင့် တို့ကို ပြုစုပျိုးထောင်လေ့ကျင့်လိုက်နာနေထိုင်သင့်ပေသည်။ သို့မှသာ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ပြီး ဂုဏ်ယူဝံ့ကြွားနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

ML

# တနင်္ဂနွေနေ့ညကစားမဲ့ ပွဲစဉ်တွေထဲက ခြေစွမ်းထက်မြက်နေတဲ့ ရီးရဲလ်မက်ဒရစ်အသင်း၊ အတ္တလန္တာအသင်း၊ ဖူလ်ဟမ်အသင်းတို့ကို ရွေးချယ်ရမှာပါ




ဒီတစ်ပတ်တနင်္ဂနွေနေ့ညမှာ ယှဉ်ပြိုင်ကစားမဲ့ဥရောပအမှတ်ပေးပြိုင်ပွဲတွေထဲ အကြိုက်တွေ့ပြီး လေ့လာရွေးချယ်ထားတဲ့အသင်းတွေကတော့ စပိန်လာလီဂါအမှတ်ပေးပြိုင်ပွဲတွေထဲက ရီးရဲလ်မက်ဒရစ်အသင်းနဲ့ ဆီဗီလာအသင်း၊ ပရီးမီးယားလိဂ်အမှတ်ပေးပြိုင်ပွဲတွေထဲက ဖူလ်ဟမ်အသင်းနဲ့ အီတလီစီးရီးအေအမှတ်ပေးပြိုင်ပွဲတွေထဲက အတ္တလန္တာအသင်းတို့ပဲဖြစ်ပါတယ်။ လက်ရှိမှာ ရီးရဲလ်မက်ဒရစ်အသင်းနဲ့အတ္တလန္တာအသင်းတို့မှာ ကြားရက်မှာ ပြိုင်ပွဲအသီးသီးယှဉ်ပြိုင်ကစားခဲ့ကြပြီး အကောင်းဆုံးခြေစွမ်းပြကစားခဲ့ကြကာ နိုင်ပွဲရရှိခဲ့ကြတာကို တွေ့ရပါတယ်။ လက်ရှိဘောလုံးရာသီဝက်ကာလပြီးဆုံးခါနီးအချိန်တွေမှာ သူတို့အသင်းတွေအနေနဲ့ ဥရောပပြိုင်ပွဲအသီးသီးမှာ အကောင်းဆုံးခြေစွမ်းပြကစားနေပြီး အမှတ်ပေးဇယားမှာရပ်တည်နေတဲ့ ပြိုင်ဘက်အသီးသီးကိုလဲ ဖိအားပေးကစားလာနိုင်တာကို တွေ့ရမှာဖြစ်ပါတယ်။ ဒ့ါပြင် ဥရောပအမှတ်ပေးပြိုင်ပွဲအသီးသီးက ကလပ်အသင်းအချို့အနေနဲ့လဲ ရည်မှန်းချက်ကိုယ်စီနဲ့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားလာကြတာကြောင့် ဒီတစ်ပတ်ရဲ့ပွဲစဉ်တချို့အနေနဲ့လဲ ပရိသတ်စိတ်ဝင်စားစရာပွဲစဉ်တွေ ပါဝင်နေတာကို တွေ့ရပါတယ်။

## ရီးရဲလ်မက်ဒရစ်အသင်းကို ရွေးချယ်ရမှာပါ

လက်ရှိစပိန်လာလီဂါအမှတ်ပေးပြိုင်ပွဲမှာ ရီးရဲလ်မက်ဒရစ်အသင်းအနေနဲ့ ပွဲစဉ်(၁၇)ကစားထားပြီးချိန်မှာ ရမှတ် ၃၇ မှတ်နဲ့ အဆင့်(၃)နေရာမှာ ရပ်တည်နေပါတယ်။ သူတို့အသင်းဟာ ပွဲစဉ် ၁၇ ပွဲမှာ ၁၁ ပွဲနိုင်၊ လေးပွဲသရေ၊ နှစ်ပွဲရှုံးနိမ့်ထားပြီး အမှတ်ပေးဇယားအဆင့်(၂)နေရာက အေတီကိုအသင်းနဲ့ အဆင့်(၁)နေရာက ဘာစီလိုနာအသင်းတို့ကို ရမှတ်တစ်မှတ်သာကွာဟပြီး ဖိအားပေးကစားနေတာကို တွေ့ရပါတယ်။ သူတို့အသင်းမှာ ဖီဖာရဲ့ ၂၀၂၄ ခုနှစ် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ရရှိထားတဲ့ ဗင်နီစီးယက်စ်အသင်းအကောင်းဆုံးခြေစွမ်းပြကစားနေသလို အမ်ဘက်ပေ၊ ရိုဒရီဂိုနဲ့ ဘယ်လင်ဟမ်တို့လို ကစားသမားကောင်းတွေ ခြေစွမ်းပြကစားနေပြီး နောက်ဆုံးလေးပွဲမှာ သုံးပွဲနိုင်၊ တစ်ပွဲသရေကျထားတာကို တွေ့ရပါတယ်။ သူတို့အသင်းအနေနဲ့ ပြီးခဲ့ကြားရက်မှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ International Cup ဖလားပြိုင်ပွဲမှာလဲ မက္ကဆီကိုကလပ် ပါချူကာအသင်းကို အမ်ဘက်ပေ၊ ဗင်နီစီးယက်စ်၊ ရိုဒရီဂိုတို့ရဲ့သွင်းဂိုးတွေနဲ့ သုံးဂိုးဂိုးမရှိအနိုင်ရယူထားပြီး ဆုဖလားဆွတ်ခူးထားနိုင်ခဲ့ပါတယ်။ ဒ့ါကြောင့် ရီးရဲလ်မက်ဒရစ်အသင်းဟာ လက်ရှိဘောလုံးရာသီမှာ အကောင်းဆုံးပုံစံမှာရှိနေပြီး အခုအိမ်ကွင်းပွဲစဉ်မှာလဲ ဆီဗီလာအသင်းကို ပွဲချိန်ပြည့်ဖိအားပေးကစားလာနိုင်ပါတယ်။

နည်းပြဂါစီယာ ကိုင်တွယ်နေတဲ့ ဆီဗီလာအသင်းကလဲ အမှတ်ပေးဇယားအဆင့်(၁၁)နေရာမှာ ရမှတ် ၂၂ မှတ်နဲ့ ရပ်တည်နေပါတယ်။ သူတို့အသင်းဟာ လက်ရှိဘောလုံးရာသီ စပိန်လာလီဂါပြိုင်ပွဲမှာ ခြောက်ပွဲနိုင်၊ လေးပွဲသရေနဲ့ ခုနစ်ပွဲထိရှုံးနိမ့်ထားပါတယ်။ ပြီးခဲ့တဲ့အိမ်ကွင်းနောက်ဆုံးပွဲစဉ်မှာ အမှတ်ပေးဇယားအဆင့်(၁၃)နေရာက ဆယ်တာဗီဂိုအသင်းကို တစ်ဂိုးဂိုးမရှိနဲ့အနိုင်ရရှိခဲ့ပြီး ပြိုင်ပွဲစုံနောက်ဆုံးငါးပွဲမှာလဲ တစ်ပွဲသာရှုံးနိမ့်ထားပြီး သုံးပွဲနိုင်၊ တစ်ပွဲသရေကျထားတာကြောင့် သူတို့အသင်းရဲ့ခြေစွမ်းပိုင်းက ထက်မြက်မှုရှိနေတယ်လို့ ဆိုရမှာပါ။ ဒါပေမဲ့ သူတို့အသင်းဟာ လက်ရှိဘောလုံးရာသီအမှတ်ပေးပြိုင်ပွဲမှာ အဝေးကွင်းနိုင်ပွဲတစ်ပွဲသာရှိခဲ့ပြီး လေးပွဲထိရှုံးနိမ့်ထားတာကို တွေ့ရတာကြောင့် အဝေးကွင်းပွဲစဉ်တွေမှာ ရလဒ်ပိုင်းရုန်းကန်နေရတာကို သတိပြုရမှာပါ။ ပြီးခဲ့တဲ့ အေတီကိုအသင်းနဲ့ အဝေးကွင်းပွဲစဉ်မှာလဲ သုံးဂိုးတစ်ဂိုးနဲ့ ဦးဆောင်ထားနိုင်ခဲ့ပေမဲ့ ကာမိုနာတို့လို ခံစစ်ကစားသမားတွေရဲ့စွမ်းဆောင်ရည်ကျဆင်းမှုကြောင့် သွင်းဂိုးတွေခွင့်ပြုခဲ့ရပြီး လေးဂိုး သုံးဂိုးနဲ့ ရှုံးနိမ့်ခဲ့ပါတယ်။ ဒ့ါကြောင့် သူတို့အသင်းရဲ့ လက်ရှိအဝေးကွင်းခြေစွမ်းကျဆင်းနေမှုကြောင့် အဘက်ဘက်က အသာရနေတဲ့ ရီးရဲလ်မက်ဒရစ်အသင်းကို ရွေးချယ်ရမှာပါ။

### ရီးရဲလ်မက်ဒရစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘီလ်ဘာအို | ၂ | - | ၁ | ရီးရဲလ်မက်ဒရစ် |
| ဂျီရိုနာ | ၀ | - | ၃ | ရီးရဲလ်မက်ဒရစ် |
| အတ္တလန္တာ | ၂ | - | ၃ | ရီးရဲလ်မက်ဒရစ် |
| ဗယ်ကာနို | ၃ | - | ၃ | ရီးရဲလ်မက်ဒရစ် |
| ရီးရဲလ်မက်ဒရစ် | ၃ | - | ၀ | ပါချူကာ |

### ဆီဗီလာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဆီဗီလာ | ၁ | - | ၀ | ဗယ်ကာနို |
| ဆီဗီလာ | ၁ | - | ၁ | အိုဆာဆူနာ |
| အိုလေ့ | ၁ | - | ၃ | ဆီဗီလာ |
| အေတီကို | ၄ | - | ၃ | ဆီဗီလာ |
| ဆီဗီလာ | ၁ | - | ၀ | ဆယ်တာဗီဂို |

## အတ္တလန္တာအသင်းပဲ ရလဒ်ကောင်းသွားမှာပါ

နောက်ထပ်အကြိုက်တွေ့မိတဲ့အမှတ်ပေးပွဲစဉ်ကတော့ အတ္တလန္တာအသင်းနဲ့ အမ်ပိုလီအသင်းတို့ရဲ့ ပွဲစဉ်ပဲဖြစ်ပါတယ်။ အတ္တလန္တာအသင်းဟာ လက်ရှိဘောလုံးရာသီအစပိုင်းမှာ ရလဒ်ပိုင်းရုန်းကန်နေရတယ်ဆိုပေမဲ့ နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းနဲ့ ကစားသမားစွမ်းဆောင်ရည်အကောင်းဆုံးပုံစံမှာရှိနေတာကို တွေ့ရပါတယ်။ သူတို့အသင်းအနေနဲ့ အီတလီစီးရီးအေအမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၆)ယှဉ်ပြိုင်ကစားထားပြီးချိန်မှာ ရမှတ် ၃၇မှတ်နဲ့ အမှတ်ပေးဇယားထိပ်ဆုံးမှာ ရပ်တည်နေပါတယ်။ သူတို့အသင်းဟာ လက်ရှိဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲမှာ ၁၂ ပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲသာ ရှုံးနိမ့်ထားပြီးအကောင်းဆုံးစွမ်းဆောင်ထားနိုင်သလို ချန်ပီယံလိဂ်နဲ့ ကိုပါအီတာလီယာလို ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပြိုင်ပွဲတွေမှာလဲ နိုင်ပွဲတွေဆက်လက်စွမ်းဆောင်ထားနိုင်တာကို တွေ့ရပါတယ်။ ပြိုင်ပွဲစုံနောက်ဆုံး ၁၆ ပွဲမှာ တစ်ပွဲသာရှုံးနိမ့်ထားပြီး တိုက်စစ်ပိုင်းကလဲ ထက်မြက်မှုရှိနေတာကြောင့် အမ်ပိုလီအသင်းအနေနဲ့အခုပွဲစဉ်မှာ ရလဒ်ပိုင်ကောင်းမွန်ဖို့ ရုန်းကန်ကစားလာရနိုင်ပါတယ်။

လက်ရှိဘောလုံးရာသီမှာ စီးရီးအေကို တန်းတက်လာတဲ့ အမ်ပိုလီအသင်းကတော့ အမှတ်ပေးဇယားအဆင့်(၁၀)နေရာမှာ ရပ်တည်နေကာ ပွဲစဉ်(၁၆)ပွဲကစားထားပြီးချိန်မှာ လေးပွဲနိုင်၊ ခုနစ်ပွဲသရေ၊ ငါးပွဲထိရှုံးနိမ့်ထားပါတယ်။ သူတို့အသင်းရဲ့ ဒီရာသီခြေစွမ်းပိုင်းကတော့ တည်ငြိမ်မှုမရှိဘဲ စီးရီးအေအမှတ်ပေးနောက်ဆုံးငါးပွဲမှာ တစ်ပွဲသာအနိုင်ရရှိခဲ့ပါတယ်။ အမ်ပိုလီအသင်းဟာ ပြီးခဲ့တဲ့အိမ်ကွင်းပွဲစဉ်မှာလည်း တိုရီနိုအသင်းကို တစ်ဂိုး ဂိုးမရှိနဲ့ရှုံးနိမ့်ထားတာကြောင့် အခုလို တိုက်စစ်ပိုင်းထက်မြက်နေတဲ့ အတ္တလန္တာအသင်းကို ထိန်းချုပ်ကစားနိုင်ဖို့ ခက်ခဲဦးမှာပါ။ ဒ့ါပြင် သူတို့နှစ်သင်းရဲ့နောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်စလုံးမှာလည်း အတ္တလန္တာအသင်းပဲအနိုင်ရရှိခဲ့တာကြောင့် အခုပွဲစဉ်မှာ အတ္တလန္တာအသင်း ရလဒ်ကောင်းသွားမှာပါ။

### အတ္တလန္တာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ရိုးမား | ၀ | - | ၂ | အတ္တလန္တာ |
| အတ္တလန္တာ | ၂ | - | ၁ | အေစီမီလန် |
| အတ္တလန္တာ | ၂ | - | ၃ | ရီးရဲလ်မက်ဒရစ် |
| ကယ်ဂလီယာရီ | ၀ | - | ၁ | အတ္တလန္တာ |
| အတ္တလန္တာ | ၆ | - | ၁ | ဆီစီနာ |

### အမ်ပိုလီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အမ်ပိုလီ | ၁ | - | ၁ | အူဒီးနီးစ် |
| အေစီမီလန် | ၃ | - | ၀ | အမ်ပိုလီ |
| ဖီအိုရင်တီးနား | ၂ | - | ၂ | အမ်ပိုလီ |
| ဗီရိုနာ | ၁ | - | ၄ | အမ်ပိုလီ |
| အမ်ပိုလီ | ၀ | - | ၁ | တိုရီနို |

## ဖူလ်ဟမ်အသင်းကို အားပေးရမှာပါ

ဒီတစ်ပတ်ဥရောပပြိုင်ပွဲ ပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဖူလ်ဟမ်အသင်းနဲ့ ဆောက်သမ်တန်အသင်းတို့ရဲ့ ပရီးမီးယားလိဂ်ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ ပွဲစဉ်(၁၇)အဖြစ်ကစားကြမှာဖြစ်ပြီး ဖူလ်ဟမ်အသင်းဟာ ခြောက်ပွဲနိုင်၊ ခြောက်ပွဲသရေနဲ့ လေးပွဲရှုံးနိမ့်ထားပြီး ရမှတ် ၂၄ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၈)နေရာမှာ ရပ်တည်နေပါတယ်။ ဆောက်သမ်တန်အသင်းကတော့ တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ ၁၃ပွဲထိ ရှုံးနိမ့်ထားပြီး အမှတ်ပေးဇယားအောက်ဆုံးနေရာမှာ ရပ်တည်နေတာကြောင့် ဒီနှစ်သင်းရဲ့လက်ရှိခြေစွမ်းပိုင်းမှာ ဖူလ်ဟမ်အသင်းက အဘက်ဘက်က အသာစီးရယူကစားနိုင်စွမ်းရှိတာကို တွေ့ရပါတယ်။ ဖူလ်ဟမ်အသင်းဟာ ပရီးမီးယားလိဂ်နောက်ဆုံးခုနစ်ပွဲမှာ တစ်ပွဲသာရှုံးနိမ့်ထားပြီး လက်ရှိခြေစွမ်းပိုင်းကောင်းမွန်နေတာကို တွေ့ရပါတယ်။ အဲဒီခုနစ်ပွဲမှာ စပါးအသင်းကို အဝေးကွင်းမှာ တစ်ဂိုးစီသရေ၊ အာဆင်နယ်အသင်းကို အိမ်ကွင်းမှာ တစ်ဂိုးစီသရေကစားထားနိုင်တာကြောင့် ဒီရာသီသူတို့အသင်းရဲ့ အသင်းလိုက်စွမ်းဆောင်ရည်အကောင်းဆုံးပုံစံမှာရှိနေတာကို သတိပြုရမှာပါ။

ဆောက်သမ်တန်အသင်းကတော့ လက်ရှိဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲမှာ ဝုဗ်အသင်းပြီးရင် ခံစစ်ပိုင်းအဆိုးရွားဆုံး ဒုတိယအသင်းအဖြစ်ရပ်တည်နေတာကို တွေ့ရပါတယ်။ ဒ့ါပြင် သူတို့အသင်းဟာ အမှတ်ပေးပြိုင်ပွဲ ၁၆ ပွဲကစားထားပြီးချိန်မှာ အိမ်ကွင်းနိုင်ပွဲတစ်ပွဲသာရှိခဲ့ပြီး အသင်းလိုက်စွမ်းဆောင်ရည်ကလဲ ကျဆင်းနေပါတယ်။ သူတို့အသင်းဟာ အဝေးကွင်းပွဲစဉ်မှာလဲ ၁၃ ပွဲထိ ရှုံးနိမ့်ထားပြီး တစ်ပွဲသရေကျထားကာ နိုင်ပွဲမရှိသေးတာတွေ့ရပါတယ်။ သူတို့နှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်မှာ နှစ်ကြိမ်စီအနိုင်ရထားပြီး တစ်ပွဲသာသရေကျထားပေမဲ့ လက်ရှိဘောလုံးရာသီမှာ ဖူလ်ဟမ်အသင်းရဲ့ အိမ်ကွင်းစွမ်းဆောင်ရည်ကောင်းမွန်မှုကြောင့် ဆောက်သမ်တန်အသင်း ဖိအားပေးကစားနိုင်ဖို့ ခက်ခဲပါလိမ့်မယ်။ ဒါကြောင့် အိမ်ကွင်းမှာ နိုင်ပွဲရယူလာမဲ့ ဖူလ်ဟမ်အသင်းကို အားပေးရမှာပါ။

### ဖူလ်ဟမ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ပဲလေ့စ် | ၀ | - | ၂ | ဖူလ်ဟမ် |
| ဖူလ်ဟမ် | ၁ | - | ၄ | ဝုဗ် |
| စပါး | ၁ | - | ၁ | ဖူလ်ဟမ် |
| ဖူလ်ဟမ် | ၃ | - | ၁ | ဘရိုက်တန် |
| ဖူလ်ဟမ် | ၁ | - | ၁ | အာဆင်နယ် |

### ဆောက်သမ်တန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘရိုက်တန် | ၁ | - | ၁ | ဆောက်သမ်တန် |
| ဆောက်သမ်တန် | ၁ | - | ၅ | ချဲလ်ဆီး |
| အေဗီလာ | ၁ | - | ၀ | ဆောက်သမ်တန် |
| ဆောက်သမ်တန် | ၀ | - | ၅ | စပါး |
| ဆောက်သမ်တန် | ၁ | - | ၂ | လီဗာပူး |

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၅၄၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ယင်းမာပင် ဒီဇင်ဘာ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ငရုတ် ၁၅၄၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ငရုတ် ၁၅၈၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ယင်းမာပင်မြို့နယ်တွင် ၁၃၅၈ ဧက၊ ပုလဲမြို့နယ်တွင် ၁၈၆ ဧက စုစုပေါင်း ၁၅၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ငရုတ် ၁၅၈၅ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၅၄၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်နေပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၁၃၃၁ ဧက၊ ကနီမြို့နယ်တွင် ၂၂၉ ဧကနှင့် ပုလဲမြို့နယ်တွင် ၂၅ ဧက စုစုပေါင်း ၁၅၈၅ ဧက ဖြစ်ကြောင်း သိရသည်။

ငရုတ်စိုက်တောင်သူများအနေဖြင့် ငရုတ်အထွက်နှုန်းကောင်းမွန်စေရန်၊ မြေဆီလွှာအာဟာရ ဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာပေးခြင်းတို့ကို သက်ဆိုင်ရာ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ငရုတ်စိုက်ပျိုးရာတွင် တစ်ဧကလျှင် ငွေကျပ် ၁၅ သိန်းခန့် ကုန်ကျကြောင်း၊ ငရုတ်အထွက်နှုန်းမှာ တစ်ဧကလျှင် ပိဿာချိန် ၁၀၀ ခန့် ထွက်ရှိကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ကြို့ပင်ကောက်မြို့နယ် မင်းအိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

ကြို့ပင်ကောက် ဒီဇင်ဘာ ၂၀

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းအိုကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မိသားစုစားဝတ်နေရေး အခက်အခဲများလျော့နည်းစေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မင်းအိုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၁ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၂ ဦး၊ အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူတစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၄ ဦးကို ရန်ပုံငွေကျပ် ၄၈၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

သန်းလွင်(မကွေး)

# မိုင်းတုံမြို့နယ် အောင်ချမ်းသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

မိုင်းတုံ ဒီဇင်ဘာ ၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံခရိုင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အောင်ချမ်းသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ အဆိုပါကျေးရွာ၌ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်၊ မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အောင်ချမ်းသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့်ငွေစာရင်းဇယားများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးပြီး ခရိုင်ဦးစီးမှူးက တစ်နိုင်တစ်ပိုင်မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့လုပ်ကိုင်ကြရန် ဆွေးနွေးမှာကြားသည်။

အောင်ချမ်းသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသား၊ အသင်းသူ ၄၂ ဦးကို ငွေကျပ် ၄၂၅ သိန်းထိ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်နေကြောင်း မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မောင်ခိုင်

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ဖူးစားပြောင်း ၂၂၆၇ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

ပွင့်ဖြူ ဒီဇင်ဘာ ၂၀

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ဖူးစားပြောင်း ၂၂၆၇ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၃၁၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ ဖူးစားပြောင်းများကို အောက်တိုဘာလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ဖူးစားပြောင်း ၂၂၆၇ ဧက ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ဖူးစားပြောင်း ၂၃၁၆ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဖူးစားပြောင်း စိုက်ခင်းတွေကို အောက်တိုဘာလ ပထမပတ်က စပြီး ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ဖူးစားပြောင်း ၂၂၆၇ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဖူးစားပြောင်း တစ်ဧကကို ပြောင်းဖူးရေ ၁၄၃၂၀ ထွက်ရှိပါတယ်။ ဖူးစားပြောင်း စိုက်ခင်းတွေ ရိတ်သိမ်းရာမှာ အထွက်နှုန်း ကောင်းမွန်စေဖို့၊ အရည်အသွေး ကောင်းမွန်စေဖို့၊ ရိတ်သိမ်းပြီး ဖူးစားပြောင်းတွေကို အချိန်မီ အမိုးအကာအောက် ရောက်ရှိစေဖို့ နည်းပညာတွေကို ကူညီဆောင်ရွက်ပေးပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။



ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအနေဖြင့် သီးနှံဝင်ငွေတိုးပွားစေရေးအတွက် ဖူးစားပြောင်းစိုက်ပျိုးရာတွင် သီးနှံအထွက်နှုန်း ကောင်းမွန်စေရေး စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့် ဖူးစားပြောင်းများကို ရွေးချယ်စိုက်ပျိုးကြကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# မြို့သစ်မြို့နယ် ငါးလုံးဖိုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

မြို့သစ် ဒီဇင်ဘာ ၂၀

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငါးလုံးဖိုကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သူဇာလွင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့်အတူ ငါးလုံးဖိုကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ငါးလုံးဖိုကျေးရွာ၌ အရှည်ပေ ၆၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၅ သိန်း စုစုပေါင်း ငွေကျပ် ၁၆၅ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်စက်တင်ဘာလ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကျော်ဦး










## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၈)ရပ်ကွက်၊ ကွင်း/အကွက်အမှတ် ၂၃၃(က)၊ ဦးပိုင်အမှတ်(၃၇၀/၃၇၁)ရှိ မြေကွက်ပေါ်တွင် ဒေါ်ဖြူဖြူမိုး(၉/မခန(နိုင်)၁၄၂၂၈၅) ကိုင်ဆောင်သူမှ အလျား ၂၀၀'-၀''၊ အမြင့် ၅'-၆'' အုတ်ဝန်းခြံကာရံခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအုတ်ဝန်းခြံကာရံခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

အမှတ်(၇၄)၊ စစ်ရုံးလမ်းသွယ်၊ ဘဲကုန်း(မြောက်)၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနေ ဦးအောင်သူဝင်းမှ **(1)Enjoy Life (2)Blue Sea (3)Cool Ice (4)Pure Bliss** အမည် (၄)မျိုးအနက်မှ သင့်လျော်သော အမည်အမှတ်တံဆိပ်တစ်ခုဖြင့် သောက်ရေသန့်ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝှမ်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြေညာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဦးအောင်သူဝင်းထံသို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်ထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးအောင်သူဝင်း(၄/ပလဝ(နိုင်)၀၃၃၄၄၀)
အမှတ်(၇၄)၊ စစ်ရုံးလမ်းသွယ်၊ ဘဲကုန်း(မြောက်)၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်၊
မန္တလေးတိုင်းဒေသကြီး။ ၀၉၄၅၀၄၅၄၈၅၅

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၈)ရပ်ကွက်၊ ကွင်း/အကွက်အမှတ် ၂၃၃(က)၊ ဦးပိုင်အမှတ်(၂၅၄)ရှိ မြေကွက်ပေါ်တွင် ဦးချစ်သိန်း၊ ဒေါ်မြင့်မြင့်သန်း(၉/မခန(နိုင်)၀၁၈၂၃၉) ကိုင်ဆောင်သူမှ အလျား ၂၀'-၀''၊ အနံ ၃၀'-၀'' RC (၁)ထပ်နှင့် အလျား ၂၀၀'-၀''၊ အမြင့် ၅'-၆'' အုတ်ဝန်းခြံကာရံခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဝန်းခြံဆောက်လုပ်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့


သင့်ဘဝအတွက် ကြီးမားတိုးတက်အောင်မြင်မှုများ၏ အဓိကသော့ချက်ကို သိလိုပါသလား...?

လက္ခဏာဆရာမ
ဒေါ်အေးမြစံ (Ph.D)
နှင့် တွေ့ဆုံဆွေးနွေးကြည့်ပါ။ အကျိုးထူးစေရမည်။

လမ်း ၆၀၊ ၁၉လမ်း x ၂၂လမ်းကြားရေစက်ကန်မြောက်ဘက်အောင်စစ်သည်ရပ်၊ နန်းရှေ့၊ မန္တလေးမြို့၊ 09 79 20 50 248 ( Online မှလည်း မေးမြန်းနိုင်ပါသည် )


## ဖခင်အမည်မှန်

စစ်ကိုင်းမြို့၊ နန်းဦးမြို့သစ်ရပ်ကွက်၊ တောင်ရိုးလမ်းနေ မနန်းအိလင်းလက်ဖြိုး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးသန်းထွန်းဝင်း ဖြစ်ပါကြောင်း။

ဦးသန်းထွန်းဝင်း(၉/မတရ(နိုင်)၁၈၇၄၉၇)

## ပျောက်ဆုံးကြောင်း

ချမ်းအေးသာစံမြို့နယ်၊ ၇၉ လမ်း၊ ၃၂ x ၃၃ ကြား မဇင်မာထွန်း (ဘ) ဦးသိန်းသန်းစိုး (၅/မရန(နိုင်)၂၄၉၀၂၆) နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၈၈၂၂၆၆၃၆၀

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၃၄၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm
Website Address - http://www.accm.gov.mm

❖ **ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရက ဦးဆောင်ရမည်မှန်ပေသော်လည်း ပြည်သူလူထုတစ်ရပ်လုံး၏ "စုပေါင်းအား" ဖြင့် ဆောင်ရွက်မှသာ ဖွံ့ဖြိုးတိုးတက်မှုသည် ရေရှည်အားကောင်းမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် ပြုလုပ်သော ၂၀၂၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေးဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E. Mr. CHENG Manith က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော

စာမျက်နှာ ၂၁ ကော်လံ ၁ ☆

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော

စာမျက်နှာ ၂၁ ကော်လံ ၁ ❑



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Bounphieng CHAN-THAVONG က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။